# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily






၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၄ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၅)၊ အမှတ် (၁၈၇)


**ရုပ်ရှင်အနုပညာရဲ့ အောင်မြင်မှုဟာ စုပေါင်းအားထုတ်မှု၊ ညီညွတ်မှုနဲ့ ကိုယ်ကျရာတာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်မှုတို့ရဲ့ ရလဒ်ပဲဖြစ်**

### ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲသို့ ပေးပို့သောဒေါ်အောင်ဆန်းစုကြည်၏သဝဏ်လွှာ

၂၀၁၆ ခုနှစ်၊ ဧပြီလ ၃ ရက်

ဧပြီလ ၃ ရက်နေ့မှာပြုလုပ်မယ့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို လူကိုယ်တိုင်မလာရောက်နိုင်တဲ့အတွက် ဦးစွာတောင်းပန်ချင်ပါတယ်။ အခမ်းအနားကိုတက်ရောက်လာကြတဲ့ မြန်မာ့ရုပ်ရှင်လောကရဲ့ အနုပညာရှင်၊ အတတ်ပညာရှင်တွေ၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြိုးပမ်းကြသူတွေအားလုံးကို ဒီသဝဏ်လွှာနဲ့ပဲ နှုတ်ဆက်လိုက်ပါရစေ။

*စာမျက်နှာ ၃ ကော်လံ ၅* ✻




၂၀၁၄၊ ၂၀၁၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ၂၀၁၄၊ ၂၀၁၅ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၈ ဆု ချီးမြှင့်နိုင်ခဲ့



**ရန်ကုန် ဧပြီ ၃**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ကျင်းပသည်။

၂၀၁၄ ခုနှစ်တွင် မြန်မာရုပ်ရှင်ဇာတ်ကားစုစုပေါင်း ၁၇ ကား ရုံတင်ပြသနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ကား စုစုပေါင်း ၁၃ ကား ရုံတင်ပြသနိုင်ခဲ့သည်။ နှစ်နှစ်အတွင်း ရုံတင်ပြသနိုင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားစုစုပေါင်း ၃၀ မှ အကောင်းဆုံးဇာတ်ကားများအားရွေးချယ်၍ ယခုကဲ့သို့ ရုပ်ရှင်ထူးချွန်ဆုများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဆုချီးမြှင့်ပွဲမစတင်မီ ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များကဖျော်ဖြေခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရ ဦးတင်ဦးနှင့် စည်သူဗိုလ်ကလေးတင့်အောင်တို့က အခမ်းအနားအား ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❒

၂၀၁၄၊ ၂၀၁၅ ခုနှစ်အတွက် အကယ်ဒမီဆုရ သရုပ်ဆောင် ပြေတီဦးနှင့် ဖွေးဖွေး

၂၀၁၄ ခုနှစ်အတွက် ကောင်းကျိုးကိုယ်၌တည်စေမင်း ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရ ခိုင်သင်းကြည်






မြန်မာ့အလင်း

# အနုပညာမှော်စွမ်းအားဖြင့် . . .

ဂုဏ်ယူဝမ်းမြောက်မှုနှင့် ကြည်နူးပျော်ရွှင်မှုတို့ အခေါင်အထွတ်သို့ ထိုးတက်ရောက်ရှိသွားသည့်အချိန်၊ ကော်ဇောနီပေါ် လျှောက်လှမ်းခွင့်ရခဲ့ကြသူတို့၏ ခြေလှမ်းများက ခွန်အားအပြည့်နှင့် သွက်လက်လှသည်။ မြန်မာ့ရုပ်ရှင်အနုပညာလောက၏ အကြီးမြင့်ဆုံးသော ဂုဏ်ဒြပ်တစ်ခုဖြစ်သည့် အကယ်ဒမီဆုများကို ဆွတ်ခူးနိုင်ခဲ့ကြသူ ရုပ်ရှင်လောကမှ ထူးချွန်အနုပညာရှင်များနှင့် ထူးချွန်အတတ်ပညာရှင်များသာလျှင် ဤကော်ဇောနီပေါ်မှာ အဓိပ္ပာယ်ရှိစွာ လျှောက်လှမ်းနိုင်ခဲ့ကြခြင်းဖြစ်သည်။

ရုပ်ရှင်သည် အနုပညာများစွာအနက် လူထုကြားကို အထိုးဖောက်နိုင်ဆုံးနှင့် လူအများအပေါ် သြဇာသက်ရောက်မှု အရှိဆုံးဟု ဆိုနိုင်ကြောင်း၊ ရုပ်ရှင်အနုပညာ၏ အောင်မြင်မှုသည် စုပေါင်းအားထုတ်မှု၊ ညီညွတ်မှုနှင့် ကိုယ်ကျရာတာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်မှုတို့၏ ရလဒ်ပင်ဖြစ်ကြောင်း ယမန်နေ့ညချမ်းအချိန်က ကျင်းပသည့် ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲသို့ ပေးပို့သောသဝဏ်လွှာတွင် ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းဂုဏ်ပြုပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဒုတိယမြောက်နှစ်အဖြစ် တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်ရာ ယခုနှစ်၏ထူးခြားချက်မှာ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို တစ်ပေါင်းတည်းပေးအပ်ခြင်းဖြစ်သည်။ ဤသို့ ပေးအပ်နိုင်ခြင်းဖြင့် လာမည့်နှစ်များတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ယခင်ကကဲ့သို့ တစ်နှစ်ခြားပြီးမှ ပေးအပ်နိုင်ခြင်းမျိုး မဟုတ်တော့ဘဲ တစ်နှစ်တာကုန်ဆုံးပြီးသည်နှင့် ပေးအပ်ချီးမြှင့်နိုင်မည့်အနေအထားသို့ ရောက်ရှိလာမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်သမိုင်းသည် ၁၉၂၀ ပြည့်နှစ်က စတင်ခဲ့ခြင်းဖြစ်ရာ မျက်မှောက်ကာလသည် မြန်မာ့ရုပ်ရှင် ရာပြည့်အကြိုကာလသို့ ရောက်ရှိလာချိန်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ၄င်းဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတစ်လျှောက်တွင် အောင်မြင်မှုများ၊ အခက်အခဲများနှင့် စိန်ခေါ်မှုများစွာတို့ကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည့် အတွေ့အကြုံများစွာ ရှိခဲ့သည်။ ငွေကြေးအရင်းအနှီးနှင့် နည်းပညာအားနည်းမှုတို့အပြင် မူဝါဒအရတင်းကျပ်မှုများနှင့် ရင်ဆိုင်ခဲ့ကြရသည့်တိုင် အနုပညာရှင်တို့၏ အနုပညာစွမ်းအား၊ အတတ်ပညာစွမ်းအားတို့ကို အရင်းပြုကာ ရုပ်ရှင်လောက ဆက်လက်ရှင်သန်ရေးအတွက် အားထုတ်လုံ့လ ပြုခဲ့ကြသည်။

ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ပေးပွဲသည် ယခင်ကျင်းပခဲ့သည့်ပွဲများထက် ပိုမို၍ သွက်လက်စနစ်ကျလာသည်ကို မျက်မြင်တွေ့ရှိကြရသည်။ ဤသည်မှာ အတွေ့အကြုံများမှ သင်ယူတတ်ခြင်းနှင့် စုပေါင်းဆောင်ရွက်ခြင်းတို့၏ ရလဒ်ဟု ဆိုရမည်ဖြစ်သည်။ ကြီးကျယ်ခမ်းနားသည့် ယခုပွဲကို ငါးရက်တာမျှသောကာလအတွင်း စီစဉ်ကာ ဖြစ်မြောက်အောင် ကျင်းပခဲ့ရခြင်းဖြစ်ကြောင်း ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌက ပြောကြားခဲ့ရာ မိမိတို့ကျရာကဏ္ဍမှ တာဝန်အသီးသီးကို ကျေပွန်စွာဆောင်ရွက်ခြင်းနှင့် ဟန်ချက်ညီစွာ စုပေါင်းဆောင်ရွက်ခြင်းတို့၏ သာဓကဟု ဆိုနိုင်သည်။

ရုပ်ရှင်အနုပညာရှင်များသည် ပရိသတ်ပြည်သူတို့၏ မေတ္တာကို အနုပညာအစွမ်းဖြင့် ရယူထားသူများ ဖြစ်ကြသည်။ သူတို့၏ အနုပညာမှော်စွမ်းအားဖြင့် ပရိသတ်တို့၏ နှလုံးသားကို ထိုးဖောက်သိမ်းပိုက်နိုင်စွမ်းရှိသူများလည်း ဖြစ်ကြသည်။ တစ်နည်းအားဖြင့် လူအများအပေါ် သြဇာသက်ရောက်မှုအရှိဆုံးသူများ ဖြစ်ကြသည်။ အမိမြန်မာနိုင်ငံတော်တွင် လောကပါလတရားများ ထွန်းကားရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးတို့တွင် မိမိတို့၏ အနုပညာ၊ အတတ်ပညာစွမ်းအားတို့ဖြင့် တစ်တပ်တစ်အား ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။



## ပါဠိပထမပြန် စာမေးပွဲကျင်းပ

**နေပြည်တော်　မေ　၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ ဖြေဆိုကြရာ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၅၃၁၄၆ ပါးအနက် ၄၁၂၆၆ ပါးဖြေဆိုကြသဖြင့် ၇၇ ဒသမ ၆၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

### အများအားဖြင့်သာယာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

## လက်ပံတန်းဆေးရုံကြီး လိုအပ်ချက်များပြုပြင်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

**လက်ပံတန်း　မေ　၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီး၌ လူနာခုတင်အချို့ သံပြားများ ပေါက်ပြဲနေပြီး အခင်းမရှိသည့်အတွက် လူနာများအနာတရဖြစ်မည် စိုးရိမ်နေရပါသည်။

မကြာသေးမီက ဆောက်လုပ်ပေးထားသည့် အိမ်သာမှာလည်း တံခါးများ ပိတ်မရဘဲရှိပြီး ရေချိုးရန်အတွက် ယခင်ကကဲ့သို့ ရေကန်များ မရှိဘဲ ကျောက်တိုင်ကီအဟောင်း နှစ်ခုနှင့်သာ အသုံးပြုနေရပါသည်။ လူနာများ သောက်ရေသန့်ရှင်းစွာ သောက်သုံးနိုင်ရန်အတွက် ရေသန့်စက်ကို စေတနာရှင်များက လှူဒါန်းပေးထားသော်လည်း ယခုအခါ ပျက်နေသည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်ကာ ပြုပြင်ပေးခြင်း မရှိသဖြင့် ပြန်လည်ပြုပြင်ပေးစေလိုပါသည်။

ဆေးရုံကြီးအား အရေးပေါ် လူနာများ သယ်ယူပို့ဆောင်နေသည့် အရေးပေါ်ယာဉ်များမှာလည်း စက်ဘီး၊ ဆိုင်ကယ်များ စနစ်တကျ ထားရှိမှု မရှိသောကြောင့် လမ်းများ ပိတ်ဆို့နေကာ အရေးပေါ် မော်တော်ယာဉ်များလည်း ခက်ခဲစွာ ဝင်ထွက်နေရသဖြင့် ယခင်ကကဲ့သို့ စနစ်တကျ ဖြစ်စေလိုလျက်ရှိကြောင်း ထင်သာမြင်သာ ပြုပြင်ပေးနိုင်ရန် တင်ပြလိုက်ရပါသည်။

**အောင်ဆင့်(လက်ပံတန်း)**

## ဧရာဝတီမြစ်ရေ လက်ရှိရေမှတ်များထက် မြင့်တက်နိုင်

**နေပြည်တော်　မေ　၃**

မေ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် သုံးရက်အတွင်း ငါးပေခွဲခန့်၊ ဗန်းမော်မြို့တွင် နှစ်ရက်အတွင်း သုံးပေခွဲခန့်နှင့် ကသာမြို့တွင် တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းခဲ့ပြီး ဖြစ်သည်။ ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် မန္တလေးမြို့တွင် တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေမှသုံးပေခွဲခန့်၊ နောက်သုံးရက်မှ ကိုးရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်မှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေ ရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း　၃-၅-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၇၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၃၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၁၀၀၀/၉၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၀၀၀၀/၁၀၂၀၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၀.၃၁ |
| ထိုင်း | တစ်ဘတ် | ၃၄.၅၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၂ |
| တရုတ် | တစ်ယွမ် | ၁၈၈.၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၅၇ |

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# နှစ်သစ်မှာတွေ့ရမယ့် ပြည်သူ့အစိုးရသစ်

သင့်နော်

ဒီလဆန်းမှာ ကျွန်တော်တို့ အိပ်မက်အသစ်တစ်ခု စမက်ခွင့်ရပြီ။ ဒီအိပ်မက်ကလေး မက်ရဖို့အရေး "အသက်သွေးချွေး စဉ်မနှေးပေးဆပ်သည်မှာ ပြည်သူပါ" ပေါ့ခင်ဗျာ။ နည်းတဲ့ နှစ်ကာလတွေလား။ လုံးဝ(လုံးဝ) သက်သာရာ တစ်စက်ကလေးမှမရခဲ့တဲ့ နှစ်ကာလပေါင်း မြောက်မြားစွာ။ လောကငရဲထဲ အကွဲကွဲအပြဲပြဲ၊ အလဲလဲအပြိုပြို ဘာကိုမှ ဆောက်တည်ရာမရ။ သေကြကျေကြ ပြုတ်ပြုတ်ပြုန်းကြ၊ လူ့ဒုက္ခိတဘဝတွေ၊ ပရမ်းပတာနဲ့ နစ်တုံပေါ်တုံ တမှုန်မွှားမွှား ထားရာမှာနေစေရာသွား။

၁၉၆၂ ခုနှစ်က စလိုက်တဲ့ဇာတ်လမ်း။ အခုမှ ပြည်ဖုံးကား ချရတော့တာပါပဲလေ။ "မျှော်မျှော်သူ မောရရှာတယ်"တို့၊ "ရွှေပြည်တော်မျှော်တိုင်းဝေး"တို့"ကြွေကြွေကာ နွမ်းလေပြီကွယ်"တို့ဆိုတဲ့ ဇာတ်ထုပ်ပေါင်းမြောက်မြားစွာကို တစ်နိုင်ငံလုံးက မိဘပြည်သူတွေ (ဆောရီးနော်)နိုင်ငံသူ နိုင်ငံသားတွေ၊ စုတ်ပြတ်သတ်ကွဲပြဲကြေမွ အသက်ထွက်မတတ် ကပြလာခဲ့ကြရတာ ကိန်းဂဏန်းနဲ့တွက်စစ်ရင် ၅၄ နှစ်တာ ကာလတိုင် ရှည်ခဲ့ကြာခဲ့၊ မောခဲ့ပန်းခဲ့၊ သွေးပျက်၊ သွေးထွက်၊ အရိုးအက်လုလုနဲ့ ခြေကုန်လက်ပန်းကျခဲ့ကြတာဟာ လူရုပ်မပေါ်တော့ပါဘူးလေ။

ဒါတင်ပဲလား ဒါပဲလားဆိုတော့. . . ဘယ်ဟုတ်ပါ့မတုန်းဗျာ။ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်ပြီးရင်းငယ်၊ နိုင်ငံတကာမှာ လူရာမဝင်ပြီးရင်းမဝင်၊ ဦးနှောက်တွေယိုစီးမဆုံး၊ 3D လုပ်သား ရွှေ့ပြောင်းလုပ်သားတွေအဖြစ် ကမ္ဘာအနှံ့ပြန့်ကျဲ။ ဘယ်ကိစ္စမဆို အဆိုးသမျှ ထိပ်ခေါင်၊ အကောင်းမှန်သမျှ လွှဲရှောင်နေကြရတဲ့ဘဝ။ အစစအရာရာ လူလုံးမပြရဲလောက်အောင် နုံချာခဲ့တဲ့ဘဝ။ အစွမ်းအစဆွံ့အ၊ လူတောမတိုးရဲ၊ ဘက်ပေါင်းစုံ တွင်းဆုံးကျ။ နေရာတကာသိမ်ငယ်။ ယူနီဖောင်းမြင်ရင် သွေးပျက်။ ဘောင်းဘီဝတ်တွေ့ရင် ကြောက်လန့်၊ အလကားနေရင်း ကိုယ့်အရိပ်ကိုယ် လန့်နေကြရ။

ဘယ့်နှယ့်လဲ၊ အဲသည်ဒီဇိုင်းမျိုးနဲ့ ဆက်ပြီး ရှင်သန်နေခဲ့ကြရတာ သားစဉ်မြေးဆက်ပဲ မဟုတ်လား။ နှစ်ပေါင်း ၅၀ ကျော် လူမှုဒုက္ခအဝဝကို သာမန်အရပ်သား ရိုးသားတဲ့ပြည်သူအများစုဟာ ထွက်ပေါက်မရှိဖြေဆည်ရာမရ၊ ကူသူမဲ့ကယ်သူနတ္ထိဘဝနဲ့ အငတ်ငတ်အပြတ်ပြတ် ရင်ဆိုင်ခဲ့ရတာပေါ့ဗျာ။ ဒီလိုဘဝမျိုးတွေမှာ အနေကြာလာတဲ့အခါ သူတို့က သေမထူးနေမထူး ဖြစ်လာတယ်။ ဒုစရိုက်မှုတွေဟာ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဖြစ်လာတယ်။ ဒီလိုနဲ့ ဗမာတွေရဲ့စရိုက်ဟာ ကြမ်းတမ်းလာတယ်။ မိုက်ရိုင်းလာတယ်။ ယုတ်မာလာတယ်။ အားလုံးပျက်ယွင်း. . .၊ အားလုံးယိမ်းယိုင်. . .၊ အားလုံး စံလွဲ. . .၊ အားလုံးဝုန်းဒိုင်းကြဲ. . .၊ ပညာမျက်စိကွယ် အသိဉာဏ်မျက်စိကွယ်. . .။

အဲသည်လိုဘဝကို ကျွန်တော်တို့ ခုအချိန်ကစလို့ အတတ်နိုင်ဆုံး ပြန်ပြီးတည့်မတ်အောင် ကောင်းမွန်အောင်၊ ပြန်ပြီးခိုင်ခံ့အောင်၊ အသစ်ဖြစ်အောင်၊ သွက်သွက်မြန်မြန်လေး အားထုတ်ကြဖို့ အရေးကြီးတယ်။ အရပ်သားအစိုးရလက်ထဲ နိုင်ငံတော်အာဏာရောက်လာပြီ၊ ပြည်သူတွေက ယုံယုံကြည်ကြည်နဲ့ ရွေးလိုက်ကြသူတွေ အစိုးရဖွဲ့ပြီး စီမံခန့်ခွဲကြမယ်။ နိုင်ငံ့တာဝန်တွေ ကျေပွန်ကြမယ်။ အင်န်အယ်လ်ဒီပါတီက ရွေးထားတဲ့ လက်ရွေးစင်တွေနဲ့ အစိုးရဖွဲ့ထားပြီ။ တတ်သိနားလည်သူတွေက ဆိုင်ရာဆိုင်ရာကဏ္ဍအသီးသီးမှ ပေးအပ်တဲ့ တာဝန်ဝတ္တရားတွေနဲ့ သမာသမတ်ကျကျ ပါဝင်လှုပ်ရှားထမ်းဆောင်ကြတော့မယ်။

တစ်ကပြန်စမယ်။ ပြီးခဲ့တာတွေ ချေးခြောက်ရေနူး ပြန်လုပ်မနေနိုင်ဘူး။ အချိန်ကအဖိုးတန်တယ်။ ရှေ့ဆက်ရမယ့်ခရီးက ဝေးလည်းဝေး ကြမ်းလည်းကြမ်း၊ ပြုပြင်လို့ရနိုင်သမျှ၊ ပြောင်းလဲလို့ရနိုင်သမျှ POSITIVE THINKING နဲ့ အားလုံးကောင်းဖို့ အားလုံးဝိုင်းဝန်းကြရတော့မှာ။ အရှေ့တောင်အာရှမှာ၊ တောင်အာရှမှာ အာရှပစိဖိတ်ဒေသမှာ အာရှတိုက်မှာ ဗမာတွေနေရာတစ်နေရာ အသေအချာပြန်ရအောင် လုပ်ကြရမယ်လေ။ ဦးနုရဲ့ ပါလီမန်ဒီမိုကရေစီခေတ်ကလို ကမ္ဘာမှာ ဗမာဟေ့လို့ လက်မထောင်နိုင်အောင်ပါ။ ပါးစပ်နဲ့မဟုတ်ဘဲ ဦးနှောက်နဲ့ လက်နဲ့လုပ်ရမှာ၊ ဇွဲနဲ့ လုံ့လနဲ့ ဝီရိယနဲ့ စိတ်ဓာတ်ပြင်းပြင်းနဲ့. . .။

ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ အညံ့မခံခဲ့တဲ့ အစဉ်အလာနဲ့ လွတ်လပ်ရေးကို အရယူပေးခဲ့သူ၊ ဖက်ဆစ်ကို အမြစ်ဖြုတ်ခဲ့သူ၊ အဲသည်ကမှ ရှစ်လေးလုံးမှာ ကိုယ်ရေကြုံသက်လုံကောင်းခဲ့ကြ၊ ရွှေဝါရောင်မှာ ထွန်းထွန်းပြောင်ခဲ့ကြ၊ ဘာမထီတွေ၊ အာဇာနည်တွေ၊ နိုင်ငံအတွက် အသက်စွန့်သူတွေ အရာအားလုံးကို စွန့်ထားခဲ့သူတွေ၊ အတိုင်းအဆမရှိအနစ်နာခံခဲ့။ ပေယျာလကန်ပစ်ထားခဲ့။ ဘာအခွင့်အရေးမှမယူခဲ့။ ဘာတစ်ခုမှ ကလီကမာမကြံစည်ခဲ့။ အန္တရာယ်အသွယ်သွယ်ကို (ဒီပဲယင်းလို ကိစ္စမျိုးအပါအဝင်) တည်တည်ငြိမ်ငြိမ် လက်တုံ့မပြန်ဘဲ ရင်ဆိုင်ခဲ့။ အသက်သွေးချွေးနဲ့ရင်းပြီး ရွေးကောက်ပွဲအဆင့်ဆင့်နဲ့ အင်န်အယ်လ်ဒီဟာ စင်မြင့်ထက်ကို တက်လာနိုင်ခဲ့။

အခု ပြည်သူ့ရွှေ့မှောက်ရောက်ပြီး ပြည်သူ့အစိုးရ လူထုအစိုးရ ရာနှုန်းပြည့် မဖြစ်သေးသည့်တိုင် အစိုးရအဖွဲ့ထဲ ပါလေသမျှသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဟာ စွမ်းဆောင်ရည်မြင့်မားပြီးသား သူတွေချည်းပါပဲ။ idea ကောင်းတွေနဲ့ အသင့်ရှိနေကြသူတွေချည်းပါပဲ။ ဒီအစိုးရသစ်မှာ တာဝန်ယူထားသူတွေရဲ့ စိတ်ဓာတ်ခွန်အားဟာ ဘာမဆို စွမ်းနိုင်ရဲ့ဆိုတဲ့ အရည်အချင်းမျိုးပဲဖြစ်တယ်။ ဘာမဆို ရင်ဆိုင်ကျော်ဖြတ်နိုင်သူတွေပဲဖြစ်တယ်။

သူတို့တစ်တွေဟာ သွေးမကွဲဘဲ ညီညွတ်ခဲ့ကြသူတွေပါ။ ရှင်ကြီးဝမ်းလည်းဝင်ခဲ့ဖူးပါရဲ့။ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ကြပြီးပါပြီ။ ဒီကနေ့ကာလနဲ့ ဒီအစိုးရနဲ့၊ ဘယ်ခရီး ဘယ်ထီးနဲ့ဆိုတာ သူတို့သဘောပေါက်တယ်။ ဘာလုပ်ကြရမယ် ဘယ်လိုလုပ်ရမယ်ဆိုတာလည်း သိကြပြီးသားပါ။ လတ်တလောဆောင်ရွက်ရမှာနဲ့ ရေရှည်ဆောင်ရွက်ရမှာတွေကိုလည်း ခွဲခြားသိမြင်ကြပြီးသားပါ။ ဘာပဲပြောပြော ဘယ်လိုပဲဖြစ်ဖြစ် အခုတက်လာတဲ့ ဦးထင်ကျော်အစိုးရဟာ ဒီတိုင်းပြည်ဒီလူမျိုး အကျိုးကို မဆုတ်မနစ်လုပ်ကိုင်ကြမယ်ဆိုတာ ယုံမှားသံသယ တစိုးတစိမှ ရှိစရာမလိုဘူး။ စိတ်ချလက်ချရှိရပါရဲ့။

ခေါင်းဆောင်ကို ယုံလို့ပုံထားပြီးသား။ သူ့အစီအမံ၊ သူ့ရွေးချယ်မှု၊ သူ့ဆုံးဖြတ်ချက်အဝဝ အားလုံးကို ကျေနပ်တယ်။ သဘောတူတယ်။ သူ့သဘောအတိုင်း ဖြစ်ပါစေ။ ဘာမဆို သူ့စိတ်ထဲကရှိတဲ့အတိုင်း ဆောင်ရွက်ပါစေ။ သူ့လုပ်ရပ်မှန်သမျှ ထောက်ခံပြီးသားပါ။ သူ့သမာဓိကို စိတ်ချတယ်။ သူ့ဥပမိရုပ်ကို ကြည်ညိုတယ်။ သူ့ဓာတ်ခံကိုသဘောပေါက်တယ်။ သူ့မျိုးရိုးကို စိတ်ချလက်ချရှိတယ်။ ပြည်သူက သူ့ကို အာဏာကုန်လွှဲထားပြီးသား။ ဘာမဆို ကြည်ဖြူတယ်။

ပြည်သူနဲ့ အင်န်အယ်လ်ဒီက ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးပြီးကတည်းက လက်တွဲလာခဲ့ကြတာ ခုထိပဲ။ အင်န်အယ်လ်ဒီဟာ န. ဝ. တနဲ့အတူ ပေါက်ဖွား။ န. အ. ဖနဲ့အတူ ကြီးပြင်းအရွယ်ရောက်။ စကတည်းက ယဉ်သကိုဆိုသလို ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အပြတ်အသတ် အနိုင်ရခဲ့ပေမယ့် ဘာမှဖြစ်မလာနိုင်ဘူး။ ဘာမှမတတ်နိုင်ဘူး။ ၂၀၁၀ မှာတော့ ဖြုတ်စီးဖြုတ်နင်း မကောင်းဘူး။ ဒါပေမယ့် ၂၀၁၂ မှာ အစွမ်းအစရှိကြောင်း ပြခွင့်ရခဲ့တယ်။ ခေါင်းမော့နိုင်လာတယ်။ ၂၀၁၅ နိုဝင်ဘာမှာတော့ အဖြူအမည်း သဲသဲကွဲကွဲဖြစ်ခဲ့ပါပြီ။

ဒီကနေ့တော့ အင်န်အယ်လ်ဒီဟာ အစိုးရဖွဲ့နိုင်ခဲ့ပြီ။ အရပ်သားအစိုးရတစ်ရပ်ကို ထုဆစ်ဖော်လှစ်နိုင်ခဲ့ပြီ။ အရပ်သား သမ္မတတစ်ယောက်ကို မှန်မှန်ကန်ကန် ဖော်ထုတ်နိုင်ခဲ့ပြီ။ ၂၀၁၆ အစိုးရအသစ် (ပြည်သူ့အစိုးရ)ရဲ့ ယန္တရားကို စတင်မောင်းနှင်ချိန်ဟာ ၁၃၇၈ ခုနှစ်ကို ကူးပြောင်းတဲ့နှစ်သစ် အခါသမယပါပဲ။ အဲသည်မှာ ပြည်သူလူထုရဲ့ နှလုံးသားကို အတာရေစင်နဲ့ အေးချမ်းလန်းရွှင်စေမှုအပြင် အရပ်သားအစိုးရရဲ့ ဒီမိုကရေစီရေစင်ကပါ ပူးတွဲသွန်းဖျန်းခြင်းဖြင့် ရွှင်လန်းဝမ်းမြောက်မှုတွေနဲ့အတူ လူသစ်စိတ်သစ်နဲ့ နိုင်ငံသစ်ကို ယုံကြည်မှုပြည့်ပြည့်ဝဝနဲ့ မျှော်လင့်ခွင့်ရပြီလို့သာ စိတ်နှလုံး ဒုန်းဒုန်းချလိုက်ကြပါတော့လေ။

> **အခု ပြည်သူ့ရွှေ့မှောက်ရောက်ပြီး ပြည်သူ့အစိုးရ လူထုအစိုးရ ရာနှုန်းပြည့်မဖြစ်သေးသည့်တိုင် အစိုးရအဖွဲ့ထဲ ပါလေသမျှသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဟာ စွမ်းဆောင်ရည်မြင့်မားပြီးသား သူတွေချည်းပါပဲ။ idea ကောင်းတွေနဲ့ အသင့်ရှိနေကြသူတွေချည်းပါပဲ။ ဒီအစိုးရသစ်မှာ တာဝန်ယူထားသူတွေရဲ့ စိတ်ဓာတ်ခွန်အားဟာ ဘာမဆိုစွမ်းနိုင်ရဲ့ဆိုတဲ့ အရည်အချင်းမျိုးပဲဖြစ်တယ်။ ဘာမဆို ရင်ဆိုင်ကျော်ဖြတ်နိုင်သူတွေပဲဖြစ်**

*✻ ရှေ့ဖုံးမှ*

ရုပ်ရှင်ဆိုတာ အနုပညာတွေထဲမှာ လူထုကြားကို အထိုးဖောက်နိုင်ဆုံးနဲ့ လူအများအပေါ် သြဇာသက်ရောက်မှု အရှိဆုံးလို့ ပြောလို့ရပါတယ်။ ပြောင်မြောက်တဲ့ ရုပ်ရှင်အနုပညာလက်ရာတွေဟာ လူတွေရဲ့ရင်ထဲ၊ နှလုံးသားထဲမှာ နှစ်ပေါင်းများစွာ လွှမ်းမိုးကျန်ရစ်ခဲ့ကြတာပါ။ အဲဒီလို လက်ရာမြောက်ဖို့လည်း သရုပ်ဆောင်ပညာ၊ ဒါရိုက်တာပညာ၊ တည်းဖြတ်ပညာ၊ ဇာတ်ညွှန်းပညာ၊ ဓာတ်ပုံပညာ၊ ဂီတပညာ၊ အသံပညာအစရှိတဲ့ အနုပညာရပ်ပေါင်းများစွာ ပေါင်းစပ်ခဲ့ရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရုပ်ရှင်အနုပညာရဲ့ အောင်မြင်မှုဟာ စုပေါင်းအားထုတ်မှု၊ ညီညွတ်မှုနဲ့ ကိုယ်ကျရာတာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်မှုတို့ရဲ့ ရလဒ်ပဲဖြစ်ပါတယ်။

လာမယ့် ၂၀၂၀ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်ရဲ့ သက်တမ်း အနှစ် ၁၀၀ ပြည့်တော့မှာ ဖြစ်ပါတယ်။ ပထမဆုံးရုပ်ရှင်ဖြစ်တဲ့ "မေတ္တာနဲ့သူရာ"ဇာတ်ကားကနေစပြီး အခုခေတ် "ကျွန်မက နှင်းဆီပါမောင်" ဇာတ်အားအဆုံး ဖြတ်သန်းလာခဲ့ရတဲ့ ခရီးလမ်းတစ်လျှောက် အတွေ့အကြုံတွေ၊ စိန်ခေါ်မှုတွေ၊ အောင်မြင်မှုတွေနဲ့ သင်ခန်းစာတွေမျိုးစုံ တွေ့ကြုံခဲ့ကြပြီးပါပြီ။ အခုလို ပိုမိုပွင့်လင်းလာတော့မယ့်ခေတ်မှာ ရုပ်ရှင်လောကတစ်ခုလုံး အနုပညာရော အတတ်ပညာပါ ပိုမိုတိုးတက် အောင်မြင်လာကြမယ်လို့ မျှော်လင့်မိပါတယ်။

ကျွန်မတို့ တိုင်းပြည်လည်း 'ပြောင်းလဲချိန်' တန်ပြီဖြစ်တဲ့အတိုင်း အောင်မြင်တဲ့ ရုပ်ရှင်တစ်ကားဖန်တီးသလို တိုင်းသူပြည်သားအားလုံးက ကိုယ်ကျရာနေရာကနေ ကိုယ့်တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရင် ကျွန်မတို့ရဲ့နိုင်ငံ မလွဲမသွေ တိုးတက်ပြောင်းလဲနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ရုပ်ရှင်အနုပညာလောကသားအားလုံး အနေနဲ့လည်း မိမိတို့ပိုင်ဆိုင်တဲ့ သြဇာကြီးမားလှတဲ့ အနုပညာကို ဆတက်ထမ်းပိုး တိုးတက်အောင် ကြံဆောင်နိုင်ကြပါစေ။ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုတွေလည်း အနုပညာရှင်များစွာ ထိုက်ထိုက်တန်တန် ရရှိကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်**



၂၀၁၄ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရရှိသူ အကယ်ဒမီ ဝတ်မှုန်ရွှေရည်အား အကယ်ဒမီရွှေစင်ရုပ်တုပိုက်လျက် တွေ့ရစဉ်
(ဓာတ်ပုံ-သတင်းစဉ်)

## ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် အမည်စာရင်းများတင်သွင်းမည်

**နေပြည်တော် ဧပြီ ၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းတင်ပြခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် အမည်စာရင်းများ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေး၌ နိုင်ငံတော်သမ္မတထံမှပေးပို့သော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းတို့ကို လွှတ်တော်သို့တင်ပြခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ပုံမှန်အတိုင်း ကျင်းပမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဒုက္ခသည်များ စွန့်ပစ်ခဲ့သည့် လေ့နှင့်အသက်ကယ်အင်္ကျီများကို လူသုံးကုန်ပစ္စည်းများအဖြစ် ပြန်လည်ထုတ်လုပ်မည်

**အေသင် မေ ၃**

ဂရိကမ်းခြေ လက်စ်ဗို့စ်ကျွန်း၌ ဒုက္ခသည်များစွန့်ပစ်ထားသည့် အသက်ကယ်အင်္ကျီများနှင့် ရော်ဘာလှေငယ်များ တောင်ပုံရာပုံဖြစ်နေပြီး ဂရိအာဏာပိုင်များက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ရန်နှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာတိုးရန် ယင်းပစ္စည်းများကိုပြန်လည်အသုံးပြုနိုင်အောင် စီစဉ်သွားမည်ဟု သိရသည်။

လက်စ်ဗို့စ်မှ မြူနီစပယ်အဖွဲ့သည် ဗိသုကာပညာရှင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးပညာရှင်များနှင့် ပူးပေါင်းကာ ဒုက္ခသည်များ စွန့်ပစ်ထားခဲ့သည့် အသက်ကယ်အင်္ကျီနှင့် ရော်ဘာလှေများကို အသုံးပြု၍ ဒုက္ခသည်များချက်ချင်းအသုံးပြုနိုင်သော ပစ္စည်းများဖြစ်သည့် မိုးကာ၊ ရွက်ဖျင်တဲ၊ အိတ်၊ မွေ့ရာတို့အဖြစ် ပြန်လည်ပြုလုပ်သွားမည်ဟု အာဏာပိုင်များက ဆင်ဟွာသို့ ပြောသည်။

ဂရိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဝန်ကြီးဌာန၏ အကူအညီဖြင့် လက်စ်ဗို့စ်ကျွန်းသည် ဒုက္ခသည်များအရေး ခံစားနေရသော အခြားကျွန်းများအတွက် စံနမူနာကောင်းဖြစ်အောင် ပြုလုပ်သွားမည်ဟု မျှော်လင့်ထားသည်။ လွန်ခဲ့သောနှစ်များအတွင်း လက်စ်ဗို့စ်ကျွန်းသည် ဒုက္ခသည်များ အများဆုံးဝင်ရောက်ရာ ကျွန်းတစ်ခု ဖြစ်လာခဲ့သည်။ အသက်ကယ်အင်္ကျီ ခုနစ်သိန်းခန့်နှင့် ရော်ဘာလှေ ၁၀၀၀၀ ခန့်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလက အဆိုပါကျွန်းပေါ်တွင် စုပုံနေခဲ့သည်။ နွေရာသီအားလပ်ရက်တွင် ခရီးသွားများအဆိုပါကျွန်းသို့ လာရောက်မလည်ပတ်မီ ယင်းပစ္စည်းများသည် တဖြည်းဖြည်းစုပုံလာခဲ့သည်။



အဆိုပါစွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေပြီး ကမ်းခြေများ၏အလှအပကို ညစ်နွမ်းစေကာ မီးဘေးအန္တရာယ်လည်း စိုးရိမ်ရသည်။

ထို့ကြောင့် ဒေသခံများနှင့် ဒုက္ခသည်များ ပြန်လည်အသုံးပြုနိုင်မည့် ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု လက်စ်ဗို့စ် ဒုတိယမြို့တော်ဝန်က ဆင်ဟွာသို့ ပြောသည်။ **(ဆင်ဟွာ)**




**အပြည်ပြည်ဆိုင်ရာခေါင်းအုံးရိုက်ပွဲကို ဟန်ဂေရီနိုင်ငံ ဘူဒါပတ်မြို့ ဟီးရိုးရင်ပြင်၌ မေ ၂ ရက်က ကျင်းပရာ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသည့် လူများကိုတွေ့ရစဉ်။**

(ဆင်ဟွာ)

# အမျိုးသမီးများဘုရားကျောင်းအတွင်း ဝင်ရောက်၍ ဘုရားကျောင်းကော်မတီဝင်များနှင့် ပဋိပက္ခဖြစ်

**နယူးဒေလီ မေ ၃**

အိန္ဒိယနိုင်ငံ အနောက်ပိုင်းပြည်နယ် မဟာရာရှထရာပြည်နယ်၌ ဘုရားကျောင်းများအတွင်း အမျိုးသမီးများကို ဝင်ရောက်ခွင့်ပြုသည်ဟု အိန္ဒိယတရားရုံးတစ်ခုမှ အမိန့်ချမှတ်ပြီး တစ်ရက်အကြာ ရွာသားများနှင့် ဘုရားကျောင်းကော်မတီအဖွဲ့ဝင်များက ဟိန္ဒူဘုရားရှိခိုးကျောင်းအတွင်း အမျိုးသမီးတက်ကြွလှုပ်ရှားသူအဖွဲ့ တစ်ဖွဲ့ ဝင်ရောက်ခြင်းကို တားဆီးခဲ့သည်။

အမျိုးသမီးများပါဝင်သော ဆန့်ကျင်ကန့်ကွက်သူများသည် ဘုံဘေအမြင့်ဆုံး တရားရုံးချုပ်၏ စီရင်ချက်သည် ရာစုနှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့သည့် ထုံးတမ်းဓလေ့များကို ထိခိုက်စေသည်ဟု ပြောသည်။

အမိမြေ၏ အမျိုးသမီးစစ်သည်တော်များအဖွဲ့မှ တက်ကြွလှုပ်ရှားသူ ၂၄ ဦးကျော်တို့ ဘုရားကျောင်းအတွင်း မြင့်မြတ်သောနေရာအတွင်း ဝင်ရောက်ခြင်းကို ဘုရားကျောင်း ကော်မတီအဖွဲ့နှင့် ဒေသခံများက တားမြစ်ခဲ့သည်။

ရှိုင်းဂနပူရရွာသားများနှင့် ဘုရားကျောင်းကော်မတီအဖွဲ့ဝင်များက ၎င်းတို့သည် အိန္ဒိယအမြင့်ဆုံးတရားရုံး၏အမိန့်ကို ငြင်းဆိုကြောင်း ပြောခဲ့သည်။ တက်ကြွလှုပ်ရှားသူများကို ရဲတပ်ဖွဲ့က ထိန်းသိမ်းထားပြီး ဘုရားကျောင်းအဆောက်အအုံအတွင်းမှ အပြင်သို့ ခေါ်ထုတ်ခဲ့သည်။

သောကြာနေ့က မဟာရာရှထရာအာဏာပိုင်များက အမျိုးသမီးများ ဘုရားကျောင်းအတွင်း ဝင်ရောက်ခြင်းကို ခွင့်ပြုခဲ့သည်။ ဘုရားကျောင်းအတွင်း နှစ်ဖက်စလုံးမှ ပဋိပက္ခဖြစ်ပွားမှုကို ရှောင်ရှားရန် တက်ကြွလှုပ်ရှားသူများကို ဖယ်ထုတ်ထားရခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။

သောကြာနေ့ကချမှတ်ခဲ့သည့် တရားရုံး၏ အမိန့်ကို ပြည်နယ်အစိုးရအနေဖြင့် မည်မျှအကောင်အထည်ဖော်နိုင်သည်ကို စမ်းသပ်ရန် တက်ကြွလှုပ်ရှားသူများက ဘုရားကျောင်းအတွင်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာသူများက ပြောသည်။ အိန္ဒိယနိုင်ငံရှိ ဘုရားကျောင်းအချို့သည် အမျိုးသမီးများ ဘုရားကျောင်းအတွင်း ဝင်ရောက်ခြင်းကို ပိတ်ပင်ထားသည်။ **(ဆင်ဟွာ)**


# အိုင်အက်စ်တို့က ပယ်လ်မိုင်ရာမြို့တွင် မိုင်းများ ထောင်နှင့်ချီ၍ ထောင်ထားခဲ့ဟုဆို

**ပါမိုင်ရာ မေ ၃**

ဆီးရီးယားတပ်များ ပယ်လ်မီရာမြို့ကို ချီတက်တိုက်ခိုက် သိမ်းပိုက်ရာ လမ်းကြောင်းတစ်လျှောက် အိုင်အက်စ်စစ်သွေးကြွများက ထောင်ပေါင်းများစွာသော မြေမြှုပ်မိုင်းများထောင်ထားခဲ့ကြောင်း ဂျိဟတ်တို့ထံမှ မြို့ကိုပြန်သိမ်းအပြီး ဆီးရီးယားအရာရှိတစ်ဦးက ရိုက်တာသို့ပြောသည်။

ပယ်လ်မီရာမြို့ အဓိကလမ်းမကြီးများနှင့် လမ်းဘေးများတွင် ၅၀ ကီလိုဂရမ်အလေးချိန်ရှိ ဗုံးများထောင်ထားခဲ့ကြောင်း၊ ရုရှားဂျက်လေယာဉ်များ၏ကျောထောက်နောက်ခံပြုလျက် ဆီးရီးယားအစိုးရတပ်များ ပြန်သိမ်းအပြီး ဗုံးအလုံး ၃၀၀၀ ကျော်ကို ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း ၎င်းကပြောသည်။

အဆိုပါမြို့ကိုမသိမ်းမီ အိုင်အက်စ်စစ်သွေးကြွများက မိုင်းများကို မည်သည့်အတွက်ကြောင့် ဖောက်ခွဲနိုင်စွမ်း မရှိခဲ့သည်ကို ၎င်းကပြောကြားခြင်းမရှိပေ။ စစ်သွေးကြွများအနေဖြင့် နှစ်ပေါင်း ၂၀၀၀ သက်တမ်းရှိ ယင်းမြို့ကို ဖျက်ဆီးပစ်ရန် ကြိုးစားခဲ့သည်ဟု ဆီးရီးယားရှေးဟောင်းအဖွဲ့မှပြောသည်။ **(ရိုက်တာ)**



# ဟန်ဂေရီအစိုးရ ဝက်ဆိုက်များ ဆိုက်ဘာတိုက်ခိုက်ခံရ

**ဘူဒါပတ် မေ ၃**

နိုင်ငံရပ်ခြားမှ ဆိုက်ဘာတိုက်ခိုက်သူများသည် ဟန်ဂေရီနိုင်ငံ၏ သတင်းအချက်အလက် နည်းပညာဌာနကို အဓိကပစ်မှတ်ထားဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အစီအစဉ်များကို ရှုပ်ထွေးအောင်ပြုလုပ်ခဲ့သည်ဟု ဟန်ဂေရီပြည်ထဲရေးဝန်ကြီးဌာနက စနေနေ့ မွန်းလွဲပိုင်းတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဓိက အစိုးရဝက်ဆိုက်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး ဟန်ဂေရီသိပ္ပံအကယ်ဒမီ၏ ဝက်ဆိုက်ကိုလည်း ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ အစိုးရဘက်မှလည်း ၎င်းတို့၏ ဝက်ဆိုက်များကို အကောင်းဆုံးကာကွယ်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

ဟန်ဂေရီဝန်ကြီးချုပ်၏ လုံခြုံရေးအကြံပေး ဂျော်ဂျီဘက်စ်အွန်ဒီက အဆိုပါတိုက်ခိုက်မှုကို မည်သည့်အဖွဲ့အစည်းကပြုလုပ်သည်ကိုမှု မသိရသေးကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် အဖွဲ့အစည်း၏ လုံခြုံရေးကိုအမြင့်ဆုံးတိုးမြှင့်ရန် သက်သေပြလျက်ရှိကြောင်း ဟန်ဂေရီရုပ်သံလိုင်းသို့ ပြောခဲ့သည်။ အစိုးရအနေဖြင့် အိုင်တီနည်းပညာလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းလည်း ၎င်းကပြောခဲ့သည်။ **(ဆင်ဟွာ)**

# ဌာနဆိုင်ရာများရဲ့ လစ်ဟင်းချက်၊ ချို့ယွင်းချက်၊ အားနည်းချက်များကိုလည်း နိုင်ငံပိုင်မီဒီယာများဘက်က ပြည်သူ့ကိုယ်စား ပြန်ပြီးတော့ရေးသားတဲ့သတင်းမျိုးလုပ်သင့်

သတင်း - ခင်မောင်ထွေး
ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် ဧပြီ ၃**
နိုင်ငံပိုင်မီဒီယာများအနေဖြင့် ဌာနများက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက် သက်သက်မျှသာ မဟုတ်ဘဲ ပြည်သူကို မျက်နှာမူပြီး ပြည်သူ့ဘက်က ပြန်မြင်သည့် သတင်းမျိုးကို ဖော်ပြစေချင်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ပြောကြားလိုက်သည်။

ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်းများ၊ နိုင်ငံပိုင်မီဒီယာများမှ စာတည်းမှူးချုပ်နှင့် စာတည်းများ၊ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

"အရင်တုန်းကလည်း Public Service ဆိုတဲ့ သဘောမျိုး ရှေ့နေတာတော့ ရှိပါတယ်။ အခုအစိုးရသစ်မှုဝါဒကတော့ ပြည်သူကို မျက်နှာမူတယ်လို့ သုံးနှုန်းတာပေါ့။သဘောကတော့ ဒီမိုကရေစီရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရအဖွဲ့ဖြစ်တယ်။ အများပြည်သူက ယုံကြည်လို့ ရွေးကောက်တင်မြှောက် တာဝန်ပေးလိုက်တယ်။ တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်တွေကလည်း ဘာတွေဆောင်ရွက်နေတယ်ဆိုတာ ပြောဖို့သူတို့မှာ တာဝန်ရှိတယ်။ ရှိတဲ့အလျောက် သူတို့ဘာတွေလုပ်နေပါတယ်ဆိုတဲ့ သတင်းတွေကို ထုတ်ပေးမယ်။ သို့သော် ဌာနဆိုင်ရာတွေရဲ့ လစ်ဟင်းချက်၊ ချို့ယွင်းချက်၊ အားနည်းချက်တွေကိုလည်း နိုင်ငံပိုင်မီဒီယာတွေဘက်က ပြည်သူ့ကိုယ်စားပြန်ပြီးတော့ ရေးသားတဲ့သတင်းမျိုး လုပ်သင့်တယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့သည်။



ထို့အပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်သတင်းစာများအနေဖြင့် ပြင်ပဆောင်းပါးရှင်များ၊ ကာတွန်းဆရာများကို ဖိတ်ခေါ်ခြင်း၊ သတင်းသမားများကိုယ်တိုင်ကလည်း ဌာနများက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက် သက်သက်မျှသာမဟုတ်ဘဲ ပြည်သူ ကိုယ်စားပြုရေးသင့်သည်ဆိုသည့် သတင်းမျိုးကိုလည်း ကိုယ်တိုင်ကွင်းဆင်းရေးသားခြင်းများအပြင် စာတည်းမှူးချုပ်များကလည်း သတင်းအကြောင်းအရာနှင့် ရေးသားမှုများကို ရွေးချယ်ခြင်း၊ သတင်းစာပါအကြောင်းအရာအားလုံးကို ဆုံးဖြတ်လုပ်ကိုင်စေချင်သည်ဟု ဆိုသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ဦးစီးဌာနအောက်မှ ရန်ကုန်မြို့ရှိ ဌာနခွဲများ၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

# ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကျရာအခန်းကဏ္ဍများမှ ပိုမိုကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၃**
ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ကျရာအခန်းကဏ္ဍများမှ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး မှာကြားရာတွင် သုတေသနလုပ်ငန်းများ ပိုမိုအဆင့်မြှင့်တင်နိုင်ရေးအတွက် ထိရောက်သော စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ကြရန်နှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ကျယ်ပြန့်စွာ ပေါ်ထွန်းလာစေလိုကြောင်း၊ မိမိဌာနနှင့် နိုင်ငံတော်အတွက် အကျိုးရှိစေမည့် နည်းပညာများနှင့် သုတေသနလုပ်ငန်းများဆိုင်ရာ အကြံဉာဏ်နှင့် နည်းလမ်းကောင်းများ တီထွင်ကြံဆဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ကျွမ်းကျင်တတ်မြောက်ပြီးဖြစ်သော အသိပညာ၊ အတတ်ပညာများနှင့် အတွေ့အကြုံများကို ပေါင်းစပ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြိုးပမ်းကြစေလိုကြောင်း၊ စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်သော ဝန်ထမ်းသက်သာချောင်ချိရေးနှင့် ဝန်ထမ်းသက်သာခွင့်များ ခံစားနိုင်စေရေး စီမံဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၂ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဧပြီ ၃ ရက်တွင် စီမံကိန်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း ဌာနတစ်ခုချင်းအလိုက် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒလမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ ရုံးဖွင့် ပြည်သူ့အကျိုးသယ်ပိုးရေးအတွက် ဆက်သွယ်နိုင်

**ဒလ ဧပြီ ၃**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အမှတ်(၉) ရာဇသင်္ကြန်လမ်းမကြီး ကမာကဆစ်ရပ်ကွက်၌ လွှတ်တော်ကိုယ်စားလှယ်များ ရုံးဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များရုံး ဆိုင်းဘုတ်တင်ဖွင့်ပွဲသို့ ဒလမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး၊ တိုင်းဒေသကြီးအမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ တိုင်းဒေသကြီးအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတတ်ရေး အထောက်အကူပြုဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်ဦးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တတ်ရောက်ကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ ရုံးခန်းဖွင့်လှစ်ခြင်းကိစ္စများနှင့်ပတ်သက်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆောင်ရွက်ရာ၌ သက်ဆိုင်ရာဌာနများ၊ ပြည်သူများနှင့်အတူ ပြည်သူ့အကျိုးသယ်ပိုးရန် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားရာ၌ ထိရောက်စွာဆက်သွယ်လုပ်ကိုင်နိုင်ရန်အတွက် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များစုပေါင်းရုံးကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။ လွှတ်တော်ကိုယ်စားလှယ်များ ရုံးခန်းကို အမှတ်(၉) ရာဇသင်္ကြန်လမ်းမကြီး ကမာကဆစ်ရပ်ကွက် ဒလမြို့နယ်၌ မတ် ၂၁ ရက်မှစ၍ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စဉ်ဆက်မပြတ် ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ဆက်ဆံရေးတာဝန်ခံများကိုပါ ခန့်အပ်ထားကြောင်း၊ ဆက်ဆံရေးတာဝန်ခံများဖြစ်သည့် ဦးတင်လှ (ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဆက်ဆံရေးတာဝန်ခံ) ၀၉-၄၂၁၁၅၃၇၀၉ ၊ ဒေါ်ခင်လှလှ (တိုင်းဒေသကြီး(၁) လွှတ်တော်ဆက်ဆံရေးတာဝန်ခံ) ၀၉-၂၅၀၅၁၇၇၀၂ ၊ ဦးအောင်ကျော်စိုး (တိုင်းဒေသကြီး(၂) လွှတ်တော် ဆက်ဆံရေးတာဝန်ခံ) ၀၉-၄၂၀၂၆၂၉၂၅ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ဝိုင်းမော်မြို့နယ် ကျမ်းခမ်း-ဇယ်ခမ်း-စန်းကား ကျေးရွာချင်းဆက်ကျောက်ချောလမ်းဖွင့်

**မြစ်ကြီးနား ဧပြီ ၃**
၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျမ်းခမ်း-ဇယ်ခမ်း-စန်းကားမြေသားလမ်းနှစ်မိုင် ဖောက်လုပ်ခြင်းနှင့် ထိန်မင်းစိုက်ပျိုးရေးကုမ္ပဏီမှ သဲကျောက်လမ်း နှစ်မိုင်ခင်းခြင်း ဖွင့်ပွဲကို ဧပြီ ၂ ရက်က ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာအုပ်စု ကျမ်းခမ်းရွာ-နေပါလီ ဂေါ်ရခါးဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ကျမ်းခမ်း-ဇယ်ခမ်း-စန်းကား မြေသားကျောက်ချောလမ်းကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်နော်လီ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းကျေးရွာချင်းဆက်မြေသားကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီး မြေသားလမ်းကို ဝိုင်းမော်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နှစ်မိုင်၊ နှစ်ဖာလုံ၊ လမ်းအကျယ် ၁၈ ပေ မြေသားလမ်းကို ဖောက်လုပ်ပေးခဲ့ပြီး ထိန်မင်းစိုက်ပျိုးရေးကုမ္ပဏီမှ အဆိုပါလမ်း နှစ်မိုင်နှစ်ဖာလုံအား သိန်းပေါင်း ၄၅၀ အကုန်အကျခံပြီး ကျောက်ချောလမ်းခင်းကျင်းခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ယခင် ဒီလမ်းမကြီးဟာ မြေသားလမ်းကြီးဖြစ်တဲ့အတွက် မိုးရာသီမှာ သွားလာရတာအခက်အခဲဖြစ်တယ်။ ဒီကနေ ဝိုင်းမော်ကို ဈေးဝယ်၊ ကျန်းမာရေးကိစ္စတွေ သွားပြတဲ့အခါမှာ ဆိုင်ကယ်နဲ့သွားရင် လေးနာရီလောက်သွားရတယ်။ အခု ဒီလမ်းကြီးပြီးသွားလို့ ၁၅ မိနစ်နဲ့သွားလို့ရတဲ့အတွက် အခက်အခဲမရှိတော့ဘူး။ ဒီလမ်းကြီးဟာ ဝိုင်းမော်၊ ခတ်ချို၊ ဇယ်ခမ်း၊ ကောက်ကွတ်၊ ကျန်ဒိုင်၊ နောင်မော်၊ စန်းကား၊ နောင်ပေါင်း၊ နောင်မလကျေးရွာတွေကို ဆက်သွယ်ပေးတဲ့ အဓိကလမ်းမကြီးဖြစ်ပါတယ်"ဟု ကျမ်းခမ်းကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**




## မြန်မာ့ရုပ်မြင်သံကြား
## News Channel

၄-၄-၂၀၁၆(တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | း | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | း | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၃၅ | း | ခါသင်္ကြန်အဆိုအကများ |
| ၁၁း၁၅ | း | ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ် |
| ၁၁း၃၅ | း | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၃၅ | း | ၂၀၁၄- ၂၀၁၅ ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ ထုတ်လွှင့်မှု အစီအစဉ် |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | း | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ) |
| ၁၇း၃၅ | း | လူမှုစီးပွားမြင်ကွင်းများ |
| ၂၀း၀၀ | း | ပြည်တွင်းသတင်း |
| ၂၀း၃၅ | း | ရေခဲတောင်ထိပ်က ခြေရာများ |
| | း | လွှတ်တော်ရေးရာအဖြာဖြာ |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**

ပြည်သူ့အသံ

# ထိကပါး ရိကပါး အငှားယာဉ်စီးမလား

ခင်ဘုန်းသွယ်

လမ်းမထက်မှာ ကား ၁၀ စီးတွေ့ရင် ငါးစီးလောက်က အငှားယာဉ်တွေများ ဖြစ်နေမလား။ အငှားယာဉ်တွေ ပေါများလွန်းလာတဲ့အခါ အငှားယာဉ် မောင်းသူတွေဆိုတာလည်း ပေါများလာပါတယ်။ အခုမှ ကားမောင်းတတ်ခါစသူတွေပါသလို ကိုယ်ပိုင်အငှားယာဉ်မောင်းသူတွေလည်းပါ၊ ဘတ်စ်ကားမောင်းဖူးပြီး အငှားယာဉ်ပြောင်းမောင်းတဲ့သူလည်း ပါသလို နယ်ကနေလာပြီး အငှားယာဉ်မောင်းသူတွေလည်း ပါပါတယ်။ အငှားယာဉ်မောင်းသူတွေဟာ နယ်ပယ်စုံကနေပြီး လူစုံတက်စုံများပြားလှပါတယ်။

အငှားယာဉ်မောင်းသူအမျိုးမျိုးဆိုတော့လည်း အငှားယာဉ်စီးသူတွေမှာ လူအမျိုးမျိုး စိတ်အထွေထွေနဲ့ ကြုံကြရတော့တယ်။ ဘယ်သူတွေ ဘယ်လိုကြုံကြုံအနှောင့်အယှက်ပြုမှုကို အရင်ဦးဆုံးကြုံကြရတာကတော့ အမျိုးသမီးများပါပဲ။ ဘယ်လို အနှောင့်အယှက်မျိုးတွေကြုံရသလဲဆိုရင် အရင်ဦးဆုံး အသေးအဖွဲ့လေးက စပြောရမှာပါ။ အသေးအဖွဲ့လို့သာဆိုရတယ် ကြုံရသူအမျိုးသမီးတွေမှာတော့ အသေးအဖွဲ့လို့ လျစ်လျူရှုထားလို့ မဖြစ်နိုင်တာမျိုးပါ။ ကျွန်မတို့မှာ အငှားယာဉ်ရပ်နားရာနေရာလိုမျိုးလည်း သတ်မှတ်ပေးထားတဲ့ နေရာဆိုတာမရှိသေးတော့ အငှားယာဉ်ငှားမယ်ဆိုကတည်းက ကိုယ်ရောက်နေတဲ့ နီးစပ်ရာလမ်းဘေးနားမှာ မတ်တတ်ရပ်ပြီး အငှားယာဉ်ကို စောင့်ကြည့်ရတော့တာ။ ဒီလိုစောင့်နေတဲ့အခါများ တချို့က ကားပဲရပ်ပေးတော့မလိုလို၊ တချို့က ခရီးသည်ကို မေးသလိုပေမယ့်လည်း သူ့မျက်လုံးနဲ့အမူအရာက မတည်ကြည်သလိုလိုလည်း ထင်ရတာရှိတတ်ပါတယ်။ မိန်းကလေးတွေအတွက်မှာ အငှားယာဉ်နဲ့ဈေးနှုန်းညှိဖို့ မလုပ်ခင်မှာ ဒီလူတစ်ယောက်မောင်းတဲ့ အငှားယာဉ်ပေါ်ကို လိုက်သွားသင့်ရဲ့လားဆိုတာကို ကိုယ့်အပေါ်မေးမြန်းလာတဲ့ သူ့အမူအရာ စကားတွေကိုကြည့်ပြီး အမြန်ဆုံးဖြတ်ရတာပါ။ ဒီလိုဆုံးဖြတ်ပြီးမှသာ ကားပေါ်ကို တက်ဝံ့တော့တာပါ။

အငှားယာဉ်တစ်စီးပေါ် ထိုင်လိုက်သွားရတာဟာ မိန်းကလေးတစ်ယောက်အတွက် ခရီးလမ်းကြောင်း အချိန်ခဏတာဆိုပေမယ့် ကံဆိုးကံကောင်းသွားရသလိုပါ။ အငှားယာဉ်ပေါ်ထိုင်လိုက်ပြီဆိုတာနဲ့ အငှားယာဉ်မောင်းသူရဲ့ လက်ခုပ်ထဲကရေလိုပါပဲ။ သူဘယ်လို ပုံစံနဲ့မောင်းလေမလဲ။ တချို့များ မောင်းလိုက်တာ၊ ဒေါသတကြီး ကားတွေကိုကျော်ဖြတ် အနားကကားတွေကို လှမ်းပြီးဆဲဆိုတဲ့အခါ နောက်မှာ ပါလာတာအမျိုးသမီးလား ဘာလားဆိုတာလည်းလုံးဝအလေးထားပုံမပေါ်ပါဘူး။ တချို့ကျတော့လည်း တမင်လေလား၊ အကျင့်လေပဲလား၊ ပုဆိုးဝတ်ထားတာမို့ ပေါင်ပေါ်အောင်လှန်တင်လို့ ဒူးပေါ်၊ ပေါင်ပေါ်နဲ့ ကားမောင်းပါတော့တယ်။ ကိုယ့်မှာ ရှေ့တည့်တည့်ကားလမ်းကိုကြည့်ရင်း မလွဲသာမရှောင်သာမြင်နေရတဲ့မြင်ကွင်းကို စိတ်မသက်မသာနဲ့မြင်နေရတော့တာပါ။ ဘယ်လိုမိန်းကလေးကရော ရှင့်ပုဆိုးကြီးချထားလိုက်ပါလို့ ပြောထွက်ပါ့မလဲလေ။

ခရီးလေးနည်းနည်းရှည်ရင်တော့ မောင်းသူနဲ့စီးသူစကားစမြည်ပြောကြဆိုကြရှိလာပါတယ်။ များသောအားဖြင့်တော့ မောင်းသူက စကားစလာတော့တာ။ တစ်ခါတစ်ခါတော့လည်း မောင်းသူဆီက အတွေ့အကြုံစကားလေးတွေဝေမျှကြားရလို့ ဗဟုသုတဖြစ်ရသလို အစ်မ၊ ညီမခေါ်ပြီး ကောင်းကောင်းမွန်မွန်ပြောလာသူတွေတွေ့ရတော့လည်း စိတ်ချမ်းသာရပါတယ်။ တချို့များကျတော့လည်း ပြောတဲ့စကားတွေကိုက ကိုယ့်ကိုအကဲစမ်းသလိုလို၊ လမ်းတွေကိုလည်း သူကချည်းပြန်မေးလို့ ကိုယ်ကလမ်းမှန်မပြောနိုင်ရင်ဘဲ မဟုတ်တဲ့နေရာတွေခေါ်သွားခံရတော့မလိုလို စိတ်တထင့်ထင့်နဲ့ ခရီးတစ်လျှောက် လိုက်လာရပါတယ်။ တချို့ကျပြန်တော့လည်း တကယ်ကို သူကလမ်းမသိ၊ ကိုယ်ကလမ်းမညွှန်တတ်ရင် လမ်းမှာ ချာလည်ချာလည်နဲ့ အချိန်တွေ မကုန်သင့်ဘဲကုန်ပြန်ပါတော့တယ်။

အခုတလော အငှားယာဉ်ပေါ်မှာ မိန်းကလေးငယ်လေးတွေကို လိင်ပိုင်းဆိုင်ရာရုပ်ရှင်တွေဖွင့်ပြတာမျိုးတွေရှိတယ်လို့ လူမှုစာမျက်နှာတွေမှာ တွေ့လာရပါတယ်။ ဒီလိုကြုံရတဲ့မိန်းကလေးတွေမှာ ဘယ်လောက် စိတ်မှာထိခိုက်ကြောက်ရွံ့လိုက်မလဲ။ သူမောင်းနေတဲ့ကားပေါ်ဆိုတော့ ဒေါသတကြီးပြောဆိုလို့ ကိုယ့်ကိုကားမရပ်ပေးဘဲ မောင်းခေါ်သွားရင်ရောလို့ တစ်ဖက်ကလည်း ပူပင်ရ၊ တစ်ဖက်ကလည်း ရှက်ဒေါသနဲ့ ခရီးတစ်ကြောင်းစာအတွင်းမှာ တော်တော့်ကို ပူပင်နေရပါလိမ့်မယ်။

ကိုယ်တိုင်လည်း တစ်ခါတလေမှာတော့ စိတ်အခန့်မသင့်စရာတွေ့ကြုံရဖူးပါတယ်။ စကားရောဖောရောအတင်းလာလုပ်ပြီး ကိုယ်က စကားမတုံ့ပြန်တဲ့အခါ မထိတထိလိုလို သီချင်းဆိုသလိုလို ဒီလိုလည်းရှိတတ်ပြန်ပါတယ်။ ကျွန်မတို့အမျိုးသမီးဆိုင်ရာ သင်တန်းတွေ၊ ဆွေးနွေးပွဲတွေမှာ အမျိုးသမီးတို့ရဲ့ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခံရမှုအကြောင်းကို သင်ကြားဆွေးနွေးကြပါတယ်။ အဲဒီမှာ လုပ်ငန်းခွင်တစ်ခုတည်းက လုပ်ဖော်ကိုင်ဖက်ချင်းဖြစ်နေရင်တောင်မှ အဲဒီအမျိုးသားရဲ့ အမျိုးသမီးအပေါ် မရိုးသားစော်ကားချင်တဲ့ အကြည့်တစ်ချက်ကလည်း လိင်မှုဆိုင်ရာနှောင့်ယှက်စော်ကားမှုမည်ပါသတဲ့။ ဒါကြောင့်မို့ နေ့စဉ်အငှားယာဉ်တွေစီးပြီးသွားနေကြရတဲ့ အမျိုးသမီးတွေမှာ ကိုယ့်ပိုက်ဆံကိုယ်ပေးပြီး လိင်မှုဆိုင်ရာစော်ကားခံနေရတာကို အောင့်သက်သက်နဲ့ခံနေကြရတယ်ဆိုတာ ကိုယ်ကိုယ်တိုင်က သိနေကြပါတယ်။ ဒါပေမယ့်လည်း အကြောင်းကြောင်းကြောင့် အမျိုးသမီးတွေက မပြောရဲ ပြောမထွက်၊ မတိုင်ရဲမပြုရဲဖြစ်နေကြတာကို အခွင့်ကောင်းယူပြီး အနိုင်မကျင့်ကြပါနဲ့လို့ အမျိုးသမီးတွေရဲ့ ကိုယ်စားပြောလိုက်ချင်ပါတယ်။ အငှားယာဉ် မောင်းသူ အမျိုးသားအပေါင်း ကိုယ့်ရဲ့ခရီးသည်အမျိုးသမီးတွေကို ခရီးတစ်ကြောင်းစာမှာတော့ ဖေးမကူညီစောင့်ရှောက်နိုင်ကြပါစေလို့ ပြောပါရစေရှင်။



ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာသာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ၌ ၂၀၁၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များ အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုပစ္စည်းများ ဆက်ကပ်ချီးမြှင့်ပွဲကို မေ ၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင် ဆက်ကပ်ချီးမြှင့်စဉ်။
စိုင်း(သီပေါ)

## လမ်းပေါ်မှကောက်ရသောငွေထုပ်အား ပိုင်ရှင်ထံ ပြန်လည်အပ်နှံသူအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**ဖားကန့် မေ ၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပန်းတင်လေးရွာနေ မောင်မောင်ဦး (၁၈ နှစ်)သည် မတ် ၃၁ ရက်က မြို့ပေါ်ရှိပွဲရုံ၌ မတ်ပဲရောင်း၍ ရွာသို့အပြန် ဘုရားကြီး စာသင်ကျောင်းရှေ့တာပွန်လမ်းအရောက်၌ ငွေထုပ်ထွက်ကျခဲ့သည်ကို သတိမပြုမိဘဲ ရွာသို့ ပြန်ရောက်မှသာ ပဲရောင်းရငွေကျပ် ၇၀၅၀၀၀ ပျောက်ဆုံးနေကြောင်း သိရသည်။

ဇီးကုန်းမြို့ အမှတ်(၅)ရပ်ကွက်ဘုရားကြီးရေကန်၌ ရေစည်လှည်းတွန်းနေသူ ကိုတင်နိုင်ဝင်းသည် ယင်းနေ့ နံနက် ၁၀ နာရီက ရေစည်တွန်းလှည်းတွန်းလာစဉ် တာပွန်လမ်းမပေါ်၌ ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ထားသော ငွေထုပ်ကိုတွေ့ရှိပြီး ပြန်လည်ပေးအပ်ခဲ့သဖြင့် ငွေထုပ်ပိုင်ရှင်က ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## Myanmar Idol သီချင်းဆိုပြိုင်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ပြိုင်ပွဲဝင်သုံးဦး ယှဉ်ပြိုင်မှု မေ ၈ ရက်တွင်ကျင်းပမည်

**ရန်ကုန် မေ ၃**

Mntv ရုပ်သံလိုင်းက စီစဉ်သည့် Myanmar Idol သီချင်းဆိုပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ပြိုင်ပွဲဝင် Mဇော်ရိန်၊ နင်ဇီမေနှင့် စောလားထော်ဝါးတို့ သုံးဦးသည် ပရိသတ်၏ မဲပေးရွေးချယ်မှုအရ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ နောက်ဆုံးအဆင့်ပြိုင်ပွဲကို တက်ရောက်နိုင်ရန်အတွက် Top(4) အဆင့် သီဆိုယှဉ်ပြိုင်မှုတွင် ပြိုင်ပွဲဝင် Mဇော်ရိန်၊ နင်ဇီမေ၊ စောလားထော်ဝါး၊ Sophia Everest နှင့် မေကြည် စသည့် ပြိုင်ပွဲဝင်ငါးဦးသည် တေးရေးတေးဆို ဆောင်းဦးလှိုင်၏ သီချင်းများနှင့် အကောင်းဆုံးသီဆို ယှဉ်ပြိုင်ခဲ့ကြသည်။

Myanmar Idol သီချင်းဆိုပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပြိုင်ပွဲအတွက် အကောင်းဆုံးပြိုင်ပွဲဝင် သုံးဦးရွေးချယ်သည့်ပွဲစဉ်ကို မေ ၂ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ကွင်း၌ ကျင်းပခဲ့ပြီး အခမဲ့ရုပ်သံလိုင်းဖြစ်သည့် mntv ရုပ်သံလိုင်းကနေ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသခဲ့သည်။ ယင်းနောက်ဆုံးအဆင့်ပြိုင်ပွဲကို မေ ၈ ရက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင် သုံးဦးထဲမှ ပရိသတ်၏ မဲပေးရွေးချယ်မှုအများဆုံးရရှိသည့် ပြိုင်ပွဲဝင်တစ်ဦးသာ Myanmar Idol Winner အဖြစ် ရွေးချယ်မည်ဖြစ်သည်။ Myanmar Idol သီချင်းဆိုပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပြိုင်ပွဲကို mntv ရုပ်သံလိုင်းကနေ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ပြိုင်ပွဲဝင် သုံးဦး၏ သီဆိုယှဉ်ပြိုင်မှုများအပြင် အခြားနာမည်ကြီး နိုင်ငံကျော်အနုပညာရှင်များ သီဆိုဖျော်ဖြေမှု၊ Myanmar Idol ဒိုင်သုံးဦး၏ သီဆိုဖျော်ဖြေမှုများနှင့် ထူးခြားသည့် အစီအစဉ်တင်ဆက်မှုတွေလည်း ပါဝင်မည်ဖြစ်သည်။

Myanmar Idol သီချင်းဆိုပြိုင်ပွဲ နောက်ဆုံးအဆင့်၌ ပရိသတ်၏ မဲပေးရွေးချယ်မှု အများဆုံးရရှိသူတစ်ဦးကို Myanmar Idol Winner အဖြစ် ရွေးချယ်ကာ ဆုငွေကျပ်သန်း ၂၀ ကို ချီးမြှင့်မည်ဖြစ်ပြီး Shwe FM ရေဒီယိုက တေးစီးရီးတစ်ခွေထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် မေ ၃**

လယ်ဝေးမြို့နယ် အမှတ်(၁) ရပ်ကွက်၌ မေ ၂ ရက် ညနေ ၃ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ရာ သွပ်မိုး၊ ထရံကာ နေအိမ်နှစ်လုံး၊ သက်ငယ်မိုးထရံကာ နေအိမ်ငါးလုံး စုစုပေါင်းနေအိမ် ခုနစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ခုနစ်စုမှ စုစုပေါင်း လူဦးရေ ၃၀ မီးဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မေ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြွေရိုးကြီးကျောင်းတိုက်သို့ သွားရောက်၍ ဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သော တန်ဖိုးငွေကျပ် ၁၅၄၄၆၂ ရှိ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀ နှင့် ဆန်ရိက္ခာအတွက် ထောက်ပံ့ငွေကျပ် ၆၃၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မီးဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**❒ ရှေ့ဖုံးမှ**

၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် ကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို ညနေ ၅ နာရီတွင် စတင်ကျင်းပပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သောသဝဏ်လွှာကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်က ဖတ်ကြားသည်။

**(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာအား ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားရာတွင် "ယခုနိုင်ငံတော်အစိုးရသစ်သည် "ပြောင်းလဲချိန်တန်ပြီ" ဆိုသော ဆောင်ပုဒ်နှင့် တက်လာသော အစိုးရဖြစ်ကြောင်း၊ လူပြောင်း၊ မူပြောင်းစနစ်ပြောင်း ရုံမျှမကဘဲ ပြည်သူတို့၏ ဆန္ဒနှင့်အညီ အရာအားလုံး ဆက်လက်ပြောင်းလဲနိုင်အောင် ကြိုးပမ်းမည့် ပြည်သူ့အစိုးရဖြစ်ပါကြောင်း၊ နိုင်ငံသားနှင့် တိုင်းရင်းသားပြည်သူများ ကာလကြာမြင့်စွာ မျှော်မှန်းတမ်းတနေသော ဒီမိုကရေစီအရေးနှင့် အခြေခံလူ့အခွင့်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့ကို ဖော်ဆောင်အာမခံပေးနိုင်မည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းထမ်းရွက်သွားရမည်ဖြစ်ကြောင်း၊ အမျိုးသားရေးမျှော်မှန်းချက်များ အောင်မြင်အောင် ဖော်ဆောင်နိုင်ရေးအတွက် ရုပ်ရှင်လောကသားအပါအဝင် အနုပညာနယ်ပယ်စုံက အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ လောကသားများ၏ ပူးပေါင်းဆောင်ရွက်မှု အထူးလိုအပ်သည်ကို အလေးအနက် ပြောကြားလိုကြောင်း။

ရုပ်ရှင်လုပ်ငန်းသည် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းအတွက် အရေးပါပြီး ပြည်သူအား အသိပညာပေးသည့် ဉာဏပိုင်းဆိုင်ရာသာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုကြောင်း၊ အနုပညာရှင်များ၊ ရုပ်ရှင်လောကသားများ အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာမခံပေးနိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေး၊ မတူကွဲပြားနေသော ဘာသာသာသနာ၊ ယဉ်ကျေးမှုများအကြား ချစ်ကြည်စွာပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အေးချမ်းသာယာသော လူမှုပတ်ဝန်းကျင် ဖော်ဆောင်နိုင်ရေးတို့ကို အထောက်အကူပြုပေးနိုင်မည့် ဇာတ်ကားများ၊ အနုပညာဖန်တီးမှုများ ဦးစားပေးဆောင်ရွက်ကြရန် အလေးအနက်မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအား ယခုကဲ့သို့ နှစ်နှစ်စာပေါင်း၍ ပေးရခြင်း အကြောင်းရင်းများအား ပန်ကြားတင်ပြသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို စတင်ကြေညာရာ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်အသံဆုကို "မာယာပရောဂျက်" ရုပ်ရှင်ဇာတ်ကားမှ ဦးကြည်မင်းသိန်း၊ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို "ကောင်းကျိုးကိုယ်၌တည်စေမင်း" ရုပ်ရှင်ဇာတ်ကားမှ ဦးခင်မောင်ကြီး၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို "မောင့်အိမ်သူ" ရုပ်ရှင်ဇာတ်ကားမှ ဦးလှဆန်းဦး၊ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို "ကောင်းကျိုးကိုယ်၌တည်စေမင်း" ရုပ်ရှင်ဇာတ်ကားမှ သော်ဇင်၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို "ချစ်စံအိမ် ၂၀၂၈" ရုပ်ရှင်ဇာတ်ကားမှ ဦးဇော်မင်း (ဟံသာမြေ)၊ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းဆုကို "ကောင်းကျိုးကိုယ်၌ တည်စေမင်း" ရုပ်ရှင်ဇာတ်ကားမှ ဦးဇော်မြင့်ဦး၊ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို "အဆုံးမဲ့အချစ်" ရုပ်ရှင်ဇာတ်ကားမှ တိုးဝင်းပြည့်စုံ၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို "ကျူးပစ်ရဲ့ကျေးကျွန်များ" ရုပ်ရှင်ဇာတ်ကားမှ ဇော်မြင့်တို့ကရရှိခဲ့ကြပြီး ဆုရရှိသူများက ကျေးဇူးတင်ဝမ်းမြောက်စကားများ ပြောကြားကြသည်။

ထို့နောက် "မုံရွေးရည်" ရုပ်ရှင်ဇာတ်ကားအား ဂုဏ်ပြုသည့်အနေဖြင့် ကွယ်လွန်သွားပြီဖြစ်သော စွယ်စုံရအနုပညာရှင် အကယ်ဒမီမင်းသားကြီးဝင်းဦး၏ သီဆိုဟန်နှင့်အတူ အကယ်ဒမီဆုများရှင် ရန်အောင်က "မုံရွေးရည်" သီချင်းကို တွဲဖက်သီဆိုသရုပ်ဖော်တင်ဆက်သည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ဆက်လက်ကြေညာရာ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို "နှလုံးသားဖြင့် ပြုလုပ်သည်" ရုပ်ရှင်ဇာတ်ကားမှ ဝတ်မှုန်ရွှေရည်၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို "ဤအရာကို အချစ်ဟုခေါ်သလား" ရုပ်ရှင်ဇာတ်ကားမှ တက္ကသိုလ်ဂွမ်းပုံ၊ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို "နှလုံးသားဖြင့် ပြုလုပ်သည်" ရုပ်ရှင်ဇာတ်ကားမှ ဇင်ဝိုင်း၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို "ဤအရာကို အချစ်ဟုခေါ်သလား" ရုပ်ရှင်ဇာတ်ကားမှ ဗေလုဝ၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး ဒါရိုက်တာဆုကို "ကျွန်မက နှင်းဆီပါမောင်" ရုပ်ရှင်ဇာတ်ကား ရိုက်ကူးသူ ဒါရိုက်တာ ဝိုင်း၊ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို "ကောင်းကျိုးကိုယ်၌တည်စေမင်း" ဇာတ်ကားဖြင့် မြင့်မိုရ်ရုပ်ရှင်ထုတ်လုပ်ရေးတို့ ရရှိခဲ့ကြပြီး ဆုရရှိသူများက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကြသည်။

ဆက်လက်၍ "သကြၤန်မိုး" ရုပ်ရှင် ဂုဏ်ပြုအစီအစဉ်အနေဖြင့် သကြၤန်မိုးရုပ်ရှင် သကြၤန်အကအလှများဖြင့် ဖျော်ဖြေသည်။

ထို့နောက် ရုပ်ရှင်ချစ်ပရိသတ်များ စိတ်ဝင်စားမှုအများဆုံးဖြစ်သည့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုနှင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုတို့ကို ကြေညာရာ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို "ကောင်းကျိုးကိုယ်၌တည်စေမင်း" ရုပ်ရှင်ဇာတ်ကားမှ ခိုင်သင်းကြည်၊ ၂၀၁၅ ခုနှစ် အတွက် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို "ကျွန်မက နှင်းဆီပါမောင်" ရုပ်ရှင်ဇာတ်ကားမှ ဖွေးဖွေး၊ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို "နှလုံးသားဖြင့် ပြုလုပ်သည်" ရုပ်ရှင်ဇာတ်ကားမှ ပြေတီဦး၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို "နက္ခတ်မှားတဲ့တိုက်ပွဲ" ရုပ်ရှင်ဇာတ်ကားမှ နေတိုးတို့ရရှိကြောင်း ကြေညာပြီး ဆုရသူများက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးဝင်များ၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး ဒါရိုက်တာဆု၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ အကောင်းဆုံးရုပ်ရှင်အသံဆုနှင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုတို့ကိုမူ ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်နိုင်ခဲ့ခြင်းမရှိပေ။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများကို လာမည့်နှစ်များတွင် ဖေဖော်ဝါရီလ နောက်ဆုံးပတ် (သို့မဟုတ်) မတ်လ ဆန်းပိုင်းတွင် ပုံမှန်ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသည် ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှာစကားပြောကြားစဉ် (သတင်းစဉ်)



၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် ကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနား ဖျော်ဖြေမှု တင်ဆက်သည့်မြင်ကွင်း (သတင်းစဉ်)



၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရှင် ဝတ်မှုန်ရွှေရည် ဆုယူစဉ် (သတင်းစဉ်)



၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးဒါရိုက်တာဆုရရှိသည့် ဒါရိုက်တာ ဝိုင်းအား ဂုဏ်ပြုနှုတ်ဆက်ကြစဉ် (သတင်းစဉ်)



ခိုင်သင်းကြည်



ဖွေးဖွေး



ပြေတီဦး



နေတိုး

❖ *ကျောဖုံးမှ*

**ဦးခင်မောင်ကြီး**
**(၂၀၁၄ ခုနှစ် အကောင်းဆုံးရုပ်ရှင်တေးဂီတဆု)**

"ဒီဆုက တတိယမြောက်ရတဲ့ဆုဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ တူရိယာပေါင်းစုံကို အကောင်းဆုံးသံစဉ် မျှတအောင် တီးခတ်ခဲ့ပါတယ်။ ကျွန်တော်တစ်ဦးတည်းကောင်းလို့ ရခဲ့တာမဟုတ်ပါဘူး။ အားလုံးစုစုစည်းစည်းနဲ့ ကြိုးစားကြလို့ အကယ်ဒမီရခဲ့တာလို့ ယုံကြည်ပါတယ်။ ရှေ့ဆက်ပြီး ရုပ်ရှင်ဂီတနဲ့ပတ်သက်ပြီး အကောင်းဆုံးကြိုးစား သွားမှာပါ"ဟု ပြောကြားသည်။

ဦးခင်မောင်ကြီးသည် ၂၀၀၂ ခုနှစ်က **ငါ့သူတစ်ပါးယောကျ်ား၊ မိန်းမ** ဇာတ်ကားဖြင့် ရုပ်ရှင်တေးဂီတအကယ်ဒမီဆုရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်က **ကျန်စစ်မင်း** ဇာတ်ကားဖြင့် ဒုတိယအကြိမ်ရရှိခဲ့ရာ ယခုတတိယအကြိမ်သည် **ကောင်းကျိုးကိုယ်၌ တည်စေမင်း** ဇာတ်ကားဖြင့် အကောင်းဆုံးဆုရခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးတေးဂီတဆုကို လှဆန်းဦးက ရရှိသွားခဲ့သည်။

**ဝတ်မှုန်ရွှေရည်**
**(အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ၂၀၁၄)**

"ပရိသတ်တွေရဲ့ ရရှိစေချင်တဲ့ဆန္ဒအတိုင်း အခုလိုအကယ်ဒမီဆုရရှိလို့ အတိုင်းမသိဝမ်းသာရပါတယ်။ ကျရာဇာတ်ရုပ်မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ။ လိုအပ်ချက်၊ အားနည်းချက်တွေရှိပေမယ့် အမြဲတမ်းကြိုးစားဖြည့်ဆည်းပြီး ကြိုးစားသွားမှာပါ" ဟု ရင်ဖွင့်ခဲ့သည်။

ဝတ်မှုန်ရွှေရည်သည် ၂၀၁၃ ခုနှစ်က **နင်စေရင်** ဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ဆောင်ဆုကို ပထမဆုံးရရှိခဲ့ပြီး ယခုဒုတိယအကြိမ်တွင် **နှလုံးသားဖြင့် ပြုလုပ်သည်** ဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ပို့ဆု ထပ်မံရရှိခဲ့ခြင်း ဖြစ်သည်။ ထို့အတူ ၂၀၁၅ ခုနှစ်အတွက် အမျိုးသမီးဇာတ်ပို့ဆုကို ပြည်သူများမျှော်လင့်ထားသည့်အတိုင်း တက္ကသိုလ်ဂွမ်းပုံက **ဤအရာကို အချစ်လို့ခေါ်သလား**ဇာတ်ကားဖြင့် ပထမဆုံးအကယ်ဒမီဆုရခဲ့ခြင်းဖြစ်သည်။

**ခိုင်သင်းကြည်(အမျိုးသမီးဇာတ်ဆောင်ဆု ၂၀၁၄)**

၂၀၁၄ ခုနှစ်အတွက် အမျိုးသမီးဇာတ်ဆောင်ဆုကို သရုပ်ဆောင်ခိုင်သင်းကြည်က ဒါရိုက်တာဇေပါ ရိုက်ကူးပြီး မြင့်မိုရ်ဦး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် **ကောင်းကျိုးကိုယ်၌ တည်စေမင်း**ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသွားခြင်းဖြစ်သည်။

"ဒီဆုကို အကယ်ဒမီဆုပေးပွဲမတိုင်မီကတည်းက ပရိသတ်တွေကောင်းတယ်လို့ လူမှုကွန်ရက်က ခန့်မှန်းထားတဲ့အတိုင်း ဖြစ်လာတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ပရိသတ်တွေရဲ့ အားပေးမှုနဲ့ အောင်မြင်မှုတွေရဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု အကယ်ဒမီ ခိုင်သင်းကြည်က ပြောသည်။ အကယ်ဒမီ ခိုင်သင်းကြည်သည် ၂၀၁၃ ခုနှစ်က စုန်းပြူးဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ပို့ဆု ဆွတ်ခူးနိုင်ခဲ့သည်။

**ဖွေးဖွေး( အမျိုးသမီးဇာတ်ဆောင်ဆု ၂၀၁၅)**

၂၀၁၅ ခုနှစ်အတွက် အမျိုးသမီးဇာတ်ဆောင်ဆုကို သရုပ်ဆောင်ဖွေးဖွေးက ဒါရိုက်တာဝိုင်း ရိုက်ကူးပြီး ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် **ကျွန်မက နှင်းဆီပါမောင်** ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

"သရုပ်ဆောင်ထားတဲ့ဇာတ်ကားကတော့ ခုနစ်ကားရှိပါတယ်။ **ကျွန်မကနှင်းဆီပါမောင်** ဇာတ်ကားကတော့ အကြိုက်ဆုံးပါပဲ။ ဒီကားနဲ့ပဲ မျှော်လင့်ထားတဲ့အတိုင်းဖြစ်နေတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ လူမှုကွန်ရက်က ဆုတောင်းပေးတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်"ဟု အကယ်ဒမီ ဖွေးဖွေးက ပြောသည်။ ဖွေးဖွေးသည် ၂၀၁၂ ခုနှစ်က **လက်ပံ** ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို ဆွတ်ခူးခဲ့သည်။

**ဝိုင်း (ဒါရိုက်တာ ၂၀၁၅)**

ဒါရိုက်တာဆုကို ၂၀၁၄ ခုနှစ်အတွက် ရွေးချယ်ခဲ့ခြင်းမရှိဘဲ ၂၀၁၅ ခုနှစ်အတွက်သာ ဒါရိုက်တာ ဝိုင်းက **ကျွန်မက နှင်းဆီပါမောင်** ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

"ဒီဇာတ်ကားက ရုံတင်ပြသပြီးကတည်းက ပရိသတ်တွေကြားမှာ အသံတွေ ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် ဒီအသံတွေကပဲ အခုလိုအောင်မြင်ဖို့အတွက် လှေကားထစ်လေးတွေ ဖြစ်လာခဲ့ပါတယ်။ လူ့ဘဝမှာ မိမိဩဇာအာဏာရှိချိန်၊ အနိုင်စီးရချိန်မှာ ကျန်တဲ့သူတွေကို အထင်သေးနှိမ့်ချတတ်သူတွေအတွက် တစ်နေ့နေ့မှာ လောကနိယာမအတိုင်း ပြန်လည်နိမ့်ကျနိုင်တယ်ဆိုတဲ့ ပညာပေးဇာတ်ကားအဖြစ် ရိုက်ကူးခဲ့တာပါ"ဟု ဒါရိုက်တာဝိုင်းက ပြောသည်။ ဒါရိုက်တာဝိုင်းသည် ၂၀၁၃ ခုနှစ်ကလည်း **စေတန်ရဲ့ ကချေသည်**ဇာတ်ကားဖြင့် ဒါရိုက်တာဆုရခဲ့သည်။

**ပြေတီဦး(အမျိုးသားဇာတ်ဆောင်ဆု ၂၀၁၄)**

၂၀၁၄ ခုနှစ်အတွက် အမျိုးသားဇာတ်ဆောင်ဆုကို သရုပ်ဆောင် ပြေတီဦးက ဒါရိုက်တာဝိုင်း ရိုက်ကူးပြီး လက်ကီးဆဲလ်ဗင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် **နှလုံးသားဖြင့် ပြုလုပ်သည်** ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ဆွတ်ခူးသွားသည်။

"ဒီနေ့ရတဲ့ဆုက ကျွန်တော်လုံးဝ မျှော်လင့်မထားဘဲရတဲ့ဆုပါ။ ဒီလိုရတဲ့အတွက် အများမပြောနဲ့ ကျွန်တော့်အမျိုးသမီးကတောင် မနာလိုဖြစ်တယ်လို့ ပြောပါတယ်။ အဲဒီအတွက်လည်း အားလုံးကို အားနာပါတယ်။ လိုအပ်တာတွေကိုလည်း ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**နေတိုး(အမျိုးသားဇာတ်ဆောင်ဆု ၂၀၁၅)**

၂၀၁၅ ခုနှစ်အတွက် အမျိုးသားဇာတ်ဆောင်ဆုကို သရုပ်ဆောင်နေတိုးက **နက္ခတ်မှားတဲ့တိုက်ပွဲ** ဇာတ်ကားဖြင့် အကောင်းဆုံးဇာတ်ဆောင်ဆုရခဲ့သည်။

"တကယ်တမ်း ၂၀၁၅ ခုနှစ်အတွက် ပရိသတ်တွေမျှော်လင့်ထားတဲ့အတိုင်းဖြစ်လာတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော် ဒီကားဇာတ်ကားမှာ စရိုက်သုံးမျိုးနဲ့ သရုပ်ဆောင်ခွင့်ရတဲ့အတွက် ဒီနှစ်အကယ်ဒမီရလိုက်တာပါ။ နောင်နှစ်တွေမှာလည်း ပရိသတ်တွေရဲ့ အားပေးမှု၊ ပရိသတ်တွေရဲ့ နှလုံးသားထဲမှာ ဆက်လက်ရှင်သန်နေအောင် ကြိုးစားသွားမှာပါ။"

အကယ်ဒမီနေတိုးသည် ၂၀၁၂ ခုနှစ်ကလည်း **မိုးညအိပ်မက်မြူ**ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

**(မြန်မာ့အလင်း)**

## ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများ

| စဉ် | ဇာတ်ကားအမည် | ဆုရရှိသူ | ဆုအမျိုးအစား |
|---|---|---|---|
| ၁ | မာယာပရောဂျက် | ဦးကြည်မင်းသိန်း | ၂၀၁၄အကောင်းဆုံးရုပ်ရှင်အသံဆု |
| ၂ | ကောင်းကျိုးကိုယ်၌တည်စေမင်း | ဦးခင်မောင်ကြီး | ၂၀၁၄အကောင်းဆုံးရုပ်ရှင်တေးဂီတဆု |
| ၃ | မောင့်အိမ်သူ | ဦးလှဆန်းဦး | ၂၀၁၅အကောင်းဆုံးရုပ်ရှင်တေးဂီတဆု |
| ၄ | ကောင်းကျိုးကိုယ်၌တည်စေမင်း | သော်ဇင် | ၂၀၁၄အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု |
| ၅ | ချစ်စံအိမ် ၂၀၂၈ | ဦးဇော်မင်း(ဟံသာမြေ) | ၂၀၁၅အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု |
| ၆ | ကောင်းကျိုးကိုယ်၌တည်စေမင်း | ဦးဇော်မြင့်ဦး | ၂၀၁၄အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု |
| ၇ | အဆုံးမဲ့အချစ် | တိုးဝင်းပြည့်စိုး | ၂၀၁၄အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု |
| ၈ | ကျူးပစ်ရဲ့ကျေးကျွန်များ | ဇော်မြင့် | ၂၀၁၅အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု |
| ၉ | နှလုံးသားဖြင့်ပြုလုပ်သည် | ဝတ်မှုန်ရွှေရည် | ၂၀၁၄အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု |
| ၁၀ | ဤအရာကိုအချစ်ဟုခေါ်သလား | တက္ကသိုလ်ဂွမ်းပုံ | ၂၀၁၅အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု |
| ၁၁ | နှလုံးသားဖြင့်ပြုလုပ်သည် | ဇင်ဝိုင်း | ၂၀၁၄အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု |
| ၁၂ | ဤအရာကိုအချစ်ဟုခေါ်သလား | ဗေလုဝ | ၂၀၁၅အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု |
| ၁၃ | ကျွန်မကနှင်းဆီပါမောင် | ဒါရိုက်တာဝိုင်း | ၂၀၁၅အကောင်းဆုံးဒါရိုက်တာဆု |
| ၁၄ | ကောင်းကျိုးကိုယ်၌တည်စေမင်း | မြင့်မိုရ်ရုပ်ရှင်ထုတ်လုပ်ရေး | ၂၀၁၄အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု |
| ၁၅ | ကောင်းကျိုးကိုယ်၌တည်စေမင်း | ခိုင်သင်းကြည် | ၂၀၁၄အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု |
| ၁၆ | ကျွန်မကနှင်းဆီပါမောင် | ဖွေးဖွေး | ၂၀၁၅အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု |
| ၁၇ | နှလုံးသားဖြင့်ပြုလုပ်သည် | ပြေတီဦး | ၂၀၁၄အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု |
| ၁၈ | နက္ခတ်မှားတဲ့တိုက်ပွဲ | နေတိုး | ၂၀၁၅အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု |

မှတ်ချက်။ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးဒါရိုက်တာဆု၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆု၊ အကောင်းဆုံးရုပ်ရှင်အသံဆုနှင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုတို့ ချီးမြှင့်နိုင်ခြင်းမရှိပေ။




၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသော အနုပညာမောင်နှမများကို တွေ့ရစဉ် (သတင်းစဉ်)

# ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ မြင်ကွင်းပုံရိပ်များ



၂၀၁၄ အကောင်းဆုံး ရုပ်ရှင်အသံဆုရ ဦးကြည်မင်းသိန်း ဆုလက်ခံယူစဉ်
(သတင်းစဉ်)



၂၀၁၄ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရ ဦးခင်မောင်ကြီး ဆုလက်ခံယူစဉ်
(သတင်းစဉ်)



၂၀၁၅ အကောင်းဆုံး ဒါရိုက်တာဆုရ ဒါရိုက်တာဝိုင်း ဆုလက်ခံယူစဉ်
(သတင်းစဉ်)



၂၀၁၅ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုရ ဦးဇော်မင်း(ဟံသာမြေ) ဆုလက်ခံယူစဉ်
(သတင်းစဉ်)



၂၀၁၄ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ ဇင်ဝိုင်း ဆုလက်ခံယူစဉ်
(သတင်းစဉ်)



၂၀၁၄ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရ ခိုင်သင်းကြည် ဆုလက်ခံယူစဉ်
(သတင်းစဉ်)



၂၀၁၅ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရ တက္ကသိုလ်ဝှမ်းပုံ ဆုလက်ခံယူစဉ်
(သတင်းစဉ်)



၂၀၁၅ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ ဗေလုဝ ကိုယ်စား သားဖြစ်သူ ဆုလက်ခံယူစဉ်
(သတင်းစဉ်)



၂၀၁၄ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရ တိုးဝင်းပြည့်စုံ ဆုလက်ခံယူစဉ်
(သတင်းစဉ်)

# ပြည်သူ့နှလုံးသည်းပွတ်တို့၏ တစ်ကျော့ပြန်ရွှေခေတ် ခရီးသစ်စတင်ခဲ့ပြီ

ခင်ရတနာ




၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား မြင်ကွင်း (ဓာတ်ပုံ-သတင်းစဉ်)

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။ အနုပညာအလုပ်ကို လုပ်ကိုင်ကြသူများအားလုံးသည် ၎င်းတို့၏ တစ်နှစ်တာ ကြိုးစားအားထုတ်နိုင်သမျှကို မှတ်ကျောက်တင်ခံခွင့်ရမည့် မှတ်တိုင်တစ်ခုအဖြစ် အကယ်ဒမီရွှေစင်ရုပ်တုကို မျှော်လင့်ကြသည်။ အနုပညာရှင်တို့၏ မျှော်လင့်ချက်များကို အရောင်တင်ပေးနိုင်မည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကြီးကြပ်မှု အလွှာ ၁၀ လွှာတို့သည်လည်း အဆင့်ဆင့် လွတ်လပ်ခွင့်ရရှိလာသည်နှင့်အညီ မြန်မာ့ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအလုပ်လုပ်ခွင့်ရရှိလာနေသည်ကို မြင်တွေ့ရသည်။

အနုပညာသည် လူသားတို့၏စိတ်နှလုံးကို သိမ်းပိုက်လွှမ်းမိုးနိုင်စွမ်းကြီးမားသည့် အရာတစ်ခုဖြစ်ပြီး လူသားတို့အတွက် မရှိမဖြစ်သည့် ဖျော်ဖြေမှု၊ အတုယူမှုနှင့် လိုက်နာမှုများကိုလည်း ပေးစွမ်းသဖြင့် အနုပညာသမားတိုင်းသည် မိမိတို့ကျသည့် ဇာတ်ရုပ်နေရာမှ ပြည်သူ့အတွက် နိုင်ငံအတွက် တာဝန်ကျေပွန်အောင်ကြိုးစားကြရန် အထူးလိုအပ်လှသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို ၂၀၁၂ခုနှစ်တွင် အတတ်ပညာရှင်များစိတ်ကြိုက်ရွေးချယ်မှုမှတစ်ဆင့် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီး အနုပညာရှင်များပါဝင်သည့် အကဲဖြတ်အဖွဲ့များကို ဖွဲ့စည်းခဲ့ခြင်းဖြင့် ယခင်အတိတ်ကာလက အစဉ်တစိုက် ရွေးချယ်ပေးခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနမှပေးအပ်သည့် ရွေးချယ်မှုစနစ်များထက် ပိုမိုပွင့်လင်းသည့်စနစ်ကို ဖော်ဆောင်လာနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်တွင်စတင်ခဲ့သည်။ ထိုစဉ်က မြန်မာ့ရုပ်ရှင်သည် နိုင်ငံတကာရုပ်ရှင်လုပ်ငန်းများထက် အနှစ် ၄၀ ခန့်အကွာတွင် ထွက်ပေါ်လာခဲ့ပြီး တစ်ခေတ်တစ်ခါက မြန်မာ့ရုပ်ရှင်တို့သည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်၊ အကျင့်စာရိတ္တနှင့် နိုင်ငံတကာနှင့် ဆက်ဆံရေးများတွင်ပါ အကျိုးပြုခဲ့သည့် သာဓကများစွာ မြင်တွေ့ရသည်။ အနုပညာသည် နိုင်ငံနှင့် ပြည်သူပြည်သားများအတွက် Soft Power တစ်မျိုးဖြစ်ပြီး ဩဇာကြီးမားသည့် အနုပညာအတတ်ပညာရှင်များသည်လည်း ပြည်သူပြည်သားများအတွက် အစဉ်အလေးထားကြရန် များစွာလိုအပ်လှသည်။

စင်မြင့်ပေါ်မှတစ်ဆင့် ရက်သားအစိုးရသစ်ကို စောင့်ကြည့်မည်ဟု ဆိုသံကိုလည်း ကြားရသည်။ မီးမပျက်စေရေး ဆုတောင်းပေးလိုက်သည့် အကယ်ဒမီဆုရှင်ကိုလည်း မြင်တွေ့ရသည်။ မြန်မာ့ရုပ်ရှင်ကဏ္ဍအတွက် များစွာ အားတက်စေနိုင်သည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကား ဖတ်ကြားသွားသည်ကိုလည်း ကြားရသည်။ ထိုသည်မှာပင် ကျွန်မတို့အားလုံး မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီ၏ ပြယုဂ်တစ်ခုပင်

တစ်ချိန်က မြန်မာ့ရုပ်ရှင်သည် အလွန်အဆင့်အတန်းမြင့်မားခဲ့သော်လည်း နည်းပညာအားနည်းမှု၊ အတွေ့အကြုံအားနည်းမှုများကြောင့် မြန်မာ့ရုပ်ရှင်အဆင့်အတန်းသည် များစွာနိမ့်ကျလာခဲ့ပြီး ဇာတ်ကားများ၏အဆင့်အတန်းသည်လည်း စံမမီဖြစ်ခဲ့ရသည်။ တစ်ပတ်အတွင်း ဇာတ်ကားတစ်ကားအပြီး ရိုက်ကူးကြပြီး ရိုက်ကူးရေးလုပ်ငန်းသုံး ဆက်တင်များသည်လည်း အလွန်ဟောင်းနွမ်းလာကာ ရိုက်ကူးသည့် ဇာတ်ကားအများစုသည်လည်း ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ အသုံးအဆောင်၊ သရုပ်ဆောင်အတတ်ပညာနှင့် ဇာတ်ကားအရည်အသွေးများအားလုံးသည် အလွန်ပင်နောက်ကျခဲ့ရဖူးသည်။

ဇာတ်ကားများအရည်အသွေးကျဆင်းလာသည့်အပြင် လွတ်လပ်ရေးမရရှိခင်ကတည်းက ဖွံ့ဖြိုးလာခဲ့သည့် ခေတ်အဆက်ဆက်ရုပ်ရှင်ရုံများသည်လည်း စစ်အစိုးရလက်ထက်တွင် ပျောက်ကွယ်ခဲ့ရသဖြင့် ဆယ်ဂဏန်းမျှသာကျန်ရှိတော့သည်ကို မြင်တွေ့ရသည်။ သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် ရုပ်ရှင်ရုံများပြန်လည်ထွက်ပေါ်လာရန် ကြိုးပမ်းမှုအစပျိုးခဲ့ပြီး ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန၏ အချက်အလက်များအရ နှစ်ရှည်ငှား ရုပ်ရှင်ရုံ ၁၉ရုံ၊ အပြီးရောင်းရုပ်ရှင်ရုံ လေးရုံ၊ ပုဂ္ဂလိကပိုင် ၁၉ ရုံ စုစုပေါင်း ၄၂ ရုံကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခဲ့ကြောင်း သိရှိရသည်။

ရုပ်ရှင်ရုံများ စနစ်တကျဖွံ့ဖြိုးလာစေရေးအတွက်လည်း ရုပ်ရှင်ဥပဒေအား ခေတ်နှင့်အညီပြန်လည်ရေးဆွဲခြင်းကို ၂၀၀၂ခုနှစ်တွင် စတင်ခဲ့ပြီး ရုပ်ရှင်လောကသားများ အခွင့်အရေးနှင့် ပရိသတ်များအခွင့်အရေးကို ဖော်ဆောင်ကာ နိုင်ငံတကာနှင့်အညီ ရေးဆွဲလျက်ရှိကြောင်း သိရသော်လည်း အလျင်အမြန်အကောင်အထည်ဖော်ရန် လိုအပ်နေချိန်ဖြစ်ရာ အမြန်ဆုံးပေါ်ပေါက်လာနိုင်ရန် မျှော်လင့်ရသည်။

ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရိုက်ကူးရန် ကြိုတင်ပြင်ဆင်ခြင်း၊ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ရုံတင်ပြသခြင်းစသည့် အပိုင်းများအလိုက် နားလည်တတ်ကျွမ်းမှုနှင့် လေ့ကျင့်သင်ကြားမှု၊ အတွေ့အကြုံနှင့် နည်းပညာ၊ ငွေကြေးအထောက်အကူပေါင်းများစွာ ရရှိရန် လိုအပ်သည်။ အထူးသဖြင့် နိုင်ငံရေးမူဝါဒများသည် ခေတ်အဆက်ဆက်တွင် ရုပ်ရှင်လုပ်ငန်းအပေါ် များစွာလွှမ်းမိုးနေခဲ့သည်ကို ခံစားခဲ့ကြရဖူးပြီ။ မျိုးချစ်စိတ်အားသန်သည့်ဇာတ်ကားများ၊ ပေါ်လစီအရရိုက်ကူးသည့် ဇာတ်ကားများကို ရွေးချယ်ကာ စိစစ်အကဲဖြတ်မှုများကြောင့် အနုပညာရှင်များ၏ မူရင်းဗီဇဓာတ်ခံ အနုပညာများသည် တိမ်မြုပ်လာခဲ့ပြီး နည်းပညာအပိုင်းတွင်လည်း လိုအပ်ချက်များစွာကြောင့် မြန်မာ့ရုပ်ရှင်သည် ခါးဆတ်ပြတ်ခြင်းကြုံတွေ့ရသည့်အပြင် ရုပ်ရှင်ရုံများ ရှားပါးလာကာဇာတ်ကားတစ်ကားရုံတင်ပြသခွင့်ရရှိရန် အနုပညာရှင်များနှင့် ထုတ်လုပ်သူများအတွက် အချိန်များစွာ ရင်းနှီးခဲ့ကြရသည်။

ယခုနှစ်အတွက် ဆုချီးမြှင့်ခြင်းခံခဲ့ရသူ အကယ်ဒမီဆုရှင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားရာတွင် မြန်မာ့ရုပ်ရှင်ကို စကားပုံတစ်ခုနှင့် ခိုင်းနှိုင်းဥပမာပေးသွားသည်ကို မြင်တွေ့ရသည်။ "ကျွန်တော်တို့ ခရီးတစ်ခုကိုသွားဖို့ အမြန်ရောက်ချင်ရင် တစ်ယောက်တည်းသွားပါ။ အုပ်စုလိုက်သွားရင်တော့ အားလုံး စုစုစည်းစည်းနဲ့ မခိုမကတ်ဘဲ သွားမှသာ လိုရာခရီးကိုရောက်မှာ" ဟု ပြောကြားခဲ့သည်။ မှန်ပေသည်။ ရုပ်ရှင်လုပ်ငန်းသည် တစ်ဦးချင်း၊ တစ်ယောက်ချင်း ထူးချွန်ရုံမျှဖြင့် အောင်မြင်မှုမရရှိဘဲ၊ ဒါရိုက်တာမှအစ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ အသံစနစ်၊ တည်းဖြတ်စနစ်၊ ရိုက်ကူးရေးစနစ်တို့မှ လုပ်သားများ၊ ထုတ်လုပ်သူများစသည်ဖြင့် အားလုံးစုပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သည့်ရလဒ်ကို ရရှိလာမည်ဖြစ်သည်။

ယခုအချိန်သည် ပြည်သူများရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရ စတင်အုပ်ချုပ်သည့်ကာလ၊ ရက်သားနိုင်ငံရေးစာမျက်နှာသစ် ဖွင့်ခါစ အချိန်ဖြစ်သည်နှင့်အညီ အနုပညာရှင်များ၏ နှလုံးသည်းပွတ်ဖြစ်သည့် အကယ်ဒမီရွှေစင်ရုပ်တု ပေးအပ်ချီးမြှင့်သည့်အချိန်နှင့် အချိန်ကိုက်ဖြစ်သဖြင့် အခမ်းအနားတစ်လျှောက်တွင် အနုပညာရှင်များ၏ လွတ်လပ်စွာပြောဆိုဖြေကြားနေသည့် တွေ့ဆုံမေးမြန်းမှုများကိုလည်း မြင်တွေ့ရသည်။ စင်မြင့်ပေါ်မှတစ်ဆင့် ရက်သားအစိုးရသစ်ကို စောင့်ကြည့်မည်ဟု ဆိုသံကိုလည်း ကြားရသည်။ မီးမပျက်စေရေး ဆုတောင်းပေးလိုက်သည့် အကယ်ဒမီဆုရှင်ကိုလည်း မြင်တွေ့ရသည်။ မြန်မာ့ရုပ်ရှင်ကဏ္ဍအတွက် များစွာအားတက်စေနိုင်သည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကား ဖတ်ကြားသွားသည်ကိုလည်း ကြားရသည်။ ထိုသည်မှာပင် ကျွန်မတို့အားလုံး မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီ၏ ပြယုဂ်တစ်ခုပင်ဖြစ်သည်။

မီးဆလိုက်ရောင်စုံများကြားက အကယ်ဒမီထူးချွန်ဆုချီးမြှင့်ပွဲကြီးသည် ဖန်သားပြင်ပေါ်၌ တိုက်ရိုက်ကြည့်ရှုနေကြသည့် ပြည်သူတို့၏ ရင်ထဲအထိ အပျော်များကိုစီးဝင်စေသည်။ အနုပညာရှင်များအပေါ် ပြည်သူတို့၏ မျှော်လင့်ချက်သည် အနုပညာပြည့်ဝမှုပင်ဖြစ်သည်။ မည်မျှပင် အားနည်းကာ ကြိုးစားဖြည့်ဆည်းနေရပါစေ၊ အနုပညာပိုင်း၊ အတတ်ပညာပိုင်း လိုအပ်ချက်များပါစေ ပြည်သူများ၏ အားပေးမှုသည် အားကောင်းလျက်ပင် ရှိသေးသည်။

ထိုသို့သောအခြေအနေများတွင် ခေတ်စနစ်နှင့် လျော်ညီသည့် ရုပ်ရှင်ရုံများ ထွက်ပေါ်လာရေး၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာလုပ်ငန်းများ ဖျော်ဖြေတင်ဆက်နိုင်မည့် အနုပညာဗဟိုဌာနများထွက်ပေါ်လာရေး၊ အာဆီယံအပါအဝင် နိုင်ငံတကာ ရုပ်ရှင်လုပ်ငန်းများကို လေ့လာရန်အခွင့်အရေးများရရှိစေရေး၊ နိုင်ငံတကာဆက်သွယ်ပူးပေါင်းမှုများ အားကောင်းလာစေရေးနှင့် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်ပညာသင်တန်းကျောင်းများ ဖွံ့ဖြိုးလာစေရေးနှင့် ရုပ်ရှင်ဥပဒေလျင်မြန်စွာ ပေါ်ထွက်လာရေးတို့မှာ ဆောင်ရွက်နေကြသည့်ကြားကပင် ထပ်မံကာ အရေးတကြီး လိုအပ်လာပြီဖြစ်ကြောင်း အနုပညာရှင်၊ အတတ်ပညာရှင်များ အားလုံးက တစ်ညီတစ်ညွတ်တည်း မျှော်လင့်ထားကြသည်။

ထို့ပြင် တစ်နှစ်ကျော်ပေးအပ်ခဲ့ရာမှ နှစ်နှစ်စာတစ်ပြိုင်နက် ပေးအပ်နိုင်ရုံမျှဖြင့် အနုပညာလွတ်လပ်ခွင့်ရရှိသည်၊ တိုးတက်လာသည်ဟု မယူဆသင့်ဘဲ များစွာဖြည့်ဆည်းကြိုးပမ်းသွားရဦးမည်ဖြစ်ကြောင်း အကယ်ဒမီထွန်းအိန္ဒြာဗိုလ်ကပြောကြားခဲ့ပြီး ပေးအပ်သည့်ဆုများသည် အရည်အသွေးနှင့်ကိုက်ညီမှု ရှိခြင်း၊ မရှိခြင်းကိုလည်း စောင့်ကြည့်သွားရန်အတွက် အခမ်းအနားမစတင်မီတွင် အကယ်ဒမီဝေဠုကျော်က ဖြေကြားထားသေးသည်။ ယမန်နှစ်ကလည်း အချို့သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို အကဲဖြတ်မှု အတွေ့အကြုံအားနည်းချက်တို့ကြောင့် ပေးအပ်မှု ဆုံးရှုံးခဲ့ရသေးသည်။ ထို့အပြင် ကျွန်မတို့အသိုင်းအဝိုင်းသည် တစ်ဦးချင်းရပ်တည်အောင်မြင်ခြင်းထက် အောင်မြင်မှုအတွက် အားလုံးဝိုင်းဝန်းပေးဆပ်ခြင်းဖြင့်ရရှိသည်ဟု ထပ်ဆင့်အကယ်ဒမီ ဆုပူပူနွေးနွေးရရှိလိုက်သည့် ငယ်ရွယ်သော်လည်း အနုပညာပါရမီရင့်သန်သူ ဝတ်မှုန်ရွှေရည်က အခမ်းအနားမတိုင်ခင် ပြောကြားခဲ့သေးသည်။

ယနေ့အခမ်းအနားအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို အစိုးရမှ ထိန်းချုပ်မှုကင်းစွာဖြင့် အနုပညာသမားစစ်စစ်တို့က ရွေးချယ်ပေးလိုက်ခြင်းသည် ပြည်သူ့နှလုံးသည်းပွတ် အနုပညာရှင်တို့၏ ဒီမိုကရေစီခရီးလမ်းမကြီးကို စတင်ဖွင့်လှစ်လိုက်နိုင်ခြင်းပင်ဖြစ်သည်။ အနုပညာသည် လွတ်လပ်စွာဖန်တီးထုတ်လုပ်ခွင့်ရှိသည့် လူသားတို့၏ စိတ်နှလုံးအတတ်ပညာပင်ဖြစ်သည်။ အနုပညာကို ထက်မြက်သည့်အတတ်ပညာ၊ မြင့်မားသည့်နည်းပညာတို့ဖြင့် ပေါင်းစပ်ခွင့်ရရှိကာ ပြည်သူ့အတွက် အနာဂတ်မြန်မာ့ရုပ်ရှင်သည်လည်း လွတ်လပ်စွာဖြင့် အမြင့်ဆုံးပျံသန်းနိုင်ပါစေဟု မျှော်လင့်လိုက်ရပါကြောင်း။

# မန္တလေးသင်္ကြန်ပွဲ ကျုံးဘေးတစ်လျှောက် ရေစုပ်စက်ဖြင့် ရေပက်ကစားခြင်း အနောက်ဘက်နှင့်မြောက်ဘက်တွင်ခွင့်ပြုမည်

**မန္တလေး ဧပြီ ၃**

၂၀၁၆ မဟာသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ ကျုံးဘေးတစ်လျှောက် ရေစုပ်စက်များဖြင့် ရေပက်ကစားခြင်းကို သတ်မှတ်စည်းကမ်းများနှင့်အညီ ကျုံးအနောက်ဘက်နှင့် မြောက်ဘက်တို့တွင် တစ်ဖက်လျှင် ရေစုပ်စက် ၇၅ ခု စုစုပေါင်း ၁၅၀ ကို ခွင့်ပြုမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဧပြီ ၁ ရက်က ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အစည်းအဝေးဆုံးဖြတ်ချက်အရ ခွင့်ပြုခြင်းဖြစ်ပြီး သုံးစွဲခွင့်ရရှိသူများသည် ငွေကျပ် နှစ်သိန်းကို စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနသို့ ပေးသွင်းရမည်ဖြစ်သည်။

"ကျုံးရေဆိုတာ ရေလျှံထွက်ပေါက်တွေကတစ်ဆင့် အမြဲထွက်နေလို့ သင်္ကြန်ကာလအတွင်း ကျုံးဘေးမှာ ရေစုပ်စက်နဲ့ ရေကစားတဲ့အတွက် ကျုံးရေသုံးစွဲမှု မထိခိုက်နိုင်ဘူး။ ဒါကြောင့် အနောက်ဘက်နဲ့ မြောက်ဘက်မှာပဲ ခွင့်ပြုခဲ့တာဖြစ်တယ်။ လျှောက်ထားသူ များလာရင် မဲစနစ်ကို သုံးရမယ်"ဟု မြို့တော်စည်ပင်တာဝန်ရှိသူတစ်ဦးက ပြောသည်။ ရေစုပ်စက်ဖြင့် ရေကစားခွင့်ရရှိသူများသည် အချင်း နှစ်လက်မ ရေစုပ်စက်ဖြင့်သာ ခွင့်ပြုမည်ဖြစ်ပြီး အနည်းဆုံး ပိုက်သုံးခုခွဲထွက်ရန်၊ ရေစုပ်စက်များတွင် မီးသတ်ပိုက်ခေါင်းတပ်ဆင်ခြင်း၊ လေအိုးသုံးရေပိုက်များ အသုံးပြုခြင်း၊ နော်ဇယ်ရေပိုက်ခေါင်း တပ်ဆင်ခြင်း မပြုလုပ်ရန်၊ ခွင့်ပြုမိန့်ရရှိသော်လည်း မော်တော်ကားများပေါ်တွင် ရေစုပ်စက်တင်၍ ရေကစားခြင်း မပြုလုပ်ရန်၊ မီးသတ်ငုတ်များမှ ရေကိုအသုံးပြု၍ ရေပက်ကစားခြင်း မပြုရန် စသည့် စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရေပက်ကစားရာတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၃ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်ထားပြီး ခွင့်ပြုချက်မရှိဘဲ ရေစုပ်စက်များဖြင့် ရေကစားသည်ကို တွေ့ရှိပါက ဒဏ်ငွေကျပ် သုံးသိန်း ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ယမန်နှစ်က မန္တလေးမဟာသင်္ကြန်ပွဲ ဆင်နွှဲခဲ့မှုကို တွေ့ရစဉ်

# သင်္ကြန်မတိုင်မီ ကုန်စည်အဝင်အထွက်ပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုရှိနိုင်

**ရန်ကုန် ဧပြီ ၃**

သင်္ကြန်မတိုင်မီ ဧပြီ ၄ ရက်မှ ၉ ရက်အတွင်း ဘုရင့်နောင်ပွဲရုံဝင်း၌ ပွဲရုံဖွင့်ရက်ခြောက်ရက်တွင် ဝင်ရောက်လာသော ကုန်စည်နှင့် ဝယ်လိုအားပေါ် မူတည်၍ ဈေးနှုန်းများ အပြောင်းအလဲရှိနိုင်မည်ဟု နယ်ပို့အဝယ်တော်တစ်ဦးက ဆိုသည်။

မတ် ၂၈ ရက်မှ ဧပြီ ၂ ရက်အထိ ဖွင့်ရက် ခြောက်ရက်တွင် ဘုရင့်နောင်ပွဲရုံဝင်းသို့ ကြက်သွန်နီပိဿာချိန် ၁၅၇၈၀၀၀ ဝင်ရောက်ပြီး ဈေးနှုန်းကျခဲ့သည်။ မတ် ၂၈ ရက်တွင် ဆိပ်ဖြူအမျိုးအစား ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၃၆၀ မှ ၄၀၀၊ မြစ်သား ငွေကျပ် ၅၀၀ မှ ၆၀၀ နှုန်းရှိရာမှ ဧပြီ ၂ ရက်တွင် ဆိပ်ဖြူ ငွေကျပ် ၃၀၀ မှ ၃၈၀ နှုန်း၊ မြစ်သား ငွေကျပ် ၅၀၀ မှ ၅၅၀ နှုန်းတို့ ဈေးနှုန်းကျဆင်းလာသည်။

လစဉ် တရုတ်နယ်စပ်သို့ ပြည်ပမှတင်သွင်းလာသော သကြားတန်ချိန် သိန်းဂဏန်း တင်ပို့မှုရှိရာမှ ယခုလပိုင်းများတွင် တင်ပို့မှုနည်းလာသည်။ ပြည်ပသကြားများ ပြည်တွင်းသို့ တန်ချိန် သိန်းချီဝင်ရောက်လာပြီး ရန်ကုန်အပါအဝင် ပြည်တွင်းတွင် သိုလှောင်ထားရှိမှု များပြားသည်။ ယခင်ရက်ပိုင်း ပြည်ပသကြား တစ်တန်လျှင် ငွေကျပ် ခြောက်သိန်းရှိရာမှ ဧပြီ ၂ ရက်တွင် ငွေကျပ် ၅၈၀၀၀၀ အထိ ဈေးကျလာသည်။ ဖေဖော်ဝါရီလဆန်းပိုင်း ရန်ကုန်ဈေးကွက်တွင် ပြည်ပသကြား တစ်ပိဿာ ငွေကျပ် ၁၂၀၀ ဝန်းကျင် မတ် ၂၈ ရက်တွင် ငွေကျပ် ၁၀၀၀ မှ ၁၀၂၀ ရှိရာမှ ဧပြီ ၂ ရက်တွင် ငွေကျပ် ၉၈၀ မှ ၁၀၀၀ နှုန်းသို့ ကျဆင်းလာသည်။

ယခုလပိုင်း ဆန်ဈေးကွက်တွင် နွေဆန်များဈေးကွက်သို့ ဝင်ရောက်မှုများလာပြီး နယ်စပ်သို့ အပို့နည်းသည်။ နွေဆန် စတင်ဝင်ရောက်လာသည့် မတ်လလယ်တွင် နွေဆန်ကြမ်း တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀ မှ ၂၁၀၀၀ နှုန်းရှိရာ ဧပြီ ၂ ရက်တွင် ငွေကျပ် ၁၉၅၀၀ ဝန်းကျင်သို့ ဈေးနှုန်း ကျဆင်းလာမှုရှိသည်ဟု အာသောကလမ်းရှိ ဆန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြစ်ဝကျွန်းပေါ်ထွက် ငရုတ်ရှည်များ ဈေးကွက်သို့ ဝင်ရောက်မှုများလာ၍ ဈေးနှုန်းကျဆင်းလာသည်။ ဟင်္သာတငရုတ်ရှည်များ ယခင်ရက်များတွင် တစ်ပိဿာ ငွေကျပ် ၂၅၀၀ နှုန်းရှိရာမှ ဧပြီ ၂ ရက်တွင် ငွေကျပ် ၂၂၀၀-၂၄၀၀ နှုန်းသို့ ကျဆင်းလာသည်။ ကျောက်ရဲငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၂၆၀၀-၂၇၅၀ နှုန်းရှိရာမှ ဧပြီ ၂ ရက်တွင် ငွေကျပ် ၂၁၀၀-၂၅၀၀ သို့ ဈေးကျလာသည်ဟု ငရုတ်ဈေးကွက်မှ သိရသည်။

စားအုန်းဆီဈေးနှုန်းမှာ မတ် ၂၈ ရက် လက်ကားဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၁၇၃၀ ရှိသော်လည်း ဧပြီ ၂ ရက်တွင် ငွေကျပ် ၁၈၀၀ နှုန်းသို့ မြင့်တက်လာသည်။

မတ် ၂၈ ရက်တွင် ပြည်ပမှ တင်သွင်းလာသော ကြူကုတ်ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၄၅၀၀-၄၆၀၀ နှုန်းရှိရာမှ ဧပြီ ၂ ရက်တွင် ငွေကျပ် ၄၉၀၀-၄၉၅၀ အထိ မြင့်တက်လာသည်။ ပြည်ပတွင် ကြူကုတ်ကြက်သွန်ဖြူ အသစ်ထွက်ချိန် နီးလာပြီး လက်ကျန်နည်းခြင်း၊ မူဆယ်သွားကားလမ်း ယာဉ်ပိတ်ဆို့မှု မကြာခဏ ကြုံတွေ့ရခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တင်မှု ရှိလာသည်ဟု သိရသည်။

မတ် ၂၈ ရက်တွင် ကုလားပဲခြမ်းတစ်ပိဿာ ငွေကျပ် ၁၉၅၀-၂၀၀၀ သာရှိသော်လည်း ဧပြီ ၂ ရက်တွင် ငွေကျပ် ၂၂၀၀ အထိ ဈေးမြင့်တက်လာခဲ့သည်ဟု ပဲရောင်းချသူတစ်ဦးက ဆိုသည်။

နယ်များတွင် ဈေးရောင်းသူများ အနေဖြင့် သင်္ကြန်ပိတ်ရက်များအတွင်း နယ်တွင်ရောင်းချရန် ကြိုတင်ဝယ်ယူထားမှုများ ရှိနေသည်။ သို့ဖြစ်၍ ဧပြီ ၄ ရက်မှ ၉ ရက်တွင် ကုန်စည်ဒိုင်ခြောက်ရက်အတွင်း ဈေးကွက်သို့ ဝင်ရောက်မည့် ကုန်စည်ပမာဏနှင့် ဝယ်လိုအားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲ ကြုံတွေ့လာနိုင်သည်ဟု နယ်အဝယ်တော်တစ်ဦးက ပြောသည်။

**ခင်ဆိုင်**

# ဇေယျာသီရိမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်

**ဇေယျာသီရိ ဧပြီ ၃**

ပြည်ထဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ကျေးရွာနေပြည်သူလူထု၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိကာ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်ငွေများရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၃၁ ရက်က ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ မြေငှားဂရန်လျှောက်ထားသူများ တက်ရောက်ခဲ့ပြီး မြေငှားဂရန် ၃၀ ကို ကျောက်ချက်ကျေးရွာနေ ပြည်သူများ လက်ဝယ်သို့အရောက် စတုတ္ထအကြိမ် ပေးအပ်ခဲ့သည်။ ယနေ့အထိ မြေငှားဂရန် ၁၅၁ ခု ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပဗေဒ)**




# အောင်မြင်မှုမရရှိသော ကျေးလက်စာကြည့်တိုက်လုပ်ငန်း မတည်ထားသည့်ငွေကြေးနှင့် စာအုပ်များဆုံးရှုံး

**ကျောက်ဆည် ဧပြီ ၃**

ယခင်အစိုးရလက်ထက်က ကျေးလက်ဒေသ စာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ရည်ရွယ်ချက်ဖြင့် ကျေးလက်ဒေသများတွင် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို တာဝန်ပေးအပ်ခဲ့သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိများသည် မိမိတို့မြို့နယ်အတွင်းရှိ ကျေးရွာများအနက် ကျေးလက်စာကြည့်တိုက် ဖွင့်ပေးရန် အဆိုပြုလာသော ကျေးရွာများကို စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် မတည်အလှူငွေကျပ် ၁၀ သိန်း နှင့်လိုအပ်သော စာအုပ်စာတမ်းများ ထောက်ပံ့ပေးပြီး ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။ သို့သော် ကျေးရွာအများစုတွင် ပြန်/ဆက်ဦးစီးဌာနမှ ထုတ်ပေးသော မတည်ငွေများ လေလွင့်သွားပြီး စာကြည့်တိုက်အဆောက်အအုံကို ဖြစ်ကတတ်ဆန်း ဆောက်ကာ ဗီနိုင်းဖြင့် ဆိုင်းဘုတ်တင်၍ စာကြည့်တိုက် အဖွင့်ပြခဲ့ကြကာ တာဝန်ရှိသူများ လာရောက်



ဖွင့်လှစ်ပြီးနောက် ထိန်းသိမ်းစောင့်ရှောက်မှုမရှိဘဲ ပစ်ထားကြသဖြင့် အချိန်တိုအတွင်းမှာ ပျက်စီးသွားရသည်။

"ကြည့်ပါဦးဗျာ၊ အဲဒီအဆောက်အအုံ ငွေကျပ် ၁၀ သိန်း တန်မတန်ဆိုတာ အလွယ်တကူ သိနိုင်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေတွေ အလဟဿဖြစ်ရတယ်။ အလိမ်အညာတွေနဲ့ ဆက်သွားနေရင် ဆင်းရဲတွင်းနက်သထက် နက်တော့မှာပေါ့။ စာဖတ်စေချင်ရင် အဆင့်ဆင့်လုပ်ရမှာ။ ပထမ လမ်းဆုံကျေးရွာကြီးတွေမှာ စာအုပ်အငှားဆိုင်တွေ ဖွင့်လာအောင် စည်းရုံးရမှာ။ စာအုပ်အငှားဆိုင် ဖွင့်မယ့်သူကို ဘဏ်တိုးနှုန်းနဲ့ တောင်သူတွေလို ငွေချေးပေးမယ်ဆိုရင် လုပ်မယ့်သူတွေ ရှိပါတယ်။ စာအုပ်အငှားဆိုင်လုပ်ငန်း မအောင်မြင်ရင်၊ စာဖတ်နှုန်း သိသိသာသာ တက်မလာဘူးဆိုရင်တောင်မှ ထုတ်ချေးထားတဲ့ ငွေဆယ်သိန်းမဆုံးတဲ့အပြင် အတိုးလည်းရနိုင်မှာ။ အခုတော့ ငွေ ၁၀ သိန်း ဘယ်ရောက်သွားတုံးဆို အဲဒီအဆောက်အအုံ အပျက်ကို လက်ညှိုးထိုးပြတာပဲ။ ပြန်/ဆက်က ထောက်ပံ့တဲ့ စာအုပ်တွေ၊ ပုဂ္ဂလိက လှူဒါန်းထားတဲ့ စာအုပ်တွေ ဘယ်ရောက်ကုန်လဲ မေးရင်လည်း ဟိုဒီနဲ့ ပြီးတာပဲ၊ ဘယ်သူကမှလည်း ဘာမှအရေးမယူဘူး။ စာကြည့်တိုက်တစ်ခုကို ငွေ ၁၀ သိန်းနှုန်းနဲ့ ပြည်သူ့ဘဏ္ဍာငွေတွေ ဘယ်လောက်အထိ အချည်းအနှီးဖြစ်ခဲ့ရပြီလဲ မသိပါဘူးဗျာ"ဟု ကြက်စင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**အောင်မင်း(စဥ့်ကိုင်)**

# နေရာကွက်ကျား မိုးထစ်ချုန်းမည်

**နေပြည်တော် ဧပြီ ၃**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**(မိုး/ဇလ)**

# OFO စေတနာရှင်အဖွဲ့ စုပေါင်းလှူဒါန်းသည့် ပရဟိတလူကူးတံတားသစ်ဖွင့်

**ကျောက်တံခါး မေ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့ လျှပ်စစ်ပိုင်းရပ်ကွက်နှင့် အောင်မင်္ဂလာကျေးရွာသို့ ဆက်သွယ်ထားသည့်ပရဟိတ OFO လူကူးတံတားသစ်ဖွင့်ပွဲကို မေ ၃ ရက်က အဆိုပါ တံတားမုခ်ဦး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် OFO ပရဟိတအဖွဲ့အမှုဆောင် ဦးသူရိန်နိုင်က အမှာစကားပြောကြားကာ တံတားဖြစ်မြောက်ရေး ကော်မတီအဖွဲ့ ကိုယ်စား ဦးထွန်းလွင်က ကျေးဇူးတင်စကားပြောကြား၍အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ရန်ကုန်ကျောင်းတိုက် ဆရာတော်နှင့် OFO ပရဟိတ အဖွဲ့မှ တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါတံတားသည် အလျား ပေ ၁၄၀၊ အကျယ် ၈ ပေ၊ အမြင့် ၈ ပေ အောက်ခံကွန်ကရစ် အုတ်ခုံအပေါ်ပိုင်း သံပေါင်ရက်မ သံပြားခင်းသံတံတား အမျိုးအစားဖြစ်ကာ ကုန်ကျငွေကျပ်သိန်း ၁၄၀ ဖြစ်ပြီး OFO ပရဟိတ အဖွဲ့နှင့် စေတနာရှင်ပြည်သူများမှ စုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်ခဲ့သော လူကူးတံတားသစ်တစ်စင်း ဖြစ်ကြောင်း သိရသည်။




**ခင်ကို(ကျောက်တံခါး)**

# ပူပြင်းခြောက်သွေ့ကာလဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်အင်းရေများ လျော့နည်းသွားခြင်းမရှိ

**အင်းတော် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်အင်းရေများသည် ပူပြင်းခြောက်သွေ့သော နွေရာသီကာလများသို့ ရောက်ရှိလာပြီဖြစ်သော်လည်း အင်းတော်အင်းရေများ လျော့နည်းခြင်းမရှိကြောင်း သိရသည်။

အင်းအနီးရှိ သက္ကယ်ကျင်းကျေးရွာနေ မရီခိုင်က "အင်းရေကိုပဲ ကျွန်မတို့ဒေသကအားထားနေကြရတာ။ ဘာကြောင့်လဲဆိုတော့ အင်းထဲမှာ ချိုးရေအဖြစ်လည်းရတယ်။ သောက်ရေအဖြစ်လည်းရတယ်။ သောက်ရေခပ်တော့မယ်ဆိုရင် လှေနဲ့အင်းရဲ့အလယ်ဝန်းကျင်လောက်ကိုသွားပြီးမှ ခပ်ယူအသုံးပြုပါတယ်။ အခု ပူပြင်းတဲ့နွေရာသီမှာလည်း အင်းရေက လျော့နည်းခြင်းမရှိဘူး"ဟု ပြောသည်။

အင်းတော်အင်းသည် အင်းတော်မြို့နှင့် တစ်မိုင်ခွဲခန့်အကွာအဝေးတွင်တည်ရှိပြီး အင်းတော်-ဗန်းမောက်သွားသည့် ကားလမ်း၏ အနောက်ဘက်တွင် တည်ရှိကာ အင်း၏အရှေ့တောင်ထောင့်ဘက်တွင် အင်းရွာကျေးရွာနှင့် လက်ပန်ကုန်းကျေးရွာ၊ အင်း၏ အနောက်တောင်ထောင့်ဘက်တွင် နတ်မဟုတ်ကလေးကျေးရွာ၊ အင်း၏အနောက်ဘက်တွင် ပေပင်ကျေးရွာ၊ အင်း၏ မြောက်ဘက်တွင် သက္ကယ်ကျင်းကျေးရွာများရှိကြသည်။

အင်းအနီးတွင်ရှိသော ကျေးရွာနေထိုင်သူတို့သည် သဘာဝ ရေအိုင်ကြီးဖြစ်သည့် အင်းတော်အင်းကြီးကို အမှီသဟဲပြုကာ နေထိုင်လျက်ရှိသည်။ ယင်းတို့ ဒေသခံများက ချိုးရေ၊ သုံးရေ၊ သောက်ရေများကို အားထားလျက်ရှိနေသည့် အင်းရေများသည် ပူပြင်းသည့် နွေရာသီကာလဖြစ်သည့် မတ်လအကုန် ဧပြီလအကူးသို့ ရောက်ရှိလာပြီဖြစ်သော်လည်း လျော့နည်းခြင်းမရှိသည့် အင်းရေများကို ဒေသခံတို့က အသုံးပြုလျက်ရှိသည်။ အဆိုပါအင်းကြီး၏ အကျယ်အဝန်းမှာ ယခင်ကာလများက အင်း၏အလျား လေးမိုင်၊ အနံနှစ်မိုင်ရှိခဲ့ကြောင်း သိရသည်။

အင်းတော်အင်းသည် ယခုကာလများတွင် အင်း၏အလျားမှာ သုံးမိုင်ငါးဖာလုံခန့်ရှိပြီး အနံမှာ တစ်မိုင် ခြောက်ဖာလုံခန့်သာရှိတော့သည်။ အင်း၏ ဘေးပတ်လည်များတွင်လည်း သစ်ပင်များ ပျောက်ကွယ်လာသည်နှင့် အမျှ ငှက်မျိုးစုံတို့မှာလည်း မရှိကြတော့ကြောင်း သိရသည်။ သို့သော်လည်း အင်းအနီးနေထိုင်ကြသည့် ကျေးရွာများမှ ဒေသခံများသည် အချို့က တံငါလုပ်ငန်းများကို လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းများဖြင့် လုပ်ကိုင်စားသောက်နေထိုင်လျက်ရှိကြသည်။

အင်းရေပြင်များ၏ အလှအပများသည် သဘာဝရှုခင်းကြီးဖြစ်သလို အင်းတော်မြို့၏ စိမ်းလန်းစိုပြည်မှုအလှများကိုလည်း ဝင့်ထည်ကာလှပစေသည့်အပြင် ဒေသများ၏ ရာသီဥတုအပူချိန်များကိုလည်း ထိန်းသိမ်းရာ အထောက်အကူ အစိုဓာတ်တစ်ခုလို ဖြစ်နေသော အင်းကြီးသည် နွေရာသီကာလဖြစ်သည့် ယခု မတ်လအကုန် ဧပြီလအကူး ရက်ပိုင်းများ ရောက်ရှိသော်လည်း လျော့နည်းခန်းခြောက်ခြင်းမရှိကြောင်း သိရသည်။


**သန်းမောင်လေး(ကချင်မြေ)**

# ကော့သောင်းမြို့ ငါးသုံးလုံးတောင်ကြောတစ်လျှောက် တောမီးလောင်မှုဖြစ်ပွား

**ကော့သောင်း မေ ၃**

ကော့သောင်းမြို့ ငါးသုံးလုံးတောင်ကြောတစ်လျှောက်တွင် မေ ၂ ရက် ညပိုင်းက တောမီးအကြီးအကျယ် လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းသည့်နေရာသည် ကျေးရွာပြည်သူများ နေအိမ်နှင့် အလှမ်းကွာဝေးသော်လည်း တောင်ကြောတစ်လျှောက် အချို့နေရာများတွင် ဘုန်းတော်ကြီးကျောင်းများ၊ GSM ဖုန်းတာဝါတိုင်များ၊ ဥယျာဉ်ခြံမြေအတွင်း လူနေအိမ်တချို့နှင့် နှစ်ရှည်သီးပင် ဥယျာဉ်ခြံမြေများ စိုက်ပျိုးထားရာနေရာတချို့ ရှိကြသည်။ အထူးသဖြင့် အလေ့ကျပေါက်ရောက်နေသည့် သက်ကယ်တောများဖြစ်ရာ ပူပြင်းသည့် နွေရာသီဖြစ်သဖြင့် ခြောက်သွေ့နေသည့် သက်ကယ်တောများအတွင်းမှ စတင်ကာ စည်းကမ်းမဲ့ ပြည်သူတချို့ကြောင့် ညနေ ၅ နာရီခန့်က တောမီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးစတင်လောင်ကျွမ်းစဉ် လေပြင်းများ တိုက်ခတ်နေချိန်ဖြစ်ရာ မီးလောင်မှုအခြေအနေ လွန်စွာပြင်းထန်သဖြင့် တောင်ကြောပတ်လည် တောင်ခြေနှင့်ဆက်စပ်ရပ်ကွက်များဖြစ်သည့် ပိတောက်ရွှေဝါရပ်ကွက်၊ အောင်သုခရပ်ကွက်နှင့် အေးမြကန်သာ ရပ်ကွက်ပြည်သူများ၏ အိုးအိမ်များသို့ ကူးစက်လောင်ကျွမ်းမှု မဖြစ်ပေါ်ရေး ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပေါင်းစုံမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ အုပ်စုခွဲကာ ဝိုင်းဝန်းငြိမ်းသတ်ကြရာ မေ ၃ ရက် နံနက် ၁ နာရီခန့်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။



အဆိုပါတောမီးလောင်ကျွမ်းမှုဖြစ်စဉ်တွင် ရပ်ကွက်ပြည်သူ အိုးအိမ်များသို့ ကူးစက်လောင်ကျွမ်း ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း တောင်ကြောတစ်လျှောက် နှစ်ရှည်သီးနှံပင် စိုက်ပျိုးထားသည့် ဥယျာဉ်ခြံမြေဧကတချို့ တောမီးကူးစက်လောင်ကျွမ်းဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ပြန်/ဆက်)**

# မဟာသင်္ကြန်ကာလအတွင်း ကြိုတင်ယာဉ်လက်မှတ်ခများ ပိုမိုကောက်ခံခြင်းကြောင့် ခရီးသွားတို့အခက်အခဲရှိနေသေး

**ရန်ကုန် မေ ၃**

ပြည်သူတို့ မဟာသင်္ကြန်ကာလ နေရပ်ဒေသသို့ပြန်ရာ၌ ကားထိုင်ခုံနေရာ အခက်အခဲကြုံတွေ့ရတတ်သောကြောင့် ကြိုတင်လက်မှတ်များ စတင်ဝယ်ယူလျက်ရှိရာ ဒဂုံ-ဧရာအဝေးပြေး ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသသို့ ပို့ဆောင်ပေးလျက်ရှိသော ခရီးသွားပို့ဆောင်ရေးလုပ်ငန်းမှ ယာဉ်လိုင်း အချို့သတ်မှတ်ဈေးနှုန်းထက် ပို၍ တောင်းခံသည့်အတွက် ခရီးသွားပြည်သူတို့ မကျေနပ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဒီနေ့ ဒဂုံ-ဧရာအဝေးပြေးက လပွတ္တာကို ပြေးဆွဲနေတဲ့ မှန်လုံယာဉ်လိုင်းမှာ လက်မှတ်ဝယ်တော့ အရင်က ငွေကျပ် ၆၀၀၀ ပေးရတဲ့ ခရီးကို ငွေကျပ် ၁၀၀၀၀ တောင်းတယ်။ သင်္ကြန်ကာလမို့ ဈေးတက်တာလို့ ပြောတယ်။ ယာဉ်စီးခတွေ ဈေးတက်မယ်ဆိုရင် ပြည်သူတွေသိအောင် သတင်းစာက ကြေညာတတ်တာကို ကျွန်တော်တို့ပြည်သူတွေ သိထားတယ်။ အားလုံးပြောင်းလဲမှုကို စနေပြီဆိုတာ ကျွန်တော်တို့ စက်ရုံအလုပ်သမားတွေသိတယ်။ သူတို့ မသိဘူးလား။ အရင်လိုပဲ လုပ်နေတာလား။ ဓာတ်ဆီ ဈေးတက်လို့ လက်မှတ်ခ ဈေးတက်တာလား။ ပြည်သူတွေအနေနဲ့ သိချင်တယ်" ဟု စက်ရုံအလုပ်သမားဖြစ်သော ကိုဇေယျာက ပြောသည်။

မေ ၂ ရက်မှစ၍ ဒဂုံ-ဧရာအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ ရန်ကုန်- လပွတ္တာသို့ ပြေးဆွဲနေသည့် ချမ်းမြေ့အေး လက်မှတ်အရောင်းဌာနမှ ပုံမှန် ၆၀၀၀ ကျပ် ခရီးကို ငွေကျပ် ၁၀၀၀၀ ယူသည့်အတွက် ကြိုတင်လက်မှတ်ဝယ်ယူသော ခရီးသွားပြည်သူအချို့၏ မကျေနပ်သံများ ထွက်ပေါ်လာခြင်းဖြစ်ပြီး ကျန်သောဂိတ်များမှ သင်္ကြန်ကာလအတွက် ကြိုတင်လက်မှတ်ရောင်းချမှုကို မေ ၃ ရက်တွင် စတင်ရောင်းချပေးမည်ဟု သိရသည်။

"ကျွန်မတို့က ၁၁ ရက်နေ့အတွက် လပွတ္တာကို ဒီနေ့လက်မှတ်ဝယ်တာ ငွေကျပ် ၆၀၀၀ ခရီးကို ငွေကျပ် ၁၀၀၀၀ ပေးရတော့ ကျပ် ၄၀၀၀ ကွာနေတယ်။ ဒါဟာ တစ်နေ့ စက်ရုံဆင်းစရိတ်နဲ့ညီတယ်။ ကျပ် ၁၀၀၀ လောက်တက်ရင် မပြောပါဘူး။ မပြန်မဖြစ်လို့သာ ပြန်ရတာ သင်္ကြန်ရောက်တိုင်း ကုန်ဈေးနှုန်းတက်တာ၊ ကားခတွေ ဈေးကြီးတာတွေပြောင်းလဲ သင့်ပါပြီ။ လက်မှတ်ခတွေဈေးတက်မယ်ဆိုတာ ဘယ်သတင်းစာ၊ စာစောင်မှလည်းပြောထားတာ မတွေ့ရဘူး။ ပြည်သူတွေအတွက် တားဆီးပေးစေချင်တယ်"ဟု မသီတာက ပြောသည်။

ရန်ကုန်မြို့၏ အဝေးပြေး ယာဉ်ရပ်နားစခန်းတွင် ပြေးဆွဲနေသော ခရီးသွားပို့ဆောင်ရေး လုပ်ငန်းမှ ယာဉ်လိုင်းအချို့သည် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းများကိုလိုက်နာမှု အားနည်းခြင်း၊ ခရီးသွားပြည်သူတို့အပေါ် ဆက်ဆံရာတွင် လေးစားမှုမရှိခြင်းတို့ကြောင့် ယာဉ်လိုင်းအချို့ နာမည်တွင်လျက် ရှိသော်လည်း အရေးယူဆောင်ရွက်မှု အားနည်းသည့်အတွက် အဝေးပြေးယာဉ်လိုင်းများ တိုးတက်လာမှုနှောင့်နှေးနေခြင်းဖြစ်ကြောင်း အဝေးပြေး ယာဉ်မောင်းတစ်ဦးကလည်း မှတ်ချက်ပြုပြောကြားသည်။

**သန်းထိုက်**
**(လှိုင်သာယာ)**



# ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲ ထပ်မံပျောက်ဆုံး

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဧပြီ ၃**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ နှစ်ပွဲစလုံးသရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းနှင့်ရှမ်းယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ပထမအကျော့ပုံစံကောင်းရရန် ရုန်းကန်နေရသည့် ရှမ်းယူနိုက်တက်အသင်းမှာ တစ်ဂိုးအသာ၊ တစ်ယောက်အသာ အနေအထားဖြင့် အချိန်ကြာမြင့်စွာကစားခဲ့ရသော်လည်း အနိုင်ရလဒ်ကို ရယူနိုင်ခြင်းမရှိခဲ့ပေ။ ရှမ်းယူနိုက်တက်တိုက်စစ်မှူး စိုးမင်းဦးမှာ အသင်းအတွက် ဂိုး ၁၀၀ ပြည့် သွင်းယူနိုင်ခဲ့သော်လည်း ရှမ်းအသင်းမှာ ပထမအကျော့ပြီးဆုံးချိန်တွင် နိုင်ပွဲနှစ်ပွဲသာရသည်အထိ အခြေအနေဆိုးရွားခဲ့သည်။

နိုင်ပွဲလိုအပ်နေသည့် ရှမ်းယူနိုက်တက်အသင်းမှာ ပြည်တွင်းတိုက်စစ်အတွဲဖြစ်သည့် စိုးမင်းဦးနှင့် ဇင်မင်းထွန်းအတွဲဖြင့် ပွဲထွက်လာပြီး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ရခိုင်အသင်းမှာ ခံစစ်ကိုဦးစားပေးကစားနေသလို ၂၄ မိနစ်တွင် ရှမ်းတိုက်စစ်မှူး စိုးမင်းဦးကို ရခိုင်နောက်ခံလူ အန်ဒွန်ကိုဖျက်ထုတ်ရာတွင် တိုက်ရိုက်အနီကတ်ဖြင့်ထုတ်ပယ်ခံခဲ့ရသလို ပယ်နယ်တီပါပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို စိုးမင်းဦးကန်သွင်းရာ တိုင်ထိထွက်ခဲ့သောကြောင့် ရှမ်းအသင်း ဂိုးရရန်ရုန်းကန်ခဲ့ရသည်။ တစ်ယောက်အသာရသော်လည်း ပုံစံကောင်းရရန်ရုန်းကန်နေရသည့် ရှမ်းယူနိုက်တက်အသင်းမှာ ၄၁ မိနစ်တွင် ဂိုးရခဲ့ပြီး စိုးမင်းဦးက ပရိုကစားသမားဘဝ ဂိုး ၁၀၀ ပြည့် ဂိုးအဖြစ် သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းအသင်းဖိကစားနိုင်သော်လည်း ထိရောက်သည့်တိုက်စစ်ဆင်မှုမလုပ်နိုင်၍ ၅၉ မိနစ်တွင် ဂိုးပြန်ပေးခဲ့ရသည်။ ရခိုင်အသင်းမှ ရဲဝင်းလှိုင်၏ကန်ချက်ကို ရှမ်းနောက်ခံလူ ဝင်းမင်းထွန်းဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ် သွင်းမိခြင်းဖြစ်သည်။ ရှမ်းအသင်းမှာဂိုးရရှိရန် ကစားသမားအပြောင်းအလဲလုပ်ခဲ့သော်လည်း ရခိုင်နောက်တန်းကို မကျော်နိုင်ခဲ့သည့်အပြင် ပွဲပြီးခါနီးတွင် လူစားဝင်တိုက်စစ်မှူး အီရန်ကစားသမား ဘာရှက် ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့၍ တိုက်ရိုက်အနီကတ်ဖြင့်ထုတ်ပယ်ခံခဲ့ရကာ ရှမ်းအသင်း၏ နိုင်ပွဲမျှော်လင့်ချက် လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် တနင်္သာရီဖွန်အတွင်းမှ Horizon အသင်းနှင့် Southern အသင်းတို့ အရှုံးအနိုင်မပေါ်ဘဲ ဂိုးမရှိသရေကျခဲ့သည်။

**ယနေ့ပွဲ**

| | |
|---|---|
| (သုဝဏ္ဏကွင်း) | မကွေး-ဟံသာဝတီ |
| (အောင်ဆန်းကွင်း) | ချင်းယူနိုက်တက်-ဇေယျာရွှေမြေ |



ရှမ်းယူနိုက်တက်နောက်ခံလူ ဝင်းမင်းထွန်း ရခိုင်တိုက်စစ်ကိုဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိပြီး ရခိုင်အသင်းချေပဂိုးရသွားစဉ်

## မြန်မာနှင့် တောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းတို့ ရန်ကုန်မြို့၌ခြေစမ်းမည်



၂၀၁၅ ခုနှစ်အတွင်းက မြန်မာအမျိုးသမီးအသင်းအိုလံပစ်ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့စဉ် ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဧပြီ ၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဇွန်လပထမပတ်တွင် တောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းတို့၏ခြေစမ်းပွဲကို ဇွန် ၄ ရက်နှင့် ၆ ရက်ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါခြေစမ်းပွဲများကို မူလကမန္တလေးမြို့တွင် ကျင်းပရန်စီစဉ်ထားသော်လည်း တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်၏တောင်းဆိုမှုကြောင့် ရန်ကုန်မြို့သို့ ပြောင်းလဲကျင်းပခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်သစ်ဖြစ်သူ နယ်သာလန်အမျိုးသမီး လက်ရွေးစင်အသင်းနည်းပြဟောင်း ဂျော်ဂျာရိုင်နာသည် ပြိုင်ပွဲမတိုင်မီ အာရှထိပ်သီးအသင်းတစ်သင်းနှင့်ခြေစမ်းပွဲကစားလိုကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံတောင်းဆိုခဲ့ရာ တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်ထံ ထပ်မံကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်ရည်မှန်းထားသည့် မြန်မာအမျိုးသမီးအသင်းအနေဖြင့် ပြိုင်ပွဲမတိုင်မီ ခြေစွမ်းပိုင်းမြင့်မားသည့် တောင်ကိုရီးယားလက်ရွေးစင်အသင်းနှင့် ခြေစမ်းခွင့်ရရှိခဲ့ခြင်းမှာ အလွန်အကျိုးရှိသည်ဟု ဆိုရမည်ဖြစ်သည်။

နည်းပြသစ်ဂျော်ဂျာသည် မြန်မာအမျိုးသမီးအသင်းကို ဖေဖော်ဝါရီလက စတင်ကိုင်တွယ်လျက်ရှိပြီး ပြိုင်ပွဲမတိုင်မီပြင်ဆင်မှုအဖြစ် မေလအတွင်း၌ ဂျပန်နိုင်ငံ အိုဆာကာမြို့သို့သွားရောက်ကာ လေ့ကျင့်မှုများပြုလုပ်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းမှာ အုပ်စု(ခ)တွင် ဩစတြေးလျ၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းတို့နှင့်အတူ ကျရောက်လျက်ရှိသည်။

**ညီမြတ်သော်တာ**


တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 28 Mar
9 - 12:00 (Sat + Sun) 23 Apr
3:30 - 5 (Mon~Thurs) 25 Apr
6 - 7:30 (Mon~Thurs) 25 Apr

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 28 Mar
1 - 4:00 (Sat + Sun) 3,30 Apr
9 - 12:00 (Sat + Sun) 23 Apr
7:30 - 9 (Mon~Thurs) 25 Apr
10-11:30 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon~Thurs) 28 Mar
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr

INTERMEDIATE (ACADEMIC ENGLISH)
1 - 4:00 (Sat + Sun) 3 Apr
3:30-5:30 (Mon~Thurs) 25 Apr

VOCAB ENRICHMENT
1 - 2:30 (Mon~Thurs) 28 Mar
9 - 12:00 (Sat + Sun) 23 Apr

BASIC GRAMMAR
3:30 - 5 (Mon~Thurs) 9 May

BASIC WRITING
10-11:30 (Mon~Thurs) 25 Apr

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
7:30-10:30 (Sat + Sun) 26 Mar
7:30 - 9 (Mon~Thurs) 25 Apr

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon~Thurs) 28 Mar
6 - 7:30 (Mon~Thurs) 28 Mar
7:30-10:30 (Sat + Sun) 23 Apr
10-11:30 (Mon~Thurs) 25 Apr

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon~Thurs) 28 Mar
10-11:30 (Mon~Thurs) 4 Apr
12:30-3:30 (Sat + Sun) 23 Apr
7:30 - 9 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr
6 - 7:30 (Mon~Thurs) 25 Apr

IELTS (Preparation)
1 - 3:30 (Mon~Thurs) 28 Mar
7:30-9:30 (Mon~Thurs) 9 May

IELTS (Writing)
7:30-10:30 (Sat + Sun) 26 Mar

IELTS (Speaking)
7:30-9 (Mon~Thurs) 25 Apr

IELTS (Reading)
1-3:00 (Mon~Thurs) 25 Apr

IELTS (Grammar)
10-11:30 (Mon~Thurs) 25 Apr


**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဝင်းအောင် ၁၀/မလမ (နိုင်)၀၀၄၆၅၀၏ CDC အသစ်ဟောင်း၊ BST, WK, EDH, TF, SID, PSC & RB, SSA လက်မှတ်များ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၁၂၂၈၃

**ဗနတ ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲ ဖိတ်ကြားလွှာ**

ဗဟိုနိုင်ငံရေးတက္ကသိုလ်ဝန်ထမ်းဟောင်းများ (ဒုတိယအကြိမ်)တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**နေ့ရက်** ။ ။ ၈-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**အချိန်** ။ ။ နံနက် ၉ နာရီမှ ၁၂း၀၀ နာရီ
**နေရာ** ။ ။ သာသနာ့ဗိမာန်တော်ကြီး၊ ရွှေပြည်သာ (မြို့ဦးစေတီအနီး)

**တွေ့ဆုံပွဲကျင်းပရေးအဖွဲ့**

**ဆက်သွယ်ရန်ဖုန်း**
**ဦးမောင်တင့် ဖုန်း-၀၉-၅၀၂၉၅၈၀၊ ဦးခင်မောင်သန်း ဖုန်း-၀၉-၂၅၀၃၆၄၇၈၂၊ ဦးဖိုးဝင်း ဖုန်း-၃၆၀၇၄၃၈၉**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/3534 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**တောင်ငူခရိုင်တရားရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၅ နှင့်ဆက်သွယ်သည့် ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၃၇**

ဒေါ်ရင်နွယ်မိုး **နှင့်** ဦးပြည့်ဖြိုးအောင်
**တရားနိုင်** **တရားရှုံး**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျောင်းရှစ်ဆယ်အုပ်စု၊ ထန်းကုန်းကျေးရွာနေ ဦးတင်ဝင်း၏သား ဦးပြည့်ဖြိုးအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၀၅တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ရင်နွယ်မိုးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၇ ရက် (၁၃၇၇ ခုနှစ် တပေါင်းလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ ခုနှစ် မတ် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူပြာအေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ငူခရိုင်တရားရုံး**


ရွှေစီးကျွက် 09423722092, 43197550 April 11/12/17

ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး၊ စွယ်တော်လေးဆူ + တောင်ကြီး၊ အင်းလေး၊ ပင်းတယ
ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး၊ အလောင်းတော် + တောင်ကြီး၊ အင်းလေး၊ လှိုင်ကော်
ရွှေစက်တော်၊ပုဂံ၊ တောင်ကြီး၊ အင်းလေး + မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ
မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ အလောင်းတော် + ထားဝယ်၊ ဘုတ်ကျွန်း၊ ကန်ချနာ၊ မြဘုရား


**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ကျိုက္ကဆံလမ်း၊ ရွှေဖြူကွန်ဒိုရှိ တိုက်အမှတ်(၁၀၀)၊ (၃)ခန်းတွဲ၊ (၈)ထပ်မှ (၇)ထပ်အလွှာ (A+C) ဘက်ခြမ်း၊ (၂)ခန်းတွဲတိုက်ခန်းအား ဦးစန်းလွင် (၁၄/ မမန(နိုင်)၀၀၄၂၉၈)ထံမှဒေါ်ခင်ငွေးရီ(၅/ပလန(နိုင်)၀၅၂၉၆၂) က တိုက်ခန်းအပြီးအပိုင် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရယူပြီးဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမျိုးသန့် (ခ) ဦးမောင်ကြီး
LL.B (စဉ် - ၁၀၅၇၇)
တရားလွှတ်တော်ရှေ့နေ

ဒေါ်တင်မိုးခိုင်
LL.B (စဉ် - ၄၂၀၉)
အထက်တန်းရှေ့နေ

အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၃၁၁၃၂၄၄၀


HLEDAN CENTRE CONDO, 600 sqft

1500 usd/month

ဖုန်း-၀၉-၉၆၃၄၂၉၃၉၉၊ ၀၉-၄၉၂၂၆၁၉၆


**ပျောက်ဆုံးခြင်း**

ကျွန်မ နန်းချစ်စု (ဘ) ဦးရွှေချစ် ၃/လဘန(နိုင်)၀၃၃၂၅၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် MB-၀၆၅၄၄၄ သည် ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၆၉၂၉၉၆၅

# ကျွန်တော်နဲ့ မြန်မာ့အရေးဦး



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

နေပြည်တော်မှာကျင်းပတဲ့ နိုင်ငံတော်သမ္မတအသစ် အာဏာအပ်နှင်းပွဲကို ရုပ်မြင်သံကြားကတစ်ဆင့်ကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ ဝမ်းသာပီတိဖြစ်ပြီး မြန်မာနိုင်ငံသားတစ်ဦးဖြစ်ရတာကို ဂုဏ်ယူမိပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာကျင်းပတဲ့ အခမ်းနားမှာလည်းကောင်း၊ သမ္မတအိမ်တော်မှာ ကျင်းပတဲ့အခမ်းနားမှာလည်းကောင်း ကျက်သရေအပြည့်အဝရှိပြီး ပါဝင်ပတ်သက်တဲ့သူတွေ အားလုံးဟာ နိုင်ငံရဲ့ဂုဏ်၊ အမျိုးသားတွေရဲ့ ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ပါတယ်။ တစ်ဦးနဲ့ တစ်ဦးလေးစားမှု၊ နားလည်စာနာမှုအပြည့်နဲ့ ထိတွေ့ဆက်ဆံခဲ့ကြတယ်။ တစ်နိုင်ငံလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ကြတဲ့ ခေတ်သစ်စနစ်သစ်တစ်ရပ်ကို မျက်ဝါးထင်ထင်မြင်တွေ့ရတာမို့ ကျေနပ်မိပါတယ်။

အမှန်တော့ အဲဒီနေ့ကဖြစ်ရပ်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုတွေအတွက် လျှောက်ကြရတော့မယ့် ခရီးရှည်ကြီးရဲ့ ပထမခြေလှမ်းပဲဖြစ်တယ်။ ဒါပေမယ့် တရုတ်စကားပုံအတိုင်း မိုင်တစ်ထောင်ရှည်လျားတဲ့ခရီးကို ပထမခြေလှမ်းနဲ့ စကြရမှာသာဖြစ်ပါတယ်။ ပြည်သူ ပြည်သားတွေရဲ့ မျှော်လင့်ချက်ဟာမြင့်မားလှပါတယ်။ ဒီမျှော်လင့်ချက်တွေဟာ မနေ့တစ်နေ့က ပေါ်ပေါက်လာတာ မဟုတ်ဘဲ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်ကတည်းကရှိလာခဲ့တဲ့ ဆန္ဒတွေသာဖြစ်ပါတယ်။ အစိုးရသစ်အနေနဲ့ လုပ်စရာတွေများလွန်းတာမို့ ဦးစားပေးပြီး ဆောင်ရွက်ရမယ့်ကိစ္စတွေကို ဂရုစိုက်ပြီး ရွေးချယ်သွားရမှာသာဖြစ်ပါတယ်။ အခုလိုစဉ်စားဆုံးဖြတ်ရာမှာ နိုင်ငံသစ်အတွက် ရူပါရုံတစ်ရပ်ကို ဖော်ထုတ်ဖို့လိုအပ်မှာဖြစ်ပါတယ်။ အမှန်တော့ မြန်မာနိုင်ငံအတွက် စည်းလုံးညီညွတ်တဲ့နိုင်ငံ၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိတဲ့နိုင်ငံ၊ တူညီတဲ့ အနာဂတ်ကို လက်ခံတဲ့နိုင်ငံဖြစ်ဖို့ အရေးကြီးလှပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေးအရ ရှင်သန်ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ လူမှုရေးအရ ခွဲခြားမှုမရှိဘဲ လူတိုင်းကို ကြိုဆိုလက်ခံနိုင်တဲ့ လူ့အဖွဲ့အစည်းနဲ့ ဒီမိုကရေစီစနစ်ကို အခြေပြုတဲ့နိုင်ငံဖြစ်ဖို့အရေးကြီးပါတယ်။ ကျွန်တော်ဟာ စီးပွားရေးပညာကို စိတ်ဝင်စားပြီး နိုင်ငံရေးဘောဂဗေဒကို လေ့လာဆည်းပူးပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးနယ်ပယ်မှာ အံ့သြဖွယ်ရာ နိမိတ်လက္ခဏာကို ခံစားခဲ့ရပါတယ်။ ပြည်သူတွေမျှော်လင့်တဲ့ ဒီမိုကရေစီစနစ်ကိုလည်း ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံရေး နယ်ပယ်မှာရရှိတဲ့ ရလဒ်တွေကို စီးပွားရေးနယ်ပယ်မှာလည်းကောင်း၊ လူမှုရေးနယ်ပယ်မှာလည်းကောင်း အကျိုးရှိရှိခံစားရအောင် ကြိုးစားသွားရမှာဖြစ်ပါတယ်။

စီးပွားရေးနဲ့ပတ်သက်လာရင် တစ်ဖက်ကဆင်းရဲနွမ်းပါးမှုကို အာရုံပြုဖို့လိုအပ်သလို ကြွယ်ဝချမ်းသာမှုကိုလည်း ဖန်တီးပေးရမှာဖြစ်ပါတယ်။ ဆင်းရဲမှုနဲ့ ချမ်းသာမှုဟာ ဆန့်ကျင်ဘက်တွေမဟုတ်ပါဘူး။ ဆင်းရဲမှုကို လျှော့ချနိုင်ရင် ရမယ့်ရလဒ်က ဆင်းရဲတဲ့သူတွေမရှိမှာဘဲဖြစ်တယ်။ အမှန်တော့ ဆင်းရဲမွဲတေမှုပပျောက်ရုံသာမက ချမ်းသာမှုကို ဖန်တီးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မိမိနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ နှစ်ပေါင်းများစွာ နိုင်ငံရေးအရ ဖိအားပေးခဲ့တဲ့နိုင်ငံတွေကို တာဝန်ကျေစေဖို့ တိုက်တွန်းရမှာဖြစ်တယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်ပေါ်လာအောင် စီးပွားရေးပိတ်ဆို့မှုတွေလုပ်ခဲ့တယ်။ လုပ်ခဲ့တာမို့လည်း စီးပွားရေးနဲ့ပတ်သက်လာရင် စိန်ခေါ်မှုတွေနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ အခုတော့ နိုင်ငံရေးခြေအနေတွေပြောင်းသွားပါပြီ။ ဒီပြောင်းလဲမှုကို အသိမှတ်ပြုတဲ့အတွက် စီးပွားရေးပိတ်ဆို့မှုတွေကို အမြန်ဆုံးရုပ်သိမ်းဖို့ တိုက်တွန်းရမှာဖြစ်ပါတယ်။ ၂၀၁၀ နောက်ပိုင်း စီးပွားရေးပိတ်ဆို့မှုတွေ ဖြေလျှော့ခဲ့ပေမယ့် အားလုံးကို ရုပ်သိမ်းခဲ့ခြင်းမရှိသေးပါဘူး။ ဒါ့ကြောင့် အခုလို နိုင်ငံရေးအခြေအနေတွေ တိုးတက်လာတာနဲ့အမျှ စီးပွားရေးပိတ်ဆို့မှုတွေကို ရုပ်သိမ်းသင့်ပါတယ်။ ဒီပိတ်ဆို့မှုတွေကြောင့် ဘဏ္ဍာရေးနဲ့ ငွေရေးကြေးရေးကိစ္စတွေနဲ့ပတ်သက်လာရင် လုပ်ရကိုင်ရတာမလွယ်ကူလှပါဘူး။ ဒါတွေကို ဖြေလျှော့လိုက်ရင် စီးပွားရေးလုပ်ရတာ ယခုထက်လွယ်ကူမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း အိုဒီအေပမာဏတိုးမြှင့်ဖို့ တိုက်တွန်းရမှာဖြစ်တယ်။ မြန်မာနိုင်ငံကို ဦးစားပေးနိုင်ငံအဖြစ်သတ်မှတ်ပြီး အိုဒီအေပမာဏကို တိုးမြှင့်ပေးစေချင်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့ကိစ္စက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကာလမှာ ရင်းနှီးမြှုပ်နှံမှု ပမာဏတွေတိုးလာတယ်။ ဒါပေမယ့် မျှော်လင့်သလောက် မရခဲ့ပါဘူး။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်လာအောင် မဟာဗျူဟာတွေ ဖော်ထုတ်ရမှာဖြစ်တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရင်းနှီးချင်စိတ်ရှိအောင် ဖန်တီးဖို့လိုတယ်။ လွယ်ကူစွာလုပ်နိုင်အောင်ဖန်တီးရမယ်။ အရေးကြီးဆုံးက ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးနယ်ပယ်မှာ ဘယ်နေရာမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်တာကို ကြိုတင်ပြီး သတ်မှတ်ထားရမှာဖြစ်တယ်။ အခုလိုသတ်မှတ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ရမှာဖြစ်တယ်။ လက်ရှိအခြေအနေမှာ အခုလိုဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရင်းနှီးချင်သူတွေလာမှ လက်ခံမယ် လက်မခံဘူးဆိုတာကို ဆုံးဖြတ်ရပါတယ်။ အမှန်တော့ ရင်းနှီးမြှုပ်နှံသူတွေရှိတဲ့ နိုင်ငံတွေကိုသွားပြီး ကိုယ့်နိုင်ငံမှာရှိတဲ့ အခွင့်အရေးတွေကို ဖော်ထုတ်သင့်ပါတယ်။ အခုလို နိုင်ငံခြားအကူအညီအထောက်အပံ့နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုလက်ခံသင့်ကြောင်း တင်ပြချက်ကို အငြင်းပွားမယ့်သူတွေရှိမှာ သေချာပါတယ်။ တိုင်းရင်းသားတွေကို ကာကွယ်ရမယ်။ နိုင်ငံခြားသားတွေကို ဦးစားမပေးသင့်ဘူးဆိုတဲ့ အသံတွေသာကြားရမှာဖြစ်ပါတယ်။ ဒီအတွေးတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀) ကျော်က ခံယူတဲ့အတွေးတွေသာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ စီးပွားရေးအခင်းအကျင်းကို အပြင်ထွက်ကြည့်တဲ့ စနစ်ဖန်တီးဖို့လိုအပ်ပါတယ်။ အတွင်းကိုသာ ကြည့်တတ်တဲ့စိတ်တွေကို သတိထားဖို့ လိုပါတယ်။ နိုင်ငံတကာ စီးပွားရေးဆက်ဆံမှုတွေကို လက်ရှိအခြေအနေထက်ပိုပြီး ဖွင့်ပေးဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားကြောင့် တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ စီးပွားရေးအင်အားကို အခွင့်အရေးယူဖို့လိုအပ်ပါတယ်။ တလောက ကျွန်တော် အိန္ဒိယနိုင်ငံ ချိုင်နိုင်းမြို့ကို ရောက်ခဲ့ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံလေးနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးဆက်သွယ်ဆက်ဆံမှုအတွက် အစည်းအဝေးကိုတက်ရောက်ခဲ့ခြင်းဖြစ်တယ်။ ကျန်တဲ့သုံးနိုင်ငံက လာအို၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတွေဖြစ်တယ်။ အိန္ဒိယစီးပွားရေးပေါ်လစီက “အရှေ့ကိုကြည့်”တဲ့ ပေါ်လစီဖြစ်တာမို့ အာဆီယံနိုင်ငံတွေနဲ့ စီးပွားရေးအရ အခုထက်ပိုပြီး ဆက်သွယ်ဆက်ဆံဖို့လိုတယ်။ ဒါပေမယ့် ကျန်တဲ့သုံးနိုင်ငံဟာ အိန္ဒိယနိုင်ငံနဲ့ ပထဝီအရဆက်စပ်မှုမရှိဘဲ မြန်မာနိုင်ငံကတစ်ဆင့်သာ ဆက်သွယ်ရမှာသာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံဟာ အေအီးစီအဖွဲ့ဝင်ဖြစ်ရုံသာမက တရုတ်နိုင်ငံနဲ့ အိန္ဒိယပြည်တို့ အိမ်နီးနားချင်းနိုင်ငံဖြစ်တာမို့ ဒီအခွင့်အရေးကို အကျိုးရှိစွာ အသုံးချဖို့ အရေးကြီးလှပါတယ်။

တစ်ဖက်ကလည်း ပြည်တွင်းစီးပွားရေးအနေအထားကို ပြုပြင်ရမှာဖြစ်ပါတယ်။ အရေးကြီးဆုံးက နိုင်ငံတော်အစိုးရကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍကို တိကျပြတ်သားစွာခွဲခြားဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရစဉ်ကတည်းက နိုင်ငံတော်ဟာ စီးပွားရေးဘဝမှာ ပါဝင်ပတ်သက်ခဲ့တယ်။ ဆိုရှယ်လစ်စနစ်ခေတ်မှာတော့ နေရာတိုင်းလိုလိုမှာ တာဝန်ယူခဲ့တယ်။ ဒါကြောင့် ဒီယဉ်ကျေးမှုကို ရုတ်တရက်ပြုပြင်ဖို့ ခဲယဉ်းမှာဖြစ်တယ်။ ကျွန်တော့်သဘောကတော့ နိုင်ငံတော်ဟာ စီးပွားရေးပင်လုပ်စရာမလိုဘဲ စီးပွားရေးလုပ်မယ့်သူတွေလုပ်ချင်လာအောင်၊ လုပ်နိုင်အောင် ဖန်တီးပေးရမှာဖြစ်တယ်။ တရားဥပဒေအရ ကာကွယ်စောင့်ရှောက်ပေးရမယ်။ ခေတ်အဆက်ဆက်က ဆောင်ရွက်မှုတွေကြောင့် မြန်မာနိုင်ငံမှာ အစိုးရပိုင် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းမျိုးစုံရှိနေပါတယ်။ အားလုံးလိုလိုဟာ အရှုံးပေါ်နေတယ်။ အခုလိုအခြေအနေကို ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံတွေမှာ ကြုံတွေ့ခဲ့ရသလို အရှေ့ဥရောပနိုင်ငံတွေမှာလည်း ရင်ဆိုင်ခဲ့ရတယ်။

**နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးလောကမှာ ဘဏ္ဍာရေးကဏ္ဍဟာ သော့ချက်ဖြစ်တယ်။ ဘဏ္ဍာရေးကဏ္ဍကို ထိန်းသိမ်းစောင့်ရှောက်တဲ့အဖွဲ့အစည်းက မြန်မာနိုင်ငံဗဟိုဘဏ်ဖြစ်ပါတယ်။ ဗဟိုဘဏ်ကိုပြတ်ပြတ်သားသား ပြောင်းလဲဖို့လိုအပ်တယ်။**

ဒီအခြေအနေကိုကုစားဖို့ အလွယ်ကူဆုံးအဖြေက ပြည်သူပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကလက်ထဲ ပြောင်းလဲလိုက်တာဖြစ်တယ်။ ဒါပေမယ့် အခုလို ဆောင်ရွက်လိုက်တာမို့ တန်ဖိုးရှိလှတဲ့ နိုင်ငံပိုင်အရင်းနှီးတွေဟာ လူတစ်စုလက်ထဲရောက်ရှိသွားတယ်။ ရုရှားနိုင်ငံမှာ အခုဆောင်ရွက်ခဲ့တာမို့ အိုလီဂတ်လို့ခေါ်တဲ့ ခရိုနီတွေလက်ထဲ နိုင်ငံပိုင်အရင်းအနှီးတွေရောက်ရှိသွားခဲ့တယ်။ ဒါကြောင့် ကျွန်တော်က ပုဂ္ဂလိကလက်ထဲလွှဲပြောင်းပေးမယ့်အစား ပိုင်ဆိုင်မှုကို နိုင်ငံတော်က ဆက်လက်ထိန်းသိမ်းပြီး စီမံမှုကိုတော့ စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်တဲ့ စီမံအုပ်ချုပ်သူတွေလက်ထဲ တာဝန်ပေးရမှာဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးလောကမှာ ဘဏ္ဍာရေးကဏ္ဍဟာ သော့ချက်ဖြစ်တယ်။ ဘဏ္ဍာရေးကဏ္ဍကို ထိန်းသိမ်းစောင့်ရှောက်တဲ့အဖွဲ့အစည်းက မြန်မာနိုင်ငံဗဟိုဘဏ်ဖြစ်ပါတယ်။ ဗဟိုဘဏ်ကိုပြတ်ပြတ်သားသား ပြောင်းလဲဖို့လိုအပ်တယ်။ တိကျတဲ့တာဝန်ပေးပြီး တာဝန်ယူတာဝန်ခံနိုင်သူတွေကို ဆောင်ရွက်စေရမယ်။ ငွေကြေးဆိုင်ရာပေါ်လစီကို လွတ်လပ်တဲ့အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ရဲရဲဝံ့ဝံ့ဆောင်ရွက်ရမှာဖြစ်တယ်။

နိုင်ငံတော်ရဲ့တာဝန်ဟာ စီးပွားရေးလုပ်ဖို့မဟုတ်ဘဲ ရှင်သန်တဲ့စီးပွားရေးစနစ်တစ်ရပ်ပေါ်ပေါက်အောင် ဖော်ထုတ်သူဖြစ်ရမယ်။ နိုင်ငံပိုင်အဖွဲ့အစည်းတွေဟာ ပုဂ္ဂလိကလုပ်ငန်းများနဲ့ထိပ်တိုက်ယှဉ်ပြိုင်ပြီး စီးပွားရေးမရှာသင့်ဘူး။ အခုလို ဆောင်ရွက်ရင် ကိုယ်ကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်တယ်။ ဒါကြောင့် လက်ရှိဆောင်ရွက်နေတာတွေ ပြန်သုံးသပ်ပြီး နိုင်ငံတော်ရဲ့အခန်းကဏ္ဍကို ပြုပြင်သွားရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ခေတ်အဆက်ဆက်ပြောင်းခဲ့ပေမယ့် ပုဂ္ဂလိကကဏ္ဍဟာပုံစံအမျိုးမျိုးနဲ့ ရှင်သန်ခဲ့တယ်။ အခက်ခဲအမျိုးမျိုးကို ခါးစည်းခံခဲ့ရတယ်။ နိုင်ငံတော်အစိုးရသစ်ဟာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကို စုစည်းပြီး တွန်းအားပေးသင့်တယ်။ သူတို့ရဲ့ခံစားချက်တွေကိုနားထောင်ပြီး လိုအပ်တဲ့ ပေါ်လစီတွေ ဖော်ထုတ်သင့်ပါတယ်။ စီးပွားရေးလုပ်ချင်တဲ့လူငယ်တွေ ကို အခွင့်အရေးပေးရမယ်။ အရေးကြီးဆုံးက စွန့်ဦးတီထွင်မှုကိုပြုစုရမယ်။ အားပေးရမယ်။ လွှတ်ပေးရမယ်။ လိုအပ်တဲ့ အထောက်အပံ့တွေ၊ ဥပဒေအာမခံမှုတွေပေးပြီး ရှင်သန်စေအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်အောင်ကြိုးစားဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ဟာ စနစ်ကျကျမပေါ်ပေါက်ခဲ့သလို မရှင်သန်ခဲ့ပါဘူး။ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံဟာ ဈေးကွက်ပဲဖြစ်တယ်။ အဓိပ္ပာယ်က နိုင်ငံတော်ကဝင်ရောက်စွက်ဖက်တာမဟုတ်ဘဲ ဈေးကွက်ကိုယုံကြည်တာဖြစ်တယ်။ ဒါကြောင့် ဈေးကွက်စီးပွားရေးစနစ်မှာ သန့်ရှင်းတဲ့ယှဉ်ပြိုင်မှုကို အားပေးရမယ်။ ယှဉ်ပြိုင်မှုအားရှိလေလေ ပြည်သူတွေ၊ စားသုံးသူတွေအတွက်အကျိုးများလေလေဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ဥပဒေကာကွယ်စောင့်ရှောက်မှုပေးဖို့ လိုအပ်တယ်။

ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံတစ်ခုက လူမှုရေးတာဝန်ကျေပွန်မှုပဲဖြစ်တယ်။ အမြတ်တစ်ခုတည်းကြည့်တဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေသာမဟုတ်ဘဲ လူတွေကိုစောင့်ရှောက်တဲ့၊ ပတ်ဝန်းကျင်ကို ကာကွယ်တဲ့ လုပ်ငန်းရှင်တွေဖြစ်ရမှာဖြစ်တယ်။ ကျွန်တော်စိုးရိမ်တာတစ်ခုရှိတယ်။ ကျွန်တော်တို့ဟာ လွတ်လပ်ရေးရစဉ်ကတည်းက ခေတ်အဆက်ဆက်မှာ စီမံကိန်းရေးဆွဲမှုကို ဦးစားပေးခဲ့ကြတယ်။ ပြည်တော်သာစီမံကိန်း၊ အနှစ် ၂၀ စီမံကိန်း စတဲ့စီမံကိန်းတွေကို ရေးဆွဲခဲ့ကြတယ်။

စီမံကိန်းကောင်းကောင်းတွေရေးဆွဲဖို့သာ အာရုံပြုကြပြီး အကောင်အထည်ဖော်မှုကို မေ့ခဲ့ကြတယ်။ နိုင်ငံအတွက်ရော ပြည်သူ ပြည်သားတွေအတွက်ရော ဘာမှမထူးခြားခဲ့ဘူး။ ဒီလိုဖြစ်လာတာဟာလည်း နိုင်ငံရေးဘောဂဗေဒသဘောအရ စီမံကိန်းစီးပွားရေးစနစ်ကို လက်ခံကျင့်သုံးခဲ့လို့ဖြစ်တယ်။ ကွန်မြူနစ်နိုင်ငံတွေ ဆိုရှယ်လစ်နိုင်ငံတော်မှာ စီမံကိန်းစီးပွားရေးစနစ်ကို ကျင့်သုံးကြတယ်။

မြန်မာပြည်မှာလည်း ၁၉၆၂ ခုနှစ်ကစပြီး လက်ခံခဲ့တယ်။ ဗဟိုကတစ်ဆင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအထိ စီမံကိန်းတွေကို တစ်ဆင့်ပြီးတစ်ဆင့် ရေးဆွဲကြတယ်။ အထက်ကအောက်ကို စီးဆင်းတဲ့ပုံစံဖြစ်တယ်။ အသုံးပြုတဲ့ကိန်းဂဏန်းတွေဟာလည်း သဘာဝမကျဘဲ ယုတ္တိမရှိဘဲ အထက်ကလိုချင်တာကို မရရအောင်ရေးဆွဲကြတာဖြစ်တယ်။ နောက်ဆုံးကာလအထိ ဒီယဉ်ကျေးမှုဟာ မပျောက်ခဲ့ဘူး။ ဒါကြောင့် ကျွန်တော်က စီမံကိန်း (Plan) နဲ့ စီစဉ်ခြင်း (Planning) ကို ခွဲခြားဖို့လိုတယ်။ စီမံကိန်းရေးဆွဲမှုဟာ အကျင့်ပါနေတာမို့ ဒီလုပ်ငန်းကို ဆန့်ကျင်သင့်ပါတယ်။ စီမံကိန်းရေးတာထက် ကိုယ်လို ချင်တဲ့ရလဒ်၊ မျှော်လင့်ချက်ကို ကြည်လင်ပြတ်သားအောင် ဖော်ထုတ်ပြီး ပြည်သူတွေရဲ့ စွန့်ဦးတီထွင်မှုကို အားကိုးသင့်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး အခြေခံမေးခွန်းသုံးခုမေးရမှာဖြစ်တယ်။ တာဝန်ရှိတဲ့ နိုင်ငံတော်အစိုးရက ဘာဖြစ်ချင်တယ် (what)၊ ဘာကြောင့်လဲ (why) ဆိုတဲ့ မေးခွန်းနှစ်ခုရဲ့ အဖြေကိုပေးပြီး ဘယ်လိုလုပ်သင့်သလဲ (how) ဆိုတာကိုတော့ တစ်ဦးချင်းတစ်ယောက်ချင်းကို ဆုံးဖြတ်ခွင့်ပေးသင့်ပါတယ်။ ဒီနေရာမှာ ကျွန်တော်က အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဆောင်ရွက်ခဲ့တဲ့ အစီအစဉ်ဖြစ်တဲ့ (make in India) အစီအစဉ်ကို အတုယူပြီး မြန်မာပြည်အတွက် (make in Myanmar) မြန်မာပြည်ထုတ်ပစ္စည်းတွေ ကမ္ဘာ့ဈေးကွက်ထဲထိုးဖောက်နိုင်အောင် ကြိုးစားစေချင်တယ်။ တစ်ရွာချင်း၊ တစ်မြို့ချင်း မိမိကျွမ်းကျင်လိမ္မာမှုကိုအခြေခံပြီး စီးပွားရေးလုပ်ငန်းတွေ ဖန်တီးရမယ်။ ခေတ်မီနည်းပညာကိုသုံးပြီး အင်တာနက်ကတစ်ဆင့် ကမ္ဘာ့စီးပွားရေးနဲ့ဒေသစီးပွားရေးအတွင်းခေတ်အခေါ် “ပေါက်”အောင် လုပ်ရမယ်။ ကိုရီးယားက သူ့ရဲ့ချဉ်ဖတ်ဖြစ်တဲ့ ကင်မ်ချီကို တစ်ကမ္ဘာလုံးလွှမ်းမိုးအောင်လုပ်သလို ကျွန်တော်တို့ကလည်း မြန်မာလက်ဖက်ကို ကမ္ဘာလွှမ်းနိုင်အောင် လုပ်သင့်ပါတယ်။ လက်ဖက်ကို သောက်တတ်ပြီး မစားတတ်တဲ့သူတွေကို လက်ဖက်စားတတ်အောင် လုပ်သင့်တယ်။ ဒါက ဥပမာတစ်ခုပေးတာပါ။ ကျွန်တော်တို့ မြန်မာလူမျိုးဟာ အတွေးကောင်းတယ်။ တီထွင်နိုင်တယ်။ ဖန်တီးနိုင်တယ်။ သူတို့ကို လုပ်ခွင့်ပြုတဲ့လူ့အဖွဲ့အစည်း တစ်ရပ်ဖော်ထုတ်ရင်သူတို့ဟာ လုပ်ကြမှာသာဖြစ်တယ်။ စီမံကိန်းရေးဆွဲစရာမလိုအပ်ပါဘူး။

၂၀၁၅ ခုနှစ်မှာ ကျွန်တော့်မှာ မြန်မာနိုင်ငံမြို့နယ်အသီးသီးမှာ “ပိုမိုကောင်းမွန်တဲ့ မြန်မာနိုင်ငံ ၊ ပိုမိုကောင်းမွန်တဲ့ အနာဂတ်”ခေါင်းစဉ်နဲ့ ဟောပြောပွဲတွေလုပ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာလည်း ဆက်လက်ဆောင်ရွက်ဖို့စီစဉ်ထားပါတယ်။ နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းတဲ့နေ့က မြင်ရတဲ့မြင်ကွင်းကိုကြည့်ပြီး “လှပတဲ့ တို့နိုင်ငံ၊ လှပတဲ့တို့အနာဂတ်”လို့ ပြောင်းပြီးဟောဖို့ စဉ်းစားထားပါတယ်။

# ပုထိုးတော်ကြီးဘုရားပွဲတော်တွင် မြန်မာ့ရိုးရာ နွားလှည်းပြိုင်ပွဲ ထည့်သွင်းကျင်းပနေ

**အမရပူရ ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ပုထိုးတော်ကြီးဘုရားပွဲတော်၌ ဘုရားပွဲနှင့်အတူ မြန်မာ့ရိုးရာ နွားအလှပြိုင်ပွဲနှင့် နွားလှည်းပြိုင်ပွဲများကိုလည်း ထည့်သွင်းကာ ဧပြီ ၁ ရက်မှ ၈ ရက်အထိ တောင်သမန်အင်းဘေးတွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

ပြိုင်ပွဲများအဖြစ် ဒုန်းပြိုင်ပွဲ(နွားလှည်းဒုန်းစီး)နှင့် နွားအလှ(အကြော့)ပြိုင်ပွဲတို့ကို ကျင်းပနေခြင်းဖြစ်သည်။ ပြိုင်ပွဲသို့ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှ နွားဝါသနာရှင်များ လာရောက်ယှဉ်ပြိုင်ကြပြီး ယှဉ်ပြိုင်သူများမှာ ဝါသနာကြောင့်သာမက ပြိုင်ပွဲတွင်အနိုင်ရရှိသော နွားများမှာ ဈေးကောင်းရခြင်းကြောင့်လည်း နွားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

"ဒုန်းနွားပြိုင်ရင် တာလွှတ်တာနဲ့ လမ်းချော်၊ လမ်းတိမ်းမရှိဘဲ ပန်းတိုင်ကိုအရင်ရောက်တယ်ဆိုရင် နိုင်တယ်။ အလှနွား(အကြော့)ပြိုင်တဲ့အခါမှာ ရှေ့ရောက်တိုင်း အနိုင်မရဘူး။ ခြေဖောက်ပြီး ရှေ့ဆုံးရောက်ရင် အရှုံးပါ။ ခြေမဖောက်ဘဲ နောက်ရောက်နေရင်တောင်နိုင်တယ်။ ခြေမဖောက်ဖို့ အဓိကပဲ"ဟု ဒိုင်လုပ်သက် နှစ် ၂၀ ရှိသူ ကျောက်ဆည်နယ်မှ ကိုသန်းမြင့်က ပြောသည်။

ဒုန်းပြိုင်ပွဲတွင် မိမိပြေးလမ်းအတိုင်း ပန်းတိုင်သို့ ဦးဆုံးရောက်ရှိသူကို အနိုင်ပေးကြောင်း၊ နွားအလှပြိုင်ပွဲတွင်မူ ပန်းတိုင်သို့ ဦးစွာရောက်ရှိခြင်းက အဓိကမဟုတ်ဘဲ နွား၏ပြေးလမ်းတစ်လျှောက် ပုံမှန်ခြေလှမ်းအတိုင်း ပြောင်းလဲမှုမရှိရန်လိုပြီး ခြေလှမ်းများ မူမမှန်တော့လျှင် အမှတ်လျော့သွားကြောင်း သိရသည်။ နွားပြိုင်ပွဲများတွင် ဒိုင်လူကြီး ၁၅ ဦးမှ ၂၀အထိ လိုအပ်ပြီး တာလွှတ်ဒိုင် လူကြီးနှစ်ဦး၊ တာဖမ်းဒိုင် လူကြီးခြောက်ဦး၊ တာဖမ်းအပ်ချည်လျှာတိုင် ဆုံးဖြတ်သူ လေးဦးနှင့် ပြေးလမ်းကြောင်းတစ်လျှောက် စောင့်ကြည့်ဒိုင် ခြောက်ဦးထားရှိရကြောင်း သိရသည်။ "ပြေးလမ်းမှာ စောင့်ကြည့်တဲ့ဒိုင်တွေက သမာဓိ(မှန်ကန်သူ)ရှိတဲ့သူတွေ ထားပေးရတယ်။ ဘက်မလိုက်အောင်ပေါ့။ နွားအလှမှာ ခြေဖောက်တာနဲ့ ဒိုင်တွေက အလံထောင်လိုက်တယ်။ ဒုန်းနွားပြိုင်ပွဲမှာတော့ အရင်ရောက်ပြီး အပ်ချည်ဖြတ်တဲ့ သူကအနိုင်ပဲ"ဟု ကိုသန်းမြင့်က ဆက်၍ပြောပြသည်။

ယခုပြုလုပ်သည့် ပြိုင်ပွဲတွင် ပထမဆု ကျပ် သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ် တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း၊ နွားပြိုင်ပွဲသာမက မြင်းပြိုင်ပွဲကိုလည်း တွဲဖက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် တစ်မျိုးသာ ပြိုင်မည်ဖြစ်ပြီး ပထမရက်တွင် ၁၀ လသားအရွယ် နွားအလှပြိုင်ပွဲ၊ ၁၄ လအရွယ် နွားအလှပြိုင်ပွဲနှင့် လေးနှစ်သားအရွယ် နွားအလှပြိုင်ပွဲဟူ၍ သုံးမျိုးခွဲခြား ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ ဒုန်းနွားလှည်းပြိုင်ပွဲတွင် လေးနှစ်သား အရွယ်နှင့် ခြောက်နှစ်သားအရွယ်ဟူ၍ နှစ်မျိုးခွဲခြား၍ ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

"နွားပြိုင်ပွဲတွေ ဝင်ပြိုင်တယ်။ အရင်တစ်နှစ်ကျော်က ဒီပြိုင်ပွဲမှာဆုရခဲ့လို့ ၁၄ သိန်းပေးပြီး ဝယ်ခဲ့ရတဲ့နွားကို အောက်ပြည်ဘက်က ၂၅ သိန်းနဲ့ လာဝယ်လို့ ရောင်းလိုက်တယ်။ ပြိုင်ပွဲမှာလာကြည့်ပြီး သူတို့ကြိုက်ရင် ဈေးကောင်းပေးဝယ်သွားကြတယ်"ဟု ပြိုင်ပွဲဝင်နွားပိုင်ရှင် ကိုလှအောင်က ပြောသည်။



နွားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သူများသည် ပြိုင်ပွဲမှ ချီးမြှင့်သည့်ဆုငွေထက် အနိုင်ရသည့်ဂုဏ်ကို ပို၍လိုချင်ကြကြောင်း၊ လက်ရှိအချိန်တွင် နွားလှည်းပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ယှဉ်ပြိုင်သူ ၁၀၀ ကျော်ရှိနေပြီး ဆုရသည့်နွားများကိုလည်း ဈေးကောင်းပေးဝယ်နေကြကြောင်း၊ နွားလှည်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသူများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကာ အလားအလာရှိသော နွားများကို ဈေးကောင်းပေးဝယ်ယူနေကြသူများကြောင့် နွားလှည်းပြိုင်ပွဲမှာ စည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ၂၄ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံး ပြောင်းလဲတပ်ဆင်



**ဘားအံ ဧပြီ ၃**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၆)ရပ်ကွက်ရှိ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ၌ ၂၄ အမ်ဗွီအေ ထရန်စဖော်မာသစ်ကြီးတစ်လုံးကို မူလရှိသော ၁၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် ဧပြီ ၂ ရက်က ပြောင်းလဲတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ဓာတ်အားခွဲရုံတွင် မူလကရှိသော ၁၀ အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံးဖြင့် ဓာတ်အားပေးနေရာတွင် သတ်မှတ်ခံနိုင်ဝန်အားသို့ ရောက်ရှိကျော်လွန်နေပြီဖြစ်သဖြင့် ပြည်သူများ ဓာတ်အားအပြည့်အဝ ရရှိသုံးစွဲနိုင်ရန်အတွက် ၁၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးကို ၂၄ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးသွင်က ကြီးကြပ်၍ လဲလှယ်တပ်ဆင်ခဲ့ခြင်းဖြစ်သည်။ ထရန်စဖော်မာပြောင်းလဲတပ်ဆင်ခဲ့သဖြင့် ဘားအံမြို့ပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုလုံလောက်ပြည့်ဝစွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိ

**တောင်တွင်းကြီး ဧပြီ ၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ဈေးများ၊ ကျေးရွာများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့များပူးပေါင်း၍ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီးဘေးကာကွယ်ရေးဆောင်ရွက်မှုများအဖြစ် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်ရှိ မီးသတ်ရေလှောင်ကန်များ၊ အမြင့်တင်ရေစဉ်များတွင် ရေမပြတ်ဖြည့်တင်းခြင်း၊ မီးဘေးကာကွယ်ရေးအတွက် ပြည်သူများအား လှည့်လည်သတိပေးခြင်းနှင့် နေ့ည လှည့်ကင်းများဖြင့် စစ်ဆေးခြင်း၊ ဒေသခံပြည်သူများအား မီးငြိမ်းသတ်နည်းများ သင်ကြားပြသကာ သရုပ်ပြလေ့ကျင့်ခြင်းနှင့် လောင်စာဆီအရောင်းဆိုင်များသို့ အခါအားလျော်စွာ လှည့်လည်စစ်ဆေးသတိပေးခြင်း စသည့် လုပ်ငန်းများကို တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးဌေးလွင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့များ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၈၅)**

## မယ်ညိုတောင်ကြိုးဝိုင်းသစ်တောမှ ထွက်ရှိသောထင်းများကို ဒေသခံများအသုံးပြုရန် အခမဲ့ပေးအပ်

**မလှိုင် ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မယ်ညိုတောင်ကြိုးဝိုင်း၌ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတစ်ခုဖြစ်သော ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဆောင်ရွက်ရာမှ ထွက်ရှိသောထင်းများကို ဒေသခံပြည်သူများအား မတ် ၂၉ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မယ်ညိုတောင်ကြိုးဝိုင်း ကွင်းအမှတ် (၁၆၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃)ရှိ သဘာဝတောကျန်ထိန်းသိမ်းခြင်း ဧက ၁၀၀၀ အတွင်း သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတစ်ခုဖြစ်သော ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သော ဧက ၁၀၀ ၌ ပင်ပူးခွာခြင်း၊ အောက်ခြေကိုင်းချိုင်ခြင်း ၊ တောရှင်းခြင်းလုပ်ငန်းများမှ ထွက်ရှိသော ထင်း ၁၅ ဒသမ ၈၄ တန်ကို မိတ္ထီလာခရိုင်နှင့် မလှိုင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနများမှ တာဝန်ရှိသူများက တံခွန်တိုင်ဆည်ကျေးရွာမှ အိမ်ထောင်စု ၄၈ စုအတွက် အသုံးပြုရန် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် စိုက်ခင်းများထူထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုး အခြားလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းကြီး(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# သိပ္ပံနည်းကျစိုက်ပျိုးစနစ်ဖြင့် နှမ်းစပါးစိုက်ပျိုးမှု တောင်သူများအားသရုပ်ပြ

**ရွှေဘို ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာအုပ်စုမှ စပါးစိုက်တောင်သူများအား နွေစပါးစိုက်ပျိုးရာတွင် ပုလဲသွယ်(GW-1) အထူးအထွက်တိုးစပါးမျိုးကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP)ဖြင့် စိုက်ပျိုးမှု သရုပ်ပြပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ဧပြီ ၁ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက ယခုနှစ်တွင် ခရိုင်အတွင်း၌ နွေစပါး ဧကသုံးသိန်းနှင့် အခြားသီးနှံ ဧကခုနစ်သောင်း လျာထားသတ်မှတ်ပြီး လျာထားဧကပြည့်မီအောင်မြင်သည်အထိ စိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်ထားကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် အခက်အခဲရှိပါက ဆက်သွယ်တင်ပြ၍ ဆောင်ရွက်သွားစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆွေက စပါးသီးနှံကို သိပ္ပံနည်းကျစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းလုပ်ငန်းကို တောင်သူများသိရှိပြီး ကျယ်ကျယ်ပြန့်ပြန့် လိုက်နာဆောင်ရွက်စေလိုသော ရည်ရွယ်ချက်ဖြင့် သရုပ်ပြပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တောင်သူအချို့မှာ သိပ္ပံနည်းကျစနစ်ဖြင့် လုပ်ကိုင်နေကြသော်လည်း အများစုမှာ သမားရိုးကျစိုက်ပျိုးနည်းကို စွန့်လွှတ်နိုင်မှုမရှိသေးကြောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် တစ်ဧကကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းတိုးတက်ကာ စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း ပြောသည်။

ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး ဦးစောသက်ခိုင်ဝင်းကလည်း ယခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် သဖန်းဆိပ်ဆည်ရေကို တွက်ချက်ပြီး လုံလောက်စွာပေးဝေလျက်ရှိကြောင်း၊ ဆည်ရေကို တောင်သူအချင်းချင်းညှိနှိုင်းပြီး အလေအလွင့်မရှိစေဘဲ စနစ်တကျရယူကာ စိုက်ပျိုးသွားကြရန်သာ လိုအပ်ကြောင်း ပြောသည်။

ထို့နောက် ခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များက တောင်သူများအား GAP စနစ်ဖြင့် နွေစပါးပျိုးထောင်ခြင်း၊ ပျိုးပင်များကို ချက်ချင်းနုတ်၍ ချက်ချင်းစိုက်ပျိုးနေသော စိုက်ကွက်များ၊ ဆစ်ပိုးကာကွယ်ရေးအတွက် ဇီဝနည်းဖြင့် နှိမ်နင်းနည်းဖြစ်သည့် ဥကပ်ပါးနဂါးကတ်များ ချိတ်ဆွဲနေမှုစသည်တို့ကို လက်တွေ့ပြသ လေ့လာစေခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ပိုလီယိုကာကွယ်ဆေး ပြောင်းလဲတိုက်ကျွေးခြင်းရှင်းလင်း

**ဖလမ်း ဧပြီ ၃**

ဧပြီလအတွင်း ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးရာတွင် ပိုလီယိုရောဂါပိုးအမျိုးအစား သုံးမျိုးကိုကာကွယ်သော ကာကွယ်ဆေးတိုက်ကျွေးရာမှ ရောဂါပိုးအမျိုးအစားနှစ်မျိုးကို ကာကွယ်သော ကာကွယ်ဆေးကို ပြောင်းလဲတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ မြို့နယ်အဆင့်ရှင်းလင်းပွဲကို ချင်းပြည်နယ် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဧပြီ ၁ ရက်က ပြုလုပ်ခဲ့သည်။ ရှင်းလင်းပွဲတွင် ဖလမ်းခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရဲအောင်ထွန်းနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ပိုလီယိုရောဂါအမျိုးအစား သုံးမျိုးမှ နှစ်မျိုး ကာကွယ်ဆေး ပြောင်းလဲသုံးစွဲရခြင်း၏ ရည်ရွယ်ချက်၊ ခရိုင်နှင့် မြို့နယ်အဆင့် ကာကွယ်ဆေးပြောင်းလဲသုံးစွဲခြင်းစီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်း စသည့်အကြောင်းအရာများကို အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်တို့ ကျော်ဖြတ်မယ့် ချန်ပီယံလိဂ်

မိုးမြင့်လင်းလက်




ဒီတစ်ပတ် ကြားရက်ဖြစ်တဲ့ မေ ၆ ရက်နဲ့ ၇ ရက်တွေမှာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်တွေကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ အခက်ခဲကြားက ဖြတ်ကျော် တက်လှမ်းလာတဲ့ ထိပ်တန်းကလပ်တွေရဲ့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ခြေကုန်ဖွင့်ကစားမှုတွေကို ရင်တမမနဲ့ ခံစားကြည့်ရှုရတော့မှာဖြစ်ပါတယ်။ အကောင်းဆုံးကစားသမားတွေနဲ့ အပြိုင်အဆိုင် ပွဲထွက်လာကြမယ့် ဒီပွဲစဉ်တွေမှာ ကမ္ဘာကျော် တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်တွေကိုလည်း စိတ်လှုပ်ရှားဖွယ်ရာ တွေ့မြင်ရမှာဖြစ်သလို ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာ ပွဲချိန် စက္ကန့်တိုင်း မျက်တောင်မခတ်ဝံ့အောင် အားပေးကြရမှာဖြစ်ပါတယ်။

**ဘိုင်ယန်မြူးနစ်နှင့် ဘင်ဖီကာ**

ဘိုင်ယန်မြူးနစ်တို့က ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်အောင်ပွဲခံဖို့ ရည်မှန်းနေတဲ့အသင်းဖြစ်တာမို့ အိမ်ကွင်းမှာ ဂိုးပြတ်သွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်ရဲ့ ချန်ပီယံလိဂ်အိမ်ကွင်းပွဲစဉ်ရလဒ်တွေကို ကြည့်ရင် ဂျူဗင်တပ်ကို လေးဂိုး-နှစ်ဂိုး၊ အိုလံပီယာကို့စ်ကို လေးဂိုးပြတ်၊ အာဆင်နယ်ကို ငါးဂိုး-တစ်ဂိုးနဲ့ ဒိုင်နမိုဇာဂရက်ကို ငါးဂိုးပြတ်တွေနဲ့ နိုင်ပွဲတွေ ဆက်တိုက်ရယူခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ချန်ပီယံလိဂ် ရှုံးထွက်ပွဲစဉ်တွေမှာ ပေါ်တူဂီကလပ်တွေနဲ့ အိမ်ကွင်းမှာ နောက်ဆုံး (၁၁)ကြိမ်တွေ့ဆုံခဲ့ရာမှာ ကိုးပွဲနိုင်ပြီး နှစ်ပွဲသရေကျကာ ရှုံးပွဲမရှိခဲ့ပါဘူး။ ဘင်ဖီကာတို့ရဲ့ ချန်ပီယံလိဂ်အဝေးကွင်းနိုင်ပြီး နှစ်ပွဲသရေကျကာ ရှုံးပွဲမရှိခဲ့ပါဘူး။ ဘင်ဖီကာတို့ရဲ့ ချန်ပီယံလိဂ် အဝေးကွင်းပွဲရလဒ်တွေကိုကြည့်ရင် ဇင်းနစ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး အက်စ်တာနာကို နှစ်ဂိုးစီ သရေကျကာ ဂါလာတာစာရေးကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ ဒ့ါအပြင် အက်သလက်တီကို အသင်းကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ ခြေစွမ်းအတက်အကျတော့ ရှိနေပါတယ်။ ဘင်ဖီကာတို့ဟာ ဂျာမန်မြေမှာ စုစုပေါင်း ၂၁ ပွဲ ကစားခဲ့ရာမှာ နှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၃ ပွဲရှုံး ရလဒ်တွေရှိနေခဲ့ပြီး လောလောဆယ်မှာ ဥရောပ အဝေးကွင်း ရှစ်ပွဲ ကစားခဲ့ရာမှာလည်း တစ်ပွဲသာနိုင်ထားခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းမှာ ရော်ဘင်၊ မာတီနက်ဇ်၊ ဘိုတန်တို့ ဒဏ်ရာရရှိနေတာမို့ ကြံ့ခိုင်မှု အားနည်းနေပါတယ်။ ဘင်ဖီကာမှာလည်း ဆန်းတို့စ်၊ လိုပက်ဇ်၊ ဆီသာနဲ့ လီ့ဆာအိုတို့ ဒဏ်ရာရရှိနေတာမို့ အားနည်းချက်ရှိနေတာတော့ အမှန်ပါပဲ။ ဒီပွဲမှာ အဝေးကွင်း စွမ်းဆောင်ရည်ကျဆင်းတတ်တဲ့ ဘင်ဖီကာတို့ထက် အိမ်ကွင်းအားသာချက်ရှိတဲ့ ဘိုင်ယန်မြူးနစ်တို့ပဲ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဘာစီလိုနာနှင့် အက်သလက်တီကို**

ဒီနှစ် ချန်ပီယံလိဂ်ဖလားကို ရယူမယ်လို့ ကြုံးဝါးနေတဲ့ ဘာစီလိုနာတို့ကတော့ လောလောဆယ် ခြေစွမ်းကောင်းတွေရရှိထားပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ဗီလာရီးရဲအသင်းကို နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာကလွဲပြီး ကျန်ပွဲတွေအားလုံး နိုင်ပွဲရခဲ့ပါတယ်။ ဘာစီလိုနာရဲ့ ချန်ပီယံလိဂ် အိမ်ကွင်းပွဲစဉ်လေးပွဲကိုကြည့်ရင် အာဆင်နယ်ကို သုံးဂိုး-တစ်ဂိုး၊ ရိုးမားကို ခြောက်ဂိုး-တစ်ဂိုး၊ ဘိုရီဆော့ဗ်ကို သုံးဂိုးပြတ်၊ လေဗာကူဆင်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာတွေ့ရပါတယ်။ အက်သလက်တီကိုရဲ့ ချန်ပီယံလိဂ် နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်း လေးပွဲရလဒ်ကိုကြည့်ရင် ဘင်ဖီကာနဲ့ ဂါလာတာစာရေးတို့ကို နိုင်ခဲ့ပြီး ပီအက်စ်ဗွီနဲ့ အက်စ်တာနာတို့ကို သရေပွဲဖြစ်ခဲ့ပါတယ်။ ဒီနှစ် ချန်ပီယံလိဂ် အဝေးကွင်းပွဲစဉ်တွေမှာ အက်သလက်တီကိုတို့ ရှုံးပွဲမရှိသေးတာမို့ ဘာစီလိုနာတို့ သတိပြုရမှာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းမှာ အင်နီယေစတာ၊ ရာတီကစ်၊ ဘက်စ်ကွက်စ်နဲ့ အက်ဒရီယာနိုတို့ ဒဏ်ရာတွေရနေသလို အက်သလက်တီကိုမှာလည်း ဂိုဒင်၊ တီယာဂို၊ ဂျီမီနက်စ်နဲ့ ဆာဗစ်တို့ ဒဏ်ရာတွေရရှိထားပါတယ်။ အဝေးကွင်း ခြေစွမ်းမာကျောတဲ့ အက်သလက်တီကိုဟာ ဘာစီလိုနာကို မာမာတင်းတင်း ကစားမှာဖြစ်လို့ အိမ်ရှင်တို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ဝုဖ်ဘတ်နှင့် ရီးရဲမက်ဒရစ်**

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ကို အသင်းရဲ့ သမိုင်းမှာ ပထမဆုံးအကြိမ် တက်ရောက်လာတဲ့ ဝုဖ်ဘတ်တို့က အခုပွဲ အိမ်ကွင်းမှာ အကောင်းဆုံး ပြင်ဆင်မှုတွေနဲ့ ရီးရဲမက်ဒရစ်ကို ဧည့်ခံပါလိမ့်မယ်။ ဝုဖ်ဘတ်ရဲ့ ချန်ပီယံလိဂ် အိမ်ကွင်းရလဒ်တွေကိုကြည့်ရင် ဂျန့်၊ မန်ယူ၊ ပီအက်စ်ဗွီနဲ့ စီအက်စ်ကေအေမော်စကိုအသင်းတွေကို နိုင်ပွဲတွေချည်းရအောင် ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် စပိန်ကလပ်တွေနဲ့ နောက်ဆုံး လေးကြိမ် ဆုံတွေ့ခဲ့ရာမှာ နိုင်ပွဲတစ်ပွဲသာရရှိခဲ့တာမို့ ဝုဖ်ဘတ်တို့ အခုပွဲ အိမ်ကွင်းဆိုပေမယ့် ခြေကုန်ဖွင့်ရမယ့် အနေအထားပါပဲ။ ရီးရဲမက်ဒရစ်ရဲ့ ချန်ပီယံလိဂ်အဝေးကွင်း ရလဒ်တွေကိုကြည့်ရင် နောက်ဆုံးကစားခဲ့တဲ့ လေးပွဲမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ ရီးရဲမက်ဒရစ်တို့က ဂျာမန်မြေမှာ သွားကစားခဲ့တဲ့ နောက်ဆုံးလေးပွဲမှာ သုံးပွဲနိုင်ထားပြီး သရေတစ်ပွဲဖြစ်ထားသလို ဥရောပ အဝေးကွင်း နောက်ဆုံး ၁၁ ပွဲမှာ ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေရရှိထားခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းမှာ ရာမို့စ် တစ်ဦးတည်းသာ ဒဏ်ရာရရှိနေပေမယ့် ဝုဖ်ဘတ်မှာတော့ ဂလီယို၊ ခရူစီ၊ ဒရက်စလာ၊ ဘက်ဒေ့ါစ်တို့ ဒဏ်ရာတွေရရှိထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် ရီးရဲမက်ဒရစ်တို့ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရသွားနိုင်ပါတယ်။

**ပီအက်စ်ဂျီနှင့် မန်စီးတီး**

ပီအက်စ်ဂျီတို့က ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို လေးကြိမ်ဆက်တိုက် တက်ရောက်လာခဲ့တဲ့ အသင်းဖြစ်သလို မန်စီးတီးတို့ကလည်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ကို ပထမဆုံးအကြိမ် တက်ရောက်လာတာဖြစ်ပါတယ်။ ပီအက်စ်ဂျီရဲ့ ချန်ပီယံလိဂ် အိမ်ကွင်း နောက်ဆုံး လေးပွဲရလဒ်တွေကိုကြည့်ရင် ရီးရဲမက်ရစ်ကို ဂိုးမရှိသရေပွဲဖြစ်ခဲ့ပြီး ကျန်တဲ့ ချယ်လ်ဆီး၊ ရှက်တာဒိုးနက်၊ မယ်လ်မိုအသင်းတွေကို နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပါတယ်။ ပီအက်စ်ဂျီရဲ့ ဥရောပအိမ်ကွင်း နောက်ဆုံးကစားခဲ့တဲ့ ၃၈ ပွဲမှာ တစ်ပွဲသာ ရှုံးထားတဲ့ မှတ်တမ်းကောင်းလည်းရရှိထားပါတယ်။ ဒ့ါအပြင် အိမ်ကွင်းမှာ အင်္ဂလန်ကလပ်တွေနဲ့ နောက်ဆုံးခြောက်ပွဲတွေ့ဆုံခဲ့ရာမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်တွေ ထွက်ပေါ်ထားတာမို့ မန်စီးတီးတို့ အခက်ကြုံရနိုင်ပါတယ်။ မန်စီးတီးရဲ့ ချန်ပီယံလိဂ် အဝေးကွင်းနောက်ဆုံးလေးပွဲရလဒ်တွေကိုကြည့်ရင် ဂျူဗင်တပ်စ်အသင်းကို ရှုံးခဲ့ပြီး ကျန်တဲ့ ဒိုင်နမိုကိဗ်၊ ဆီဗီလာ၊ မိုချန်ဂလာဘတ်တို့ကို နိုင်ထားခဲ့ပါတယ်။ မန်စီးတီးအသင်းမှာ လောလောဆယ် ယာယာတိုရေး၊ နာဆရီ၊ ဒီဘရိုင်းတို့ ဒဏ်ရာတွေရရှိနေသလို ပီအက်စ်ဂျီအသင်းမှာလည်း မာတူဒီ၊ ဗာရက်တီ၊ အော်ရီရာနဲ့ ပက်စကိုရီတို့ ဒဏ်ရာတွေရရှိထားပါတယ်။ ဒီနှစ်သင်းရဲ့ လက်ရှိ ကစားအား၊ စုဖွဲ့မှုနဲ့ ခြေစွမ်းတွေကိုကြည့်ရင် အိမ်ရှင် ပီအက်စ်ဂျီတို့ အသာစီးရသွားနိုင်တာ အမှန်ပါပဲ။ ။

## ထိပ်ဆုံး လေးနေရာရောက်ဖို့ မျှော်လင့်နေတဲ့ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအသင်းအနေနဲ့ ဒီနှစ်ပရီမီယာလိဂ်မှာ ထိပ်ဆုံးနေရာရောက်ဖို့ မျှော်လင့်ထားတယ်လို့ နည်းပြက ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ လက်ရှိပွဲစဉ် ၃၁ အပြီး နံပါတ် ၅ နေရာမှာရှိနေပါတယ်။ နံပါတ် ၄ နေရာမှာ ရှိနေတဲ့ မန်စီးတီးအသင်းနဲ့ တစ်မှတ်သာ ကွာခြားပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပြန်ကန်ပွဲမှာလည်း မန်ယူနဲ့ အိမ်ကွင်း ကစားရဖို့ ရှိနေပါတယ်။ နည်းပြဘီလစ်ရဲ့ ဝက်စ်ဟမ်းအသင်းဟာ ပရီမီယာလိဂ်မှာ သာမက အက်ဖ်အေဖလားကိုပါ ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းရဲ့ နည်းပြ ဆလာဗန်ဘီလစ်အနေနဲ့ အယ်လ်ဂျာစီးရာမှ အငှားခေါ်ယူထားတဲ့ လန်ဇီနီကို အမြဲတမ်းစာချုပ်သွားမယ်လို့ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ဒီနှစ်ရာသီမှာ ခြေစွမ်းပြနေတဲ့အသင်းဖြစ်ပြီး လာမယ့် ဧပြီ ၁၃ ရက်မှာ မန်ယူနဲ့ အက်စ်အေဖလား ကွာတားဖိုင်နယ် ပြန်ကန်ပွဲကစားမှာဖြစ်ပါတယ်။






## ပီအက်စ်ဂျီနဲ့ ကစားမယ့် ချန်ပီယံလိဂ်ပွဲကို မန်စီးတီး အဓိကကစားသမားတွေ လွဲချော်နိုင်

မန်စီးတီးအသင်းအနေနဲ့ လာမယ့် သီတင်းပတ်မှာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ပြင်သစ်နိုင်ငံမှာ ပီအက်စ်ဂျီအသင်းနဲ့ ကစားဖို့ရှိနေပါတယ်။ ဒီပွဲမှာ မန်စီးတီးရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ဂိုးသမား ဂျိုးဟတ်၊ ယာယာတိုရေးနဲ့ ကွန်ပါနီတို့ မပါဘဲ ကစားရဖွယ်ရှိနေပါတယ်။ နည်းပြ ပယ်လီဂရီနီကလည်း ဒီပွဲမှာ အဓိက ကစားသမားတွေ ပါဝင်ကစားနိုင်ဖွယ်မရှိဘူးလို့ အတည်ပြုပြောဆိုခဲ့ပါတယ်။ မန်စီးတီး တိုက်စစ်မှူး စတာရစ်အနေနဲ့လည်း ပါဝင်နိုင်ဖွယ်မရှိသေးဘူးလို့ဆိုပါတယ်။ ပဲရစ်ကို သွားရောက် ကစားမယ့် ဒီပြိုင်ပွဲမှာ ဖာဘီယန်ဒပ်ကလည်း ပါဝင်ကစားနိုင်ဖို့ သံသယဖြစ်နေပါတယ်။ ဂျိုးဟတ်ကတော့ ခြေသလုံးကြွက်သား ဒဏ်ရာကနေ ပြန်ကောင်းလာဖွယ်ရှိနေပါတယ်။ ကွန်ပါနီကတော့ ဒိုင်နမိုကိဗ်နဲ့ ပွဲမှာ အပြင်းအထန် ဒဏ်ရာရသွားတဲ့အတွက် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် နှစ်ကျော့စလုံး လွဲချော်ဖွယ်ရှိနေပါတယ်။ ယာယာတိုရေးလည်း ဒူးခေါင်း ဒဏ်ရာရထားပါတယ်။

## အက်စ်တွန်ဗီလာနည်းပြဖြစ်လာနိုင်တဲ့ မက္ကာသီ

အစ်ဆွစ်တောင်း နည်းပြ မစ်မက္ကာသီဟာ အက်စ်တွန်ဗီလာနည်းပြဖြစ်လာဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ မက္ကာသီဟာ အက်စ်တွန်ဗီလာ နည်းပြဖြစ်လာဖို့ အသင်းတာဝန်ရှိသူတွေက ယုံကြည်ထားပါတယ်။ အသက် ၅၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မက္ကာသီဟာ ဆန်းဒါးလန်းနဲ့ ဝုဖ်အသင်းတို့ကို ချန်ပီယံရှစ်မှ အောင်မြင်တဲ့ နည်းပြဖြစ်အောင် ကြိုးစားပေးခဲ့သူဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာ အစ်ဆွစ်တောင်းအသင်းကို ရန်ပုံငွေအင်အားနည်းသော်လည်း ဇယား နံပါတ် ၈ နေရာရောက်အောင် အဓိက ကြိုးစားပေးနိုင်ခဲ့ပါတယ်။ အစ်ဆွစ်တောင်းအသင်းကို အောင်မြင်တဲ့အသင်းဖြစ်အောင် ကြိုးစားပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဗီလာက အလုပ်ဖြုတ်လိုက်တဲ့ ရေမီဂါဒီနေရာမှာ ဗီလာအသင်းရဲ့ နည်းပြဖြစ်လာဖို့ ရှိနေပါတယ်။ လောလောဆယ်မှာတော့ အဲရစ်ဘလက်က အက်စ်တွန်ဗီလာရဲ့ ယာယီနည်းပြအဖြစ် တာဝန်ယူဖွယ်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပရီမီယာလိဂ်မှာ နည်းပြဖြစ်လာဖို့ မျှော်လင့်ထားပါတယ်လို့ မက္ကာသီက ဆိုပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု စတင်ဆောင်ရွက်

**ကျွန်းလှ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို စတင်ဆောင်ရွက်နေပြီဖြစ်ကာ ကျွန်းလှမြို့ပေါ်သစ်ရာမြိုင်ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ရှမ်းစု၊ တင်းတိန်ရုံ၊ ကုက္ကိုကုန်း၊ နောင်ဦး၊ ရေရှင်၊ ရေယိမ်း၊ နောင်ကောက်၊ မကျီးအင်းနှင့် အင်းကောင်းကျေးရွာများမှ စာမတတ်သူ ၂၀၀ အား သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ရွှေဘိုတက္ကသိုလ်မှ လုပ်အားပေးကျောင်းသား ကျောင်းသူ ၂၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမများက ကျေးရွာများသို့ ကွင်းဆင်းကာ စာဖတ်ဝိုင်းများဖြင့် ၄၅ ရက်ကြာ သင်ကြားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

စာတတ်မြောက်ရေးလှုပ်ရှားမှု စတင်ဆောင်ရွက်သည့် ဖွင့်ပွဲကို အထက ကျွန်းလှကျောင်းခန်းမ၌ မတ် ၃၁ ရက်က ကျင်းပခဲ့ပြီး ရွှေဘိုတက္ကသိုလ် ဓာတုဗေဒဌာနသရုပ်ပြဆရာ ဦးကျော်စွာဝင်းက အမှာစကားပြောကြားကာ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သက်ထွေးက အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ဗုဒ္ဓယဉ်ကျေးမှု ကလေးတရားစခန်း ဖွင့်လှစ်

**ဟိုပင် ဧပြီ ၃**

ကချင်ပြည်နယ် ဟိုပင်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ဗုဒ္ဓယဉ်ကျေးမှု ကလေးတရားစခန်းကို မတ် ၃၁ ရက်က စတင်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

တရားစခန်းကို ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်က ဦးစီးဖွင့်လှစ်ခြင်းဖြစ်ပြီး အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၁၉၂ ဦး ဝင်ရောက်ကြပြီး ဧပြီ ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ကျောင်းသား ကျောင်းသူများအတွက်လည်း ဧပြီ ၁၁ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ရေအခက်အခဲ မရှိစေရေးအတွက် သောက်သုံးရေများဖြန့်ဝေပေး

**သရက် ဧပြီ ၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရင်ကြီးကျေးရွာ၌ နွေရာသီရေပြတ်လပ်မှုကြောင့် ဒေသခံပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရေးအတွက် သောက်သုံးရေများကိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧပြီ ၁ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ပြီး မိုးဦးမကျမီအထိ ရေအခက်အခဲမဖြစ်စေရန် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာမှ ဒေသခံပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် ငါးဂါလန်ဆံ့ ရေဘူးသုံးဘူးစီကို သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကြီးနှင့် မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းထိုက်တို့က သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကာ ကျေးရွာ၏ ရေသုံးစွဲမှုအခြေအနေ၊ အနီးဆုံးရေချိုရယူနိုင်သည့်နေရာနှင့် ရယူရန် နည်းလမ်းများ၊ မိုးဦးမကျမီအထိ ရေအခက်အခဲမရှိစေရေးအတွက် ရေအသုံးပြုရာတွင် စနစ်တကျသုံးစွဲရန်တို့ကိုလည်း ကျေးရွာနေပြည်သူများအား ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**






## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလှူရှင်များ ဂုဏ်ပြုမှတ်တမ်း

ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း (၂၀.၃.၂၀၁၆)ရက်တွင် ကျင်းပပြုလုပ်သော သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၏ အလင်းဒါန အစီအစဉ်တွင် ပြည်ပထေရဝါဒပြန့်ပွားရေးဆပ်ကော်မတီ၏အတွင်းရေးမှူး ဦးဝံသသီရိ (ခ)ဦးဝင်းဖေတို့အား အမှူးထား၍ မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်+ဒေါ်နန္ဒဆွေ မိသားစုနှင့် Mr. Koh Poh Hwee + ဇနီး ဒေါ်ကြည်ကြည်စန်း စက်ာပူ တို့က ကျပ်ငွေသိန်း (၃၀)ကို ရွှေပြည်ဟိန်းဆရာတော် ထံ လှူဒါန်းကြစဉ်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာန – ရွှေပြည်ဟိန်းကျောင်း

သီတဂူ–ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊

[ကျိုက္ကဆံစုပါဝင်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉–၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလင်္ကာရ (AccountNo.00730200701690301)




## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဖေဖေ **Great ဦးမြင့်** [IGEBM (London)] နှင့် မေမေ **Great ဒေါ်ခင်စန်းဝင်း** [IGEBM (London)]တို့နှစ်ဦးအား ယူကေနိုင်ငံ၊ လန်ဒန်မြို့ သာသနာ့ရံသီ မြန်မာဗုဒ္ဓဘာသာစင်တာကြီး၏ဥရောပ–မြန်မာ ဗုဒ္ဓသာသနာပြုအသင်းကြီးမှ ဂုဏ်ပြုချီးမြှင့်အပ်သော **အပြည်ပြည်ဆိုင်ရာ သာသနာပြုထူးချွန်ဆု IGEBM (London)International Great Excellence Buddhist Missionary Award** ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်ခံရခြင်းအတွက် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပြီး တရားထူး တရားမြတ်ကိုလည်း ရရှိနိုင်ပါစေရန်ဆုမွန်ကောင်းတောင်းလျက် ဖေဖေနှင့်မေမေ နှစ်ဦးတို့အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**သား - ဦးမျိုးဇော်ဟိန်း (မြစန်းသော်တာ)ဖုန်းငွေဖြည့်ကတ်ရောင်းဝယ်ရေး**

**သား - ဒေါက်တာ ဖြိုးဇော်ဟိန်း–ဒေါက်တာသဥ္ဇာဦး (မြစန်းသော်တာ)ရောင်းဝယ်ရေး**

**မြေး - မသွန်းသီရိသူ**

မြန်မာ့မီးရထား

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

တင်ဒါအမှတ်– ၀၃/မမ/ပတ/ဘူတာသန့်ရှင်းရေးလုပ်ငန်းများ(CTM)

၁။ မြန်မာ့မီးရထား၊မန္တလေးဘူတာကြီး၊နေပြည်တော်ဘူတာကြီး၊ရန်ကုန်ဘူတာကြီး၊ မော်လမြိုင်ဘူတာနှင့် ပုဂံဘူတာများတွင် သန့်ရှင်းရေး လုပ်ငန်းများကို လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ သဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် –၄.၅.၂၀၁၆(ဗုဒ္ဓဟူးနေ့)(၁၂း၃၀)နာရီ

၂။ တင်ဒါပုံစံများကိုအောက်ဖော်ပြပါဌာနတွင်(၄.၄.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊

(၅၁)လမ်းနှင့်ကုန်သည်လမ်းထိပ် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊

ဖုန်း -294352, 291994.

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာ၊ မြေတိုင်းအကွက်အမှတ် (၂–ဂ)၊ ရွာမရပ်၊ ဦးပိုင်အမှတ် (၂/၂၈) ဧရိယာ ၀ဒသမ၀၇၂ဧကရှိ အရှေ့ဘက်–မီးရထားလမ်း၊ အနောက်ဘက်–ကားလမ်း၊ တောင်ဘက်ဦးပိုင်၃၅၊ မြောက်ဘက် ခ/၂၈အလားလေးရပ်အတွင်းရှိမြေအား လူနေဂရန်အသစ်ရရှိရန် ဦးသန်းထွန်း ၇/အတန(နိုင်) ၀၁၅၆၅၇၇က လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမှုရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးသန်းထွန်းသို့ မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**အုတ်တွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက (၁)နဝမတန်း (F) မှ ခွန်သိန်းသန်းစိုး၏ မိဘအမည်မှန်မှာ ဦးခွန်သိန်း ၁၃/ကတလ(နိုင်) ၀၁၂၈၃၁-(ဒေါ်နန်းအောင်)တို့ ဖြစ်ကြပါသည်။

## လူပျောက်



အထက်ပါဓာတ်ပုံရှင် မောင်ထက်လင်းကျော်(ခ)ကျော်ကြီး စိတ်ဝေဒနာရှင်သည် ၃၀–၃–၂၀၁၆ရက် ညနေ ၄နာရီတွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါ။

**ဖုန်း–၀၉–၂၅၀၉၉၁၂၉၇၊**
**၀၉–၂၅၀၇၄၈၄၁၇၊**
**၀၉–၄၂၁၀၇၅၂၅၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၆၄(စက်မှု)၊ မြေကွက်အမှတ် ၂၀၊ ဧရိယာ ၁ဒသမ၅၁၉ ဧက၊ မြေကွက်တည်နေရာ အမှတ်(၂၀)၊ လှသီဂီလမ်းနှင့် ဦးဖိုးလှိုင်လမ်းထောင့်၊ ဇုန်(၃)၊ ရွှေပြည်သာ ဦးသက်ဌေး အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးသက်ဌေး ၁၂/ရကန(နိုင်) ၀၆၀၄၄၀မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြ၍ ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် လုပ်ထုံးလုပ်နည်း အဆင့်ဆင့် ဆောင်ရွက်ခဲ့ပြီး ကန့်ကွက်ချက်မရှိခြင်းကြောင့် ဂရန်မိတ္တူ ထုတ်ပေးမည်ဖြစ်ပါသဖြင့် မြေငှားစာချုပ်အမှတ် ရပသ (စက်မှု) (၆၄)၄၅/၂၀၀၁ (၅–၁၀–၂၀၀၁) ရက်စွဲဖြင့် ထုတ်ပေးထားသည့် နှစ်၆၀ မြေငှားစာချုပ် (ဂရန်)စာအုပ်အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


## ကုံးထက်

## ကြက်ဆီထမင်းနှင့် နှင်းပုလဲရေခဲမုန့်

အမှတ် ၁၁၇၅/ခ၊ သုမင်္ဂလာလမ်းမ(၂)၊

ဗြဟ္မစိုရ်လမ်းထောင့်၊ (၆)ရပ်ကွက်၊

တောင်ဥက္ကလာ၊ နန္ဒဝန်ဈေးအနီး


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ–၃၂၉၀၅) ဧရိယာ ၀ဒသမ၀၅၅ဧက၊ ဒေါ်ဇာဇာထွေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၁/၂၀၁၆ (၂၀–၁–၂၀၁၆) ဖြင့် ဒေါ်ဇာဇာထွေး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ငယ်ငယ်ထွေး ၉/ပမန(နိုင်)၁၂၃၂၁၉ (ဘ)ဦးကျော်သန်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## 'ပထမ' နေရာမှ (၄)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း

# ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း
ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် **"ပထမ"** ရရှိသဖြင့်
နိုင်ငံတော်သမ္မတ၏ **'နိုင်ငံ့စွမ်းဆောင်ရည်ဆု'**
နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် **"ပထမဆု"**

၂၀၁၂-၂၀၁၃ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း
ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် **"ပထမ"** ရရှိသဖြင့်
နိုင်ငံတော်သမ္မတ၏ **'အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု'**
နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် **"ပထမဆု"**

၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၇,၀၆၂.၆၆ သန်း
ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် **"ပထမ"** ရရှိသဖြင့်
နိုင်ငံတော်သမ္မတ၏ **'အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု'**
နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် **"ပထမဆု"**

၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၂၂,၀၁၃.၆၁ သန်း
ပေးဆောင်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့်
လုပ်ငန်းရှင် **"ပထမ"** နေရာကို (၄)နှစ်ဆက် ရရှိခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုးတက် ထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

SAMSUNG

Galaxy S7 edge | S7



# Rethink what a phone can do

telenor Special Package
(လစဉ် ၁၀,၀၀၀ ကျပ်ဖြည့်သွင်းရုံဖြင့်)

အခမဲ့ 1 လစဉ် GB Data + 100 လစဉ် mins On Net Call × 3 လ

Capture App: 22 GB Data Storage Space (Free Unlimited Upload / Download Data within 3 months)

SAMSUNG Premium Care
Premium Care စတင်မိတ်ဆက်ခြင်းအထူးခံစားခွင့်
၂၀၁၆ စက်တင်ဘာလ ၃၀ ရက်နေ့ အထိသာ


မတော်တဆ ဖုန်းမျက်နှာပြင်ထိခိုက်မှုရှိလျှင် (အောက်ဖော်ပြပါမှ တစ်ကြိမ် ခံစားခွင့်)
- ဖုန်း ရှေ့မျက်နှာပြင်ကွဲခြင်း အတွက် (ပစ္စည်းခ ၅၀% သာ နှင့် ဝန်ဆောင်ခ အခမဲ့) သို့မဟုတ်
- ဖုန်း ကျောဘက်ကွဲခြင်း အတွက် (ပစ္စည်း နှင့် ဝန်ဆောင်ခ လုံးဝ အခမဲ့)

Quick Service
Delivery Service
VIP Hotline
Loan Set

samsungmobilemyanmar samsungmyanmar samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 8AM to 6PM


Thingyan Water Festival...
Additional Flight
Effective from 9 th April 2016 to 20th April 2016
Yangon - Mandalay, Mandalay - Yangon
DAILY FLIGHT
FLIGHT NO. SECTOR DEPERATURE ARRIVAL
K7 406 Yangon - Mandalay 0700 0825
K7 407 Mandalay - Yangon 0840 1005
from USD 38++
One Way
Limited Seat
Terms & Conditions Apply
we accept: VISA MasterCard MPU
AIR KBZ
FLYING BEYOND EXPECTATIONS
AIR KBZ Limited
Reservation Hot Line: (01) 9670007
No. 147, (5)Quarter, (8½)Mile, Pyay Road, Mayan Gone Township, Yangon.
Office: (01) 9670014~20, (09) 73177805, Facsimile: (01) 662627
Email: info@airkbz.com.mm
:www.facebook.com/AIRKBZ
Mandalay Office
No. 127, Corner of 30th x 65th,
Chan Aye Tharzan Township, Mandalay.
Office: (02) 24861, 62, (09) 974488700, (09) 477121773
Facsimile: (01) 24862


2016 APRIL SAMSUNG DAY
Samsung smart phones နှင့် Tablets တွေဝယ်ယူပြီး နှစ်သစ်ကို ကြိုဆိုကြရအောင်....
ဧပြီ လ (၁)ရက် - (၅)ရက်နေ့အထိ ...
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Power Bank+ Stand + Bluetooth Speaker
Dual Charger
Cable
Water Proof Bag
Samsung Towel
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်
5000 mAh Power bank
Cable
Water Proof Bag
Samsung Towel
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
5000 mAh Power bank
Water Proof Bag
Samsung Towel
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။
ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG

# ၂၀၁၄ – ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက်
# ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီး
# ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ပထမနေရာအား (၄) နှစ်ဆက်တိုက် ရရှိခဲ့သည့်
# ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက်
# ဂုဏ်ယူဝမ်းမြောက်ခြင်း

## ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့်

- ၂၀၁၁ - ၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၆. ၀၁၅) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန်ပထမဆု
- ၂၀၁၂ - ၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၀. ၈၂၇) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၃ - ၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၇. ၀၆၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၄ - ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး ပထမနေရာ (၄) နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း

မြန်မာတစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် (၁၀၀၀) ဦး အနက်မှ **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမ"**နေရာမှ ဝင်ငွေခွန်အများဆုံး (၄) နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသဖြင့် **ဘဏ်ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း** ကို အထူးလေးစားအားကျ၊ အတုယူထိုက်သူ၊ ချီးကျူးဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဂုဏ်ယူစွာ ဖော်ပြအပ်ပါသည်။

Super Seven Stars
Super Seven Stars Company Limited

AS
Asia Standard Group Company Limited




| သက်တမ်း | DATA ပမာဏ | စျေးနှုန်း | အင်တာနက် နှုန်းထား | ဝယ်ယူရန် | |
|---|---|---|---|---|---|
| | | | | USSD Code ဖြင့် | SMS ဖြင့် |
| (၁)ည | 250 MB | ၃၀၀ကျပ် | ၁ကျပ် ပြား ၂၀/MB | *237*1# | 1N to 1332 |
| (၇)ည | 1 GB | ၁၀၀၀ကျပ် | ၁ ကျပ်/MB | *237*2# | 7N to 1332 |
| ညပေါင်း(၃၀) | 4 GB | ၃၂၀၀ကျပ် | ပြား ၈၀/MB | *237*3# | 30N to 1332 |

ညစဉ်ည (၁၁) နာရီမှ နံနက် (၇) နာရီအတွင်း အသုံးပြုနိုင်ပါသည်။

- "ဆွေသဟာ" ရယူထားသည့် GSM/WCDMA (Postpaid နှင့် Pre-paid) အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- Promotion ကာလအတွင်း ညစဉ် ည (၁၁)နာရီ မှ နံနက် (၇)နာရီ အထိ နာရီပေါင်း (၈) နာရီကြာ အသုံးပြုနိုင်ပါမည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အသုံးပြုရန်သတ်မှတ်ထားသော Data ပမာဏ ကုန်သွားပါက ထပ်မံဝယ်ယူ အသုံးပြုနိုင်ပါသည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အင်တာနက်သုံးစွဲခများကို "Dataများနဲ့ည Package"မှသာ ကောက်ယူသွားမည်ဖြစ်ပါသည်။
- ဝယ်ယူထားသောPackageမှအင်တာနက်သုံးစွဲခများကျော်လွန်ပါက ပုံမှန်နှုန်းထားအတိုင်းဆက်လက် ကောက်ယူသွားပါမည်။
- MPT SIM ကဒ် ကို SIM Slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက် ဝန်ဆောင်မှုကို ရရှိနိုင်ပါမည်။

ဆွေသဟာ ရယူရန် "SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်။

* ၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm https://facebook.com/mptofficialpage MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ CALL CENTER 106 (၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဆောက်လုပ်ခွင့်လျှောက်ထားသူများသိရှိစေရန် အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အဦ ဆောက်လုပ်ရန် လျှောက်ထားသည့် မြေရှင်များ၊ လိုင်စင်ရ အင်ဂျင်နီယာများ၊ လိုင်စင်ရကန်ထရိုက်တာများအနေဖြင့် ဌာနမှ အကြောင်းကြားထားသည့် လိုအပ်ချက်စာရွက်စာတမ်းများ လာရောက် ဖြည့်စွက်ခြင်း မရှိသဖြင့် အမှုတွဲများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကြန့်ကြာလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ ၂၀၁၄ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနည်းဥပဒေ ၄(ခ)အရ "လျှောက်လွှာတွင်လိုအပ်ချက်များရှိပါက လာရောက်ဖြည့်စွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ အကြောင်းကြားသည့်နေ့မှ စတင်ရေတွက်ပါက သုံးလပြည့်သည့် နေ့ရက်ထိလာရောက် ဖြည့်စွက်တင်ပြခြင်း မရှိပါက လျှောက်ထားသူ၏ ဆောက်လုပ်ခွင့် အမှုတွဲကို ပယ်ဖျက်နိုင်သည်။" ဟု ပြဋ္ဌာန်းထားပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ ဇွန်လမတိုင်မီက လျှောက်ထားပြီး လိုအပ်ချက်များ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသည့် ဆောက်လုပ်ခွင့်၊ ပြင်ဆင်ခွင့်၊ ဖျက်သိမ်းခွင့် အမှုတွဲများအား ပိတ်သိမ်း၊ ပယ်ဖျက်သွားမည် ဖြစ်ပါသဖြင့် ၂၀၁၆ခုနှစ် မေလ ၃၁ရက်နေ့ နောက်ဆုံးထားပြီး အမှုတွဲတွင် ပါရှိသောစာရွက်စာတမ်းများ ပြန်လည်ထုတ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မြန်မာ့မီးရထား
### လူစီးရထားများ၏ တွဲထိန်းနှင့်တွဲသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားသည် ခရီးသည်ဝန်ဆောင်မှု အဆင့်တိုးမြှင့်နိုင်ရန်အတွက် အောက်ပါ ရထားတွဲဆိုင်းများ၏ တွဲထိန်းနှင့်တွဲသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အဆင့်မြင့်သန့်ရှင်းမှုနှင့် တွဲထိန်းဝန်ဆောင်မှု လုပ်ငန်း လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) **RBE Air - Con မြို့ပတ်ရထားတွဲဆိုင်းများ**

(ခ) **အမှတ်(၃၃)အဆန်(၃၄)အစုန်၊အမှတ်(၅၅)အဆန်(၅၆)အစုန်၊ အမှတ်(၅၇) အဆန်(၅၈)အစုန် လူစီးအမြန်ရထားများ**

၂။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် အဆင့်မြင့်သန့်ရှင်းရေးဝန်ဆောင်မှု ဆောင်ရွက်လိုသည့်ရထားများအတွက် အဆိုပြုဖော်ပြလျက် အောက်ပါ အထောက်အထား၊ အချက်အလက်များနှင့်အတူ မြန်မာ့မီးရထား၊ ဒု-အထွေထွေမန်နေဂျာ (ထောက်ပံ့) ပစ္စည်းထိန်းချုပ်၊ ဗိုလ်တထောင်သို့ ( ၄.၅.၂၀၁၆ )ရက်(၁၆း၀၀)နာရီနောက်ဆုံးထား၍ ပေးပို့ပါရန် ဖိတ်ခေါ်ပါသည်။

(က) ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည် (မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်) သို့ရာတွင် (လုပ်ငန်းကျွမ်းကျင်မှုလိုအပ်ချက်အရ နိုင်ငံခြားကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ

(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ(မိတ္တူပူးတွဲ)

(ဃ) လုပ်ငန်းလိုင်စင်(မိတ္တူပူးတွဲ)

(င) လုပ်ငန်းတည်နေရာ(လိပ်စာအပြည့်အစုံ)

(စ) လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ် (ပူးတွဲဆောင်ရွက်နိုင်မည့် နိုင်ငံခြားကုမ္ပဏီရှိလျှင် ထိုကုမ္ပဏီ၏ အတွေ့အကြုံဖော်ပြရန်)

(ဆ) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား(မိတ္တူပူးတွဲ)

(ဇ) ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ( Conceptual Plan) ပူးတွဲပါ အစီအစဉ်ကို မှီငြမ်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း အောက်ပါ တယ်လီဖုံးနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၀၆၇-၇၇၀၅၄၊ ၀၆၇- ၇၇၁၇၆၊ ၀၁ -၃၈၅၆၄၈ )

၄။ တင်ဒါပုံစံများကိုအောက်ဖော်ပြပါဌာနတွင်(၄.၄.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
(၅၁)လမ်းနှင့်ကုန်သည်လမ်းထိပ် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ဃ/၅၅၁၈၂ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးကိုကို ၁၀/ဘလန (နိုင်)၁၁၃၄၅၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## မသက်ဆိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ ဈေးကုန်းရပ်ကွက်နေ ဦးဘိုအောင်၏ သမီး ကျွန်မ ဒေါ်နန်းယုအောင် ၁/မကတ(နိုင်)၀၆၇၅၇၀နှင့် ဦးလဖိုင်နော်၏သား ဦးမောင်လွင် ၅/ခတန(နိုင်)၀၀၀၅၈၁ တို့သည် လွန်ခဲ့သော ခြောက်နှစ်ခန့်မှအတူတကွ ပေါင်းသင်းနေထိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မနန်းယုအောင်**

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများကို ၂၀၁၆ ခုနှစ် မေ ၁၀ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့် သင်တန်းများ | အခြေခံဘွဲ့ လိုအပ်ချက် | လက်ခံမည့် ဦးရေ |
|---|---|---|---|---|
| (က) | ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာဌာန | M.E(NA) | B.E (NA) (Q) | (၅)ဦး |
| (ခ) | ဆိပ်ကမ်းအင်ဂျင်နီယာဌာန | M.E (PH) | B.E (PH)(Q) | (၅)ဦး |
| (ဂ) | မြစ်ချောင်းနှင့်ကမ်းရိုးတန်း အင်ဂျင်နီယာဌာန | M.E (RC) | B.E(RC) (Q) | (၅)ဦး |

၂။ ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းများနှင့် မိတ္တူများတင်ပြရမည်-

(က) လျှောက်ထားသူများသည် သက်ဆိုင်ရာဘာသာရပ်တွင် မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ခ) မဟာအင်ဂျင်နီယာဘွဲ့သင်တန်းကာလမှာ (၂)နှစ်ဖြစ်ပြီး သင်တန်းကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(ဃ) လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်မှ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူတို့တင်ပြရမည်။

၃။ လျှောက်လွှာပုံစံများကို ၄-၄-၂၀၁၆ ရက် (တနင်္လာနေ့) မှစ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ရယူနိုင်ပြီး ၂၇-၄-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များကို စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၂၉-၄-၂၀၁၆ရက် (သောကြာနေ့)တွင် ထုတ်ပေးမည်ဖြစ်သည်။

၄။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် သန်လျင်(သီလဝါ)၌ ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

| စဉ် | ဘာသာရပ် | အချိန် |
|---|---|---|
| (က) | အင်္ဂလိပ်စာ | ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ |
| (ခ) | သက်ဆိုင်ရာဘာသာရပ် | ၁၃း၀၀နာရီမှ ၁၅း၀၀နာရီထိ |

၅။ လူတွေ့စစ်ဆေးခြင်းခံရမည့်သူများစာရင်းကို ၅-၅-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ကြေညာမည်ဖြစ်ပြီး ၉-၅-၂၀၁၆ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၁၀-၅-၂၀၁၆ရက် (အင်္ဂါနေ့)တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၆။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း ဖုန်း-၀၉-၇၉၈၁၈၄၃၃၂သို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**အချိုရည်စက်ရုံရောင်းမည်**
ကလစ်ဘူးအချိုရည်လုပ်ငန်း
လုပ်ကိုင်လျက် လိုင်စင်ပါရောင်းမည်။
**ဆက်သွယ်ရန်**
ဖုန်း-၀၉-၇၉၉၈၁၄၁၆၃၊
၀၉-၇၉၀၇၀၀၈၂၂

## တနင်္သာရီတိုင်းဒေသကြီး နေ့စားလပေး မူလတန်းပြဆရာ ဆရာမများခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆရာလိုအပ်သည့်ကျောင်းများ၌ နေ့စားလပေးမူလတန်းပြရာထူးနေရာများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အသိအမှတ်ပြု တက္ကသိုလ်/ဒီဂရီကောလိပ်တစ်ခုခုမှ-

(၁) Ph.D ဘွဲ့ရရှိသူများ (အသက် ၄၀နှင့်အောက်)

(၂) (Master) မဟာဘွဲ့ရရှိသူများ(အသက် ၃၅နှစ်နှင့်အောက်)

(၃) (Bachelor) ဘွဲ့ရရှိပြီးသူများ (အသက် ၃၀ နှင့်အောက်)

၂။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်)ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူပူးတွဲတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၆ ခုနှစ် ဇွန် ၃၀ရက်ဖြင့် တွက်ချက်သည်။)

၃။ နေ့စားမူလတန်းပြဆရာဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၄။ နေ့စားဆရာဆရာမအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မူလတန်းပြဆရာအတတ်ပညာ(စာပေးစာယူ)သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး ယင်း သင်တန်းအောင်မြင်ပါက မူလတန်းပြ ဆရာ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်သည်။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ၁-၄-၂၀၁၆ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏ လျှောက်လွှာများကို ၂၂-၄-၂၀၁၆ရက် ညနေ ၄နာရီနောက်ဆုံးထား၍ မိမိတို့လျှောက်လွှာထုတ်ယူခဲ့သော မြို့နယ်ပညာရေးမှူးရုံးများသို့ ပြန်လည်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၃၀-၄-၂၀၁၆ရက်တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ကျင်းပမည်။ အင်္ဂလိပ်၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်းဖြေဆိုရမည်။

၇။ ၁၀-၅-၂၀၁၆ရက်တွင် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို လျှောက်လွှာတင်သွင်းခဲ့သော မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

၈။ ၁၄-၅-၂၀၁၆ရက် နံနက် ၉း၀၀ နာရီတွင် သက်ဆိုင်ရာမြို့နယ်များ၌ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၉။ ၂၅-၅-၂၀၁၆ရက်တွင် ခန့်ထားခံရမည့်သူများစာရင်းကို မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ထားဝယ်မြို့**

## CLAIMS DAY NOTICE
## M.V LORD VISHNU VOY:NO(079)

Consignees of cargo carried by M.V LORD VISHNU VOY:NO(079) are here by notified that the vessel will arrive on about 5-4-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**မိဘအမည်မှန်**

မြိတ်မြို့၊ အထက -၂၊ န၀မတန်း (K)မှ မသွယ်ဇင်စိုး၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်တင့်နှင့်ဒေါ်ရှင်ကြည် ဖြစ်ပါကြောင်း။

**ဦးကျော်တင့်-ဒေါ်ရှင်ကြည်**

## ကမ်းလွန်ရေနံလုပ်ကွက် YWB ၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအတွက် ကြေညာခြင်း

Total Exploration and Production Myanmar (TEPM) သည် YWB ရေနံလုပ်ကွက်တွင် စမ်းသပ်ရှာဖွေရေး အစီအစဉ်အရ ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဧပြီလတွင် ၂၅ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို TEPM နှင့် Artelia Co.,Ltd. တို့ပူးတွဲ၍ လေ့လာပြုစုပြီးဖြစ်ပါသည်။ အဆိုပါအစီရင်ခံစာများအား အောက်ဖော်ပြပါနေရာများတွင် ဖတ်ရှုလေ့လာနိုင်ပါကြောင်း အများပြည်သူများကိုအသိပေးကြေညာအပ်ပါသည်။

* TEPM ၏ အင်တာနက်ဝက်ဘ်ဆိုက် http://www.total.com/fr/dossiers/total-au-myanmar-engagement-et-responsabilite
* TEPM ၏ ရုံးအမှတ် (၅)မြတ်ဆွယ်တော်ရေကန်လမ်း၊ ပန်းပင်ကုန်းရပ်ကွက် (၅)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
* Artelia Co.,Ltd. ၏ ရန်ကုန်ရုံး၊ အမှတ် (၅၃/၆၁)၊ သိမ်ဖြူလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
* ဝန်ကြီးချုပ်ရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်။
* မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
* တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
* ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အမှတ် (၅၉)၊ ဆိပ်ကမ်းသာလမ်း၊ ကြက်စားပြန်ရပ်ကွက်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

အကြံပြုချက်နှင့်သုံးသပ်ချက်များအား EIAFeedback.TEPM@Total.com (သို့မဟုတ်) Charles.bouhelier@artelia-group.com သို့ အီးမေးလ်ဖြင့်သော်လည်းကောင်း(သို့မဟုတ်) ရန်ကုန်မြို့ရှိ Artelia ရုံးသို့ တိုက်ရိုက်ပေးပို့၍သော်လည်းကောင်း ၂၀၁၆ ဧပြီ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။


AMERICAN VISION
PROFESSIONAL EYE CARE CENTER
မျက်စိနှင့်မျက်မှန်ကိစ္စအားလုံး တစ်နေရာတည်းနှင့်ပြီးပြည့်စုံတဲ့
မူလပထမ အမေရိကန်ဗွီးရှင်း
နွေရာသီ Sunglasses Promotion အထူးအစီအစဉ်
ခရမ်းလွန်ရောင်ခြည် (UV Ray) များကိုရာနှုန်းပြည့်ကာကွယ်ပေးသော ကမ္ဘာကျော် BRANDED နေကာမျက်မှန်ဝယ်ယူသူတိုင်းအတွက်
SUMMER SALE
နှစ်ပေါင်း (23) နှစ်တိုင်အောင် ယုံကြည်စိတ်ချစွာဖြင့် အစဉ်တစိုက် ဝယ်ယူအားပေးမှုများအား အမေရိကန်ဗွီးရှင်းမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။
1st pair... 10% discount
2nd pair... 20% discount
3rd pair... 30% discount
+ လက်ဆောင်တွေလည်း ထပ်ပေးဦးမှာနော်။
only until 30.4.2016
ကမ္ဘာကျော် Branded မျက်မှန်ကိုင်းမျိုးစုံ အစစ်အမှန်တွေကို တစ်နေရာတည်းမှာအစုံအလင်ရွေးချယ်ဝယ်ယူနိုင်ပါပြီ။
AMERICAN VISION ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့အရပဲသွားလိုက်ကြစို့သူငယ်ချင်းတို့ ။
YGN: (01) 242476, 203465, 516733, 539604, (09) 8627445.
MDY: (02) 35588, 32053, NPT: (067) 432393
သင်၏မြင်ကွင်းများအား တိကျမှန်ကန်စွာဖြင့်အကောင်းဆုံးပြန်လည်ရရှိစေရန် နောက်ဆုံးပေါ် ကမ္ဘာ့ခေတ်မီ ခွဲစိတ်၊ စမ်းသပ် စက်သစ်ကြီးများစုံလင်စွာရှိပြီး မျက်စိနှင့်ပတ်သက်သည့်ရောဂါမျိုးစုံအား အတွေ့အကြုံရင့်ကျက်သော မျက်စိအထူးကုဆရာဝန်ကြီးများကိုယ်တိုင် စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးနေသော အမေရိကန်ဗွီးရှင်းမှာမှ စိတ်ချရမယ်နော်။


SAMSUNG
Galaxy J SERIES
ပိုကောင်းတဲ့ စမတ်ဖုန်း
5.0"
4.5"
SAMSUNG Galaxy J3 6
SAMSUNG Galaxy J1 6
စိုပြေတောက်ပသော Super AMOLED မျက်နှာပြင်
Pro mode ပါဝင်သည့်စွမ်းဆောင်ရည်မြင့်ကျောဘက်ကင်မရာ
စွမ်းဆောင်ရည်မြင့် Processor
DUAL SIM
မဲဖွင့်လက်ဆောင် 16GB Micro SD Card
MPT
Galaxy J3
Galaxy J1
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center 01 2399 888 (Mon-Sun) 8AM to 6PM


၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်၊ ပုဂ္ဂလိကကျောင်းအားလုံးတွင် မင်္ဂလာဒုံတစ်မြို့နယ်လုံး ပထမ၊ မြောက်ပိုင်းတစ်ခရိုင်းလုံး ဒုတိယ
Since 1996
ပုလဲ
ဆရာဝန်များဦးစီးသော စံပြဘော်ဒါ နှင့် (၅တန်းမှ ၁၀တန်း) ကိုယ်ပိုင်အထက်တန်းကျောင်း
ဆိတ်ငြိမ် ခြံဝန်းကျယ်အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။
ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ၊
(၁၀) တန်းဗိုလ်တို့ဆရာဝန်ဖြစ်ရန်လေ့ကျင့်ခဲ့သည့်အတိုင်းဂုဏ်ထူးထွက်အောင်မြင်စေရန် လေ့ကျင့်ပေးသည်
(၈) တန်းအစိုးရစစ် အတွက်လည်း အထူးလေ့ကျင့်ပေးသည်။
ဘွဲ့ရအဆောင်မှူး/Guide နှင့် လယ်/ထက်(ဘာသာပြ) များအလိုရှိသည်
(၉) တန်းအထူး – သင်ရိုးကုန်သင်ပေး၍နှစ်ဝက်မှစ၍ (၁၀) တန်းစာပါထပ်ဆောင်းကြိုသင်ပေးပါသည်။
(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်းကျောင်းတွင်း ပထမဆုရကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေး အခမဲ့ပို့ဆောင်ပေးသည်။
အမှတ် (၇၇) ၄ဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း – ၀၉ ၅၁၅၈၈၅၁ ၊ ၀၉ ၇၁၂၉၉၇၂၆။
၂၀၁၅ တက္ကသိုလ်ဝင် ဆုရကျောင်းသား/သူများ
ပုလဲစံပြ
ဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း
သင့်တင့်သော သင်တန်းကြေး
ကျောင်းဆုပေးပွဲ (MCC)ခန်းမ
ကျောင်းလေ့လာရေးခရီး
ကျောင်းပဒေသာကပွဲ
ကျောင်းအားကစားပြိုင်ပွဲ

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/7848 HINO XZU 4/2 LIGHT TRUCK(4×2)Rယာဉ်လက်ဝယ်ရှိသူ Bagan Business Group Trading Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**


**ချာချီးယား ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-681 9020
09-510 1862






* တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်အောင်မြင်ဖို့
* အင်္ဂလိပ်စာ ဘာသာရပ်နှင့်ထိတွေ့နေသမျှအသုံးတည့်၊အသုံးချတတ်ဖို့
* Unit တစ်ခုချင်းကို တစ်ကြောင်းချင်း Grammar များအား ခွဲခြမ်းစိတ်ဖြာ ရှင်းလင်းချက်များနှင့် –

ကျောင်းသားအများဆောင်
**ရွှေလက်ဆောင်**

**တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ သင်ရိုး**

**ဖတ်စာလမ်းညွှန်** ထွက်နေပြီ

ဆရာဦးဉာဏ်ဝင်းထက် (စာပေဗိမာန်)

**သုရဿ** ထွက်ပြီ မဂ္ဂဇင်း

မြန်ရိုးရေး ပညာရှေ့တောင် ၀၁-၂၅၀၆၃၀

၂၀၁၆၊ မေလ
အတွဲ(၁၆)အမှတ်(၅)

**ယုဇနပလာဇာအနီး တာမွေဆိုင်ခွဲကို**

စိန်ရွှေရတနာဆိုင်

"ဖွင့်လှစ်လိုက်ပါပြီ"

မိတ်ဟောင်းမိတ်သစ်များအား အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်...

No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊
သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။
Ph: 09-450000451, 09-450000452








Hot Fare has limited availability, until sold out. Hot Fare is one way Economy Starter fare (including airport taxes and fees) with 7kg carry-on baggage only. Baggage fees apply. *Passengers must satisfy all criteria to be able to sit in the first or emergency exit rows and will be subject to Jetstar and industry safety requirements. Other conditions apply. For more details, visit jetstar.com. Selected travel periods and seat availability apply. Availability is limited (not available on all flights, school holidays and weekends). Conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဃ/၆၈၄၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (နေပြည်တော်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၅၃၇၈၁ Honda Wave 100 ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးတင်အေး ၁၀/ခဆန(နိုင်)၀၄၈၈၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၂ယ/၉၃၈၂ Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန္ဒာထူး ၈/မကန(နိုင်)၂၆၆၃၇၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

# ပြည်သူ့နှလုံးသည်းပွတ်တို့၏ တစ်ကျော့ပြန်ရွှေခေတ် ခရီးသစ်စတင်ခဲ့ပြီ

စာမျက်နှာ-၁၀




၂၀၁၅ ခုနှစ်အတွက် နက္ခတ်မှားတဲ့တိုက်ပွဲဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရ နေတိုး ဆုလက်ခံယူစဉ်



၂၀၁၄၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်၊ ဇာတ်ပို့ဆုရ အမျိုးသမီးသရုပ်ဆောင် ဝတ်မှုန်ရွှေရည်၊ ခိုင်သင်းကြည်၊ ဖွေးဖွေးနှင့် တက္ကသိုလ်ဝွမ်းပုံတို့အား ဆုယူအပြီးတွေ့ရစဉ်

# ပရိသတ်ဆန္ဒနှင့် တစ်ထပ်တည်းကျခဲ့သည့် အကယ်ဒမီဆုရှင်များ၏ စကားသံများ



ဝတ်မှုန်ရွှေရည် (၂၀၁၄ ခုနှစ် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု)

**အမေး/အရေး-မောင်မောင်မြင့်ဆွေ၊ မြင့်စိုး၊ ထင်ပေါ်ဝင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၃**

နိုင်ငံတစ်ဝန်းမှ ရုပ်ရှင်ပရိသတ်များ မျှော်လင့်ရင်ခုန်နေကြသည့်ပွဲ။ အနုပညာငွေကြယ်ပွင့်တို့ကလည်း ပရိသတ်များနှင့်အတူ စိတ်လှုပ်ရှားနေသည့် အကယ်ဒမီ ညချမ်းဖြစ်ရာ ပရိသတ်တို့၏ ဆန္ဒနှင့်ရလဒ် တစ်ထပ်တည်း ကျ၊ မကျ ကြိုတင်ရင်မောခဲ့ရသည့် အကယ်ဒမီဆုချီးမြှင့်ပွဲ။

ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ မြန်မာအီးဗင်းပတ်၌ မတ် ၃ ရက် ညနေ ၅ နာရီမှ စတင်ကာ အကယ်ဒမီဆုချီးမြှင့်ပွဲကျင်းပခဲ့သည်။ ယခုနှစ်အကယ်ဒမီဆုချီးမြှင့်ပွဲက ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့အတွက် စုပေါင်းပေးအပ်ခြင်းဖြစ်ရာ ထူးခြားသည့်အကယ်ဒမီဆုချီးမြှင့်ပွဲကို တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ပရိသတ်များ ရုပ်မြင်သံကြားရှေ့ထိုင်ရာ စောင့်မျှော်ကြည့်ရှုအားပေးခဲ့ကြသည်။ ပရိသတ်တို့ ကြိုတင်မျှော်မှန်းထားသော ရုပ်ရှင်အနုပညာရှင်အချို့ အကယ်ဒမီဆုရရှိသွားခဲ့သလို မမျှော်လင့်ထားသည့် အနုပညာရှင်အချို့လည်း အကယ်ဒမီဆုကို ကိုင်မြှောက်အောင်ပွဲခံခဲ့ကြသည်။

အကယ်ဒမီဆုချီးမြှင့်ပွဲတွင် အကောင်းဆုံးသရုပ်ဆောင်ဆု ရရှိဆွတ်ခူးသွားခဲ့သော ရုပ်ရှင်အကယ်ဒမီဆုရှင်တို့၏ ရင်ခုန်သံစဉ်များကို တွေ့ဆုံမေးမြန်းခဲ့ရာ-

*စာမျက်နှာ ၈ ကော်လံ ၁* ❖



ဒါရိုက်တာဝိုင်း (၂၀၁၅ ခုနှစ် အကောင်းဆုံး ဒါရိုက်တာဆု)

